The Commerce Journal
စီးပွားရေးသတင်းဂျာနယ်
http://www.commercejournal.com.mm
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL. 24, NO. 8 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | July 1, 2024



# အသေးစား၊ အငယ်စား၊ အလတ်စား
# စီးပွားရေးလုပ်ငန်းများ

23 ➤

## လျှပ်စစ်ကား၊ ဝက်သားနဲ့ ကုန်သွယ်မှု

3 ➤

## ယခု ဘဏ္ဍာနှစ်အတွင်း တောင်သူများကို ငွေကျပ် ဘီလီယံ ၃၀ ကျော် ထုတ်ချေးရန် လျာထား

20 ➤

## IPO အခြေခံ သဘောတရားများ

29 ➤



ကောမတ်စ် ပုံနှိပ်လုပ်ငန်း
အောက်ပါလုပ်ငန်းများကိုလက်ခံဆောင်ရွက်ပေးနေပါသည်။
Pamphlets, Calendar(Table/Wall)
Visiting Card, Company Letter Head
File Holder, Business Cards
Certificates Labels, Voucher, Book,
Catalouges, Postcards, Envelopes, Journal
No.240(A), Upper Pazundaung Road, Setsan, Mingala Taung Nyunt Tsp:
Ph:09 43034879, 09 795679800

# ဝါးတန်းဆန်စပါးကုန်စည်ဒိုင်


## ဆန်စပါးကုန်စည်ဒိုင် ဝါးတန်း၏ ၂၀၂၄ ခုနှစ်အတွင်း လအလိုက်ဖြစ်ပေါ်နေသော ပြည်တွင်း ဆန်တစ်အိတ်ဈေးနှုန်း နှိုင်းယှဉ်ချက်

ရန်ကုန်တိုင်းဒေသကြီး မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းရှင်များအသင်း၊ ဆန်စပါး ကုန်စည်ဒိုင် ဝါးတန်း၏ ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် ပေါ်ဆန်း ဆန်တစ်အိတ် ဈေးနှုန်းမှာ ကျပ် ၁၀၀၀၀၀ မှ ဇူလိုင်လတွင် ကျပ် ၁၂၀၀၀၀ ခွဲနီဆန်တစ်အိတ် ဈေးနှုန်းမှာ ဖေဖော်ဝါရီလတွင် ကျပ် ၉၃၀၀၀ မှ ဇူလိုင်လတွင် ကျပ် ၁၀၄၀၀၀၊ ဧည့်မထဆန်တစ်အိတ် ဈေးနှုန်း ဇန်နဝါရီလတွင် ကျပ် ၇၂၀၀၀ မှ ဇူလိုင်လတွင် ကျပ် ၇၈၀၀၀၊ ငစိန်ဆန်တစ်အိတ် ဈေးနှုန်းမှာ ဇန်နဝါရီလတွင် ကျပ် ၆၈၀၀၀ မှ ဇူလိုင်လတွင် ကျပ် ၇၅၀၀၀ ဈေးအသီးသီးရှိကြောင်း သိရသည်။

**ဓာတ်မြစ်။ ဆန်စပါး ကုန်စည်ဒိုင် (ဝါးတန်း)၏ ၁. ၇. ၂၀၂၄ ရက်နေ့တွင် ဖြစ်ပေါ်နေသည့် ဆန်ဈေးနှုန်းများ၏ အမြင့်ဆုံးဈေးနှုန်းများအား ကာလတူ နှိုင်းယှဉ်ထားခြင်းဖြစ်ပါသည်။**

ရေတွက်ပုံ- အိတ်/ကျပ်

| စဉ် | | ပေါ်ဆန်း | ခွဲနီရှယ် | ဧည့်မထ | ငစိန် |
|---|---|---|---|---|---|
| ၁ | ဇန်နဝါရီ | ၁၀၀၀၀၀ | | ၇၂၀၀၀ | ၆၈၀၀၀ |
| ၂ | ဖေဖော်ဝါရီ | ၁၁၀၀၀၀ | ၉၃၀၀၀ | ၈၄၀၀၀ | ၇၀၀၀၀ |
| ၃ | မတ် | ၁၁၀၀၀၀ | ၉၃၀၀၀ | ၈၄၀၀၀ | ၇၀၀၀၀ |
| ၄ | ဧပြီ | ၁၁၀၀၀၀ | ၉၃၀၀၀ | ၈၀၀၀၀ | ၇၂၀၀၀ |
| ၅ | မေ | ၁၁၀၀၀၀ | ၉၃၀၀၀ | ၇၈၀၀၀ | ၇၂၀၀၀ |
| ၆ | ဇွန် | ၁၂၈၀၀၀ | ၁၀၅၀၀၀ | ၈၀၀၀၀ | ၇၃၀၀၀ |
| ၇ | ဇူလိုင် | ၁၂၀၀၀၀ | ၁၀၄၀၀၀ | ၇၈၀၀၀ | ၇၅၀၀၀ |





# ရော်ဘာပြည်ပပို့ကုန်ဈေးနှုန်း

## မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း၏ ၂၀၂၄ ခုနှစ် လအလိုက် ဖြစ်ပေါ်နေသော ရော်ဘာပြည်ပပို့ကုန် တစ်တန်ဈေးနှုန်း နှိုင်းယှဉ်ချက်

ရေတွက်ပုံ-တန်/ဒေါ်လာ

| | RSS-1 | RSS-2 | RSS -3 | RSS -4 | RSS-5 |
|---|---|---|---|---|---|
| ဇန်နဝါရီ | ၁၅၀၀ | ၁၄၅၀ | ၁၄၀၀ | ၁၃၅၀ | ၁၃၀၀ |
| ဖေဖော်ဝါရီ | ၁၅၅၀ | ၁၅၀၀ | ၁၄၅၀ | ၁၄၀၀ | ၁၃၅၀ |
| မတ် | ၁၅၅၀ | ၁၅၀၀ | ၁၄၅၀ | ၁၄၀၀ | ၁၃၅၀ |
| ဧပြီ | ၁၅၅၀ | ၁၅၀၀ | ၁၄၅၀ | ၁၄၀၀ | ၁၃၅၀ |
| မေ | ၁၅၅၀ | ၁၅၀၀ | ၁၄၅၀ | ၁၄၀၀ | ၁၃၅၀ |
| ဇွန် | ၁၆၅၀ | ၁၆၀၀ | ၁၅၅၀ | ၁၅၀၀ | ၁၄၅၀ |
| ဇူလိုင် | ၁၆၅၀ | ၁၆၀၀ | ၁၅၅၀ | ၁၅၀၀ | ၁၄၅၀ |




ရန်ကုန်တိုင်းဒေသြကီး မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ အသင်း၏ ၂၀၂၄ ခုနှစ် လအလိုက်ဖြစ်ပေါ်နေသော ပြည်ပရော်ဘာကာလတူ ဈေးနှုန်းများနှိုင်းယှဉ်ရာတွင် RSS-1 တစ်တန်ဈေးမှာ ဇန်နဝါရီလတွင် ဒေါ်လာ ၁၅၀၀ မှ ဇူလိုင်လတွင် ဒေါ်လာ ၁၆၅၀၊ RSS -2 တစ်တန်ဈေးမှာ ဇန်နဝါရီလတွင် ဒေါ်လာ ၁၄၅၀ မှ ဇူလိုင်လတွင် ဒေါ်လာ ၁၆၀၀၊ RSS-3 တစ်တန်ဈေးမှာ ဇန်နဝါရီလတွင် ဒေါ်လာ ၁၄၀၀ မှ ဇူလိုင်လတွင် ဒေါ်လာ ၁၅၅၀၊ RSS -4 တစ်တန်ဈေးနှုန်းမှာ ဇန်နဝါရီလတွင် ဒေါ်လာ ၁၃၅၀ မှ ဇူလိုင်လတွင် ဒေါ်လာ ၁၅၀၀၊ RSS -5 တစ်တန်ဈေးနှုန်းမှာ ဇန်နဝါရီလတွင် ဒေါ်လာ ၁၃၀၀ မှ ဇူလိုင်လတွင် ဒေါ်လာ ၁၄၅၀ ဈေးအသီးသီးဈေးငြိမ်နေကြောင်း တွေ့ရှိရသည်။

**ဓာတ်မြစ်။ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း၏ ၁. ၇. ၂၀၂၄ ရက်နေ့တွင် ဖြစ်ပေါ်နေသည့် ရော်ဘာများ၏ အမြင့်ဆုံးဈေးနှုန်းများအား ကာလတူနှိုင်းယှဉ်ထားခြင်းဖြစ်ပါသည်။**

# ဝယ်လိုအားကောင်းနေသော ကွမ်းသီးနုဈေးကွက်

ယခုမိုးရာသီတွင် မွန်ပြည်နယ်ထွက်ကွမ်းသီးနုများ ဝယ်လိုအားကောင်းနေကြောင်း မွန်ပြည်နယ် ကွမ်းသီးနု လုပ်ငန်းရှင်များထံမှ သိရှိရသည်။ ယခင်က ကွမ်းသီးကို နေလှန်းအခြောက်ခံပြီး ကွမ်းယာ၌ ထည့်စားရန်သာ အသုံး ပြုကြသည်။ ယခုအခါ ကွမ်းသီးနုများကို ပေါင်းခံ၍ ကွမ်းသီးနုပေါင်းပြုလုပ်ကာ ကွမ်းယာအစားထိုးအဖြစ် စားသုံး လာကြသည်။ ကွမ်းသီးနု ပေါင်းကို ပြည်တွင်း၌ ရောင်းချခြင်းအပြင် တရုတ်နိုင်ငံသို့လည်း တင်ပို့ရောင်းချရန် ရည် ရွယ်ထားကြောင်း သိရသည်။

ယခုနှစ်တွင် ကွမ်းသီးနု တစ်ပိဿာလျှင် ကျပ် ၇၅၀၀ ဈေးနှုန်းရှိကြောင်း၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်း ဒေသကြီးတို့မှ ဝယ်ယူစုဆောင်းရကြောင်း၊ အဆိုပါ ကွမ်းသီးနုများကို မွန်ပြည်နယ်နှင့် ပဲခူးရှိ ကွမ်းသီးနုပေါင်း စက်ရုံတွင် ကွမ်းသီးနုပေါင်း ပြုလုပ်ကြောင်း ကွမ်းသီးနုပေါင်း စက်ရုံလုပ်ငန်းရှင်ထံမှ သိရှိရသည်။ ယခင်နှစ်က ကွမ်းသီးနုပေါင်း တစ်ကီလိုလျှင် ကျပ် ၁၄၀၀၀ ဝန်းကျင်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခုနှစ် တွင် ကွမ်းသီးနုပေါင်း တစ်ကီလိုလျှင် ကျပ် ၃၀၀၀၀ ဝန်းကျင်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရှိရသည်။

မိုးမိုး (မွန်)


# ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်ကုန်စည်ဒိုင်၏ ပဲမျိုးစုံ ပြည်တွင်းတစ်တန်ဈေးနှုန်းများ

ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်ကုန်စည်ဒိုင်၏ ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ် ဇွန်လ ၂၈ ရက်နေ့တွင်ဖြစ်ပေါ်နေသည့် ပဲမျိုးစုံ ပြည်တွင်းတစ်တန်ဈေးနှုန်းများ နှိုင်းယှဉ်ရာ၌ မတ်ပဲတစ်တန် ဈေးနှုန်းမှာ ၂၀၂၃ ခုနှစ်တွင် ကျပ် ၂၁၈၅၀၀၀ ရှိရာမှ ၂၀၂၄ ခုနှစ်တွင် ကျပ် ၃၃၇၀၀၀၀ သို့ လည်း ကောင်း၊ ပဲတီစိမ်း တစ်တန်ဈေး နှုန်းမှာ ၂၀၂၃ ခုနှစ်တွင် ကျပ် ၁၆၃၅၁၀၀ ရှိရာမှ ၂၀၂၄ ခုနှစ်တွင် ကျပ် ၂၀၉၄၄၀၀ သို့လည်းကောင်း၊ ပဲစင်းငုံ တစ်တန်ဈေးနှုန်းမှာ ၂၀၂၃ ခုနှစ်တွင် ကျပ် ၂၉၀၀၀၀၀ ရှိရာမှ ၂၀၂၄ ခုနှစ်တွင် ကျပ် ၄၅၇၀၀၀၀ သို့လည်းကောင်း ကုလားပဲအနေဖြင့် ၂၀၂၃ ခုနှစ်တွင် ကျပ် ၂၇၀၆၈၀၀ ရှိရာမှ ၂၀၂၄ ခုနှစ်တွင် ကျပ် ၂၇၅၅၈၀၀ သို့လည်းကောင်း အသီးသီး ဈေးမြင့် တက်သွားသည်ကို တွေ့ရှိရသည်။

လက်ရှိတွင် အိန္ဒိယအစိုးရ နိုင်ငံခြားကုန်သွယ်မှုအထွေထွေညွှန်ကြားမှုဦးစီးဌာနက မတ်ပဲ နှင့် ပဲစင်းငုံတို့ကို လွတ်လပ်စွာတင်သွင်းခွင့် မူဝါဒကို ၂၀၂၅ ခုနှစ် မတ် ၃၁ ရက်အထိ သက်တမ်းတိုး လိုက်သည့်အတွက် မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့လျက်ရှိသော ပဲစင်းငုံနှင့် မတ်ပဲများ အတွက် ဈေးကွက်အခွင့်အလမ်းများ ဆက်လက်ရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

တောင်သူများအနေဖြင့် ပဲမျိုးစုံများအနက် မတ်ပဲနှင့် ပဲစင်းငုံတို့အား စီးပွားဖြစ်ပိုမိုတိုးချဲ့စိုက် ပျိုးသင့်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

**ဓာတ်မြစ်။ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်တို့၏ ဇွန်လ ၂၈ ရက်နေ့တွင် ဖြစ်ပေါ်နေသည့် ပဲမျိုးစုံများ၏အမြင့်ဈေးနှုန်းများအား ကာလတူနှိုင်းယှဉ်ထားခြင်းဖြစ်ပါသည်။**



# v|ypfpfum;? 0ufom;eJU ukefoGfl

အောင်နိုင်ဦး (မွန္တလေး)

ဒီရက်ပိုင်းတွေအတွင်းမှာ ကမ္ဘာ့ကုန်သွယ်မှုကစားကွင်းမှာ အင်အားကြီးတွေ အားပြိုင်မှုတွေနဲ့ ထူးခြားနေပါတယ်။

တရုတ်နိုင်ငံက ထုတ်လုပ်တင်ပို့တဲ့ လျှပ်စစ်ကား (Electric Vehicle-EV) တွေအပေါ် ဥရောပသမဂ္ဂ (EU) က အကောက်ခွန်နှုန်းတွေ ယာယီမြှင့်တင်မယ်လို့ ဇွန် ၁၂ ရက်က ကြေညာလိုက်ပါတယ်။ BYD ပေါ် ၁၇ ဒသမ ၄ ရာခိုင်နှုန်း Geely အပေါ် ၂၀ ရာခိုင်နှုန်းနဲ့ SIAC အပေါ် ၃၈ ဒသမ ၁ရာခိုင်နှုန်းအထိ မြှင့်တင်လိုက်တာပါ။ EU ရဲ့ အဆိုအရ တရုတ်နိုင်ငံရဲ့ EV ထုတ်လုပ်တင်ပို့မှုတွေဟာ အစိုးရရဲ့ မမျှတတဲ့ ထောက်ပံမှုတွေကြောင့် အကျိုးအမြတ်တွေရခဲ့တယ် (Benefit from unfair subsidisation) လို့ ဆိုပါတယ်။ အဲ့လို ထောက်ပံမှုတွေဟာ EU ရဲ့ EV ထုတ်လုပ်သူတွေကို ထိခိုက်စေမယ့် ခြိမ်းခြောက်မှု (Threat of economic injury) ဖြစ်တယ်။ ဒီကိစ္စအပေါ် EU က ယခင်နှစ် အောက်တိုဘာကစပြီး လိုအပ်တဲ့ စုံစမ်းစစ်ဆေးမှုတွေ လုပ်ခဲ့တယ်။ တရုတ်အစိုးရနဲ့ ညှိနှိုင်းရာမှာလည်း ထိရောက်တဲ့အဖြေမထွက်ခဲ့ပါ။ ဒါကြောင့် အကောက်ခွန်မြှင့်တင်မှုယာယီအစီအစဉ်ကို ဇူလိုင်လ ၄ရက်နေ့မှာ စတင်မှာဖြစ်ပြီး နောက်လေးလအကြာမှာ အပြီးသတ် ဆုံးဖြတ်ပြီး ဆက်လက်ဆောင်ရွက်မှာဖြစ်တယ်လို့ ထုတ်ပြန်ကြေညာလိုက်ပါတယ်။

ဒီကိစ္စအပေါ် တရုတ်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အကျိုးအကြောင်းမဲ့တရား လက်လွတ်ဆောင်ရွက်ချက်လို့ တုံ့ပြန်လိုက်ပြီး EU ရဲ့ ကိုယ်ကျိုးစီးပွား ကာကွယ်ရေး လုပ်ဆောင်ချက် (Protectionist Act) ဖြစ်တယ်။ မျှတတဲ့ယှဉ်ပြိုင်မှုကို ပျက်ယွင်းစေတယ်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး (WTO) စည်းမျဉ်းတွေကို ချိုးဖောက်တယ်။ ကုန်သွယ်ရေးပွတ်တိုက်မှုကို မြင့်မား စေမယ်လို့ ထုတ်ဖော်ပြောကြားလာပါတယ်။ ၂၀၂၃ ခုနှစ်အတွင်း တရုတ်နိုင်ငံက EU နိုင်ငံများထံ EV စီးရေ ၄၈၂၀၀၀ ကျော်တင်ပို့ခဲ့တယ်။ တင်ပို့မှုဟာ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၅ ဘီလီယံ တန်ဖိုးရှိပြီး တရုတ် EV တင်ပို့စုစုပေါင်းရဲ့ ၄၅ရာခိုင်နှုန်း၊ EU က EV တင်သွင်းမှုရဲ့ ၃၇ရာခိုင်နှုန်း ရှိခဲ့တာကြောင့် နှစ်ဖက်လုံးအတွက် အလေးပေးရမယ့် ကုန်သွယ်မှုဖြစ်နေတာ တွေ့ရပါတယ်။

ဇွန် ၁၇ ရက်မှာတော့ တရုတ်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက တရုတ်နိုင်ငံကို တင်ပို့နေတဲ့ EU ရဲ့ ဝက်သားတင်ပို့မှုအပေါ် တန်ပြန်တင်ပို့မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှု (Anti-dumping Investigation) စတင်မယ်လို့ ထုတ်ပြန်ကြေညာပါတယ်။ ဝက်သားလို့ဆိုရာမှာ အသားတင်မက အေးခဲ/အအေးခံဝက်သား၊ ဝက်ကလီစာ၊ ဝက်ဆီ စတာတွေ (ဝက်တစ်ကောင်လုံးက စားလို့ရတဲ့ အစိတ်အပိုင်းတွေ) အားလုံး အကျုံးဝင်တယ်လို့ ဆိုပါတယ်။ စုံစမ်းစစ်ဆေးမှုကို တရုတ်တိရစ္ဆာန်မွေးမြူရေးအသင်း (China Animal Agriculture Association) က EU ဝက်သားတွေကြောင့် သူတို့ထိခိုက်နေကြောင်း လျှောက်ထားမှု ကြောင့် ဆောင်ရွက်တာဖြစ်ပါတယ်။ စုံစမ်းစစ်ဆေးမှုကို တရုတ်နိုင်ငံရဲ့ ဥပဒေ၊ WTO စည်းမျဉ်းများနဲ့အညီ ဆောင်ရွက်မယ်၊ စုံစမ်းစစ်ဆေးမှုကို တစ်နှစ်အတွင်း ပြီးအောင် ဆောင်ရွက်မယ်လို့ ကြေညာသွားပါတယ်။ EU က တရုတ်နိုင်ငံကို ဝက်သားတင်ပို့မှုက တစ်နှစ် အမေရိကန်ဒေါ်လာ ၃ ဘီလီယံလောက်ရှိပါတယ်။

WTO စည်းမျဉ်းများရဲ့ အဓိက အခြေခံမူကတော့ မျှတသောကုန်သွယ်မှု (Fair Trade) ဖြစ်ပါတယ်။ ကုန်သွယ်မှုမျှတစေဖို့အတွက် စည်းမျဉ်းတွေ (Rules) နဲ့ ထိန်းကျောင်းတာ ဖြစ်ပါတယ်။ အဓိကအားဖြင့် သွင်းကုန်တင်သွင်းမှုမှာ မျှတမှု မပျက်ယွင်းစေဖို့ သဘောတူညီချက်တွေ (Agreements) ကို အဖွဲ့ဝင်တွေက လိုက်နာရပါတယ်။ ထုတ်ကုန်တင်ပို့တဲ့နိုင်ငံဟာ မိမိကုန်ပစ္စည်းကို တစ်ဖက်နိုင်ငံ ဈေးကွက်မှာ အသာစီးရအောင် အစိုးရကထောက်ပံ (Subsidise) ပေးပြီး ထုတ်လုပ်တာကို တင်သွင်းတဲ့နိုင်ငံက စုံစမ်းဖော်ထုတ်တွေ့ရှိရင် Countervailing Measure အနေနဲ့ အဆိုပါ ကုန်စည်အပေါ် အကောက်ခွန်နှုန်း မြှင့်တင်ကောက်ခံခွင့်ရှိပါတယ်။ တရုတ် EV တွေအပေါ် EU က ဒီစည်းမျဉ်းကို ကျင့်သုံးလိုက်တာဖြစ်ပါတယ်။

ကုန်ပစ္စည်းထုတ်လုပ်တင်ပို့တဲ့ နိုင်ငံတစ်ခုက ထုတ်ကုန်တစ်ခုခုကို မိမိနိုင်ငံအတွင်း ထုတ်လုပ်မှုကုန်ကျစရိတ်ထက် လျှော့ချပြီး အခြားနိုင်ငံကိုတင်ပို့တာကို စုပုံတင်ပို့ခြင်း (Dumping) လို့ သတ်မှတ်ပါတယ်။ ဒီလိုလုပ်တာကို တင်သွင်းတဲ့နိုင်ငံက စိစစ်ဖော်ထုတ်နိုင်ရင် တန်ပြန်ဆောင်ရွက်မှု (Anti-dumping Measure) ကျင့်သုံးခွင့် ရှိပါတယ်။ အကောက်ခွန်နှုန်း မြှင့်တင်ကောက်ခံခွင့်ရှိပါတယ်။ EU ဝက်သားတွေအပေါ်မှာ တရုတ်အစိုးရက ဒီနည်းလမ်းနဲ့ တုံ့ပြန်ဖို့ ပြင်ဆင်လာတာဖြစ်ပါတယ်။

တကယ်တော့ ဒီပွဲက Countervailing နဲ့ Anti-dumping ကို WTO စည်းမျဉ်းများအရ ဆောင်ရွက်ကြတာဖြစ်ပေမယ့် နောက်ဆုံးမှာတော့ WTO ရဲ့ ကုန်သွယ်မှုအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ (Dispute Settlement Body) မှာပဲ အဆုံးသတ်ဖွယ်ရှိမယ်လို့ သုံးသပ်မိပါတယ်။

# မူပိုင်ခွင့်ဆိုင်ရာ စေ့စပ်ဖြေရှင်းခြင်း (မိတ်ဆက်)

စေ့စပ်ဖြေရှင်းခြင်းဆိုသည်မှာ အငြင်းပွားမှုကိုအခြားနည်းဖြင့် ဖြေရှင်းခြင်းနည်းစနစ်များထဲမှ နည်းစနစ်တစ်ခုဖြစ်ပြီး ထိရောက်သော နည်းလမ်းတစ်ခုဖြစ်သည်။ အငြင်းပွားမှုကို အခြားနည်းဖြင့် ဖြေရှင်းခြင်း (Alternative Dispute Resolutions-ADR) ဆိုသည်မှာ ထုံးတမ်းစဉ်လာ တရားရုံး လုပ်ထုံးလုပ်နည်းများမှလွဲ၍ အငြင်းပွားမှုဖြေရှင်းရေး လုပ်ငန်းစဉ်များအားလုံးကို ရည်ညွှန်းပြီး Negotiation၊ Conciliation/ Mediation၊ Mini-trial၊ Expert Appraisal Arbitration၊ Early Neutral Evaluation စသည်ဖြင့် ADR အမျိုးအစားများကို ဆိုသည်။

အငြင်းပွားမှုများကို စေ့စပ်ဖြေရှင်းခြင်း နည်းလမ်းအား အသုံးပြုခြင်းအားဖြင့် များစွာသော အကျိုးကျေးဇူးများကို ရရှိစေပြီး နှစ်ဦးနှစ်ဖက်ချစ်ကြည်စွာ ဆက်လက် လက်တွဲဆောင်ရွက်သွားနိုင်ခြင်းသည် စေ့စပ်ဖြေရှင်းခြင်းနည်းလမ်း၏ အဓိကကျသော အကျိုးကျေးဇူးတစ်ခုပင်ဖြစ်သည်။ စေ့စပ်ဖြေရှင်းခြင်းကို ဘီစီ ၄၅၀၀-၁၉၀၀ ကပင် ဆော်လမွန်ဘုရင်က အမျိုးသမီးနှစ်ဦး၏ ကလေးပြဿနာတွင် ဖြေရှင်းခဲ့သည်ဟု သမိုင်းသုတေသီများက ပြောခဲ့ကြသည်။ ဗုဒ္ဓဘာသာ ဇာတ်တော်တွင်လည်း မဟော်သဓာ၏ သားတရားစီရင်ခန်းတွင် စေ့စပ်ဖြေရှင်းခြင်းကို အသုံးပြုခဲ့ ကြောင်း အထင်အရှားပင်ဖြစ်သည်။ နောက်ပိုင်းတွင် စေ့စပ်ဖြေရှင်းခြင်းမှာ ပိုမိုဖွံ့ဖြိုးလာပြီး ကမ္ဘာ့နိုင်ငံများတွင် တွင်တွင်ကျယ်ကျယ် အသုံးပြုလာခဲ့ကြသည်။ မြန်မာနိုင်ငံတွင် စေ့စပ်ဖြေရှင်းခြင်းအား ၂၀၂၂ ခုနှစ်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ စတင်ဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံတစ်ဝန်းမှ တရားရုံးများတွင် စေ့စပ်ဖြေရှင်းခြင်းစနစ်ကို စတင်ကျင့်သုံးခဲ့သည်။ တရားရုံးများတွင် တရားမမှုများ စွဲဆိုသည့်အခါစေ့စပ်ဖြေရှင်းခြင်းဖြင့် ဦးစွာဖြေရှင်းစေသည့် နည်းလမ်းအားကျင့်သုံးခြင်းအားဖြင့် အမှုများ အချိန်တိုတွင်း မြန်မြန်ဆန်ဆန်ပြီးစီးစေခြင်း၊ တရားစွဲစရိတ် သက်သာစေခြင်း၊ အမှုအား နှစ်ဦးသဘောတူ အဆုံးသတ်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိစေသည်။

မူပိုင်ခွင့်ဥပဒေများ ၂၀၂၃ ခုနှစ်တွင် စတင်အာဏာသက်ဝင်ပြီး မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်သည့်အခါ မူပိုင်ခွင့်ပိုင်ဆိုင်မှုများနှင့် စပ်လျဉ်း၍ အငြင်းပွားမှုများပေါ် ပေါက်လာနိုင်သည်။ ထိုအခါ အငြင်းပွားမှုကို အကောင်းဆုံးဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်နေသည်။

မူပိုင်ခွင့်ဆိုင်ရာ အငြင်းပွားမှုများအား တရားစွဲဆိုခြင်း၊ အနုညာတ စီရင်ဆုံးဖြတ်ခြင်းနှင့် စေ့စပ်ဖြေရှင်းခြင်းနည်းလမ်းများဖြင့် ဖြေရှင်းခြင်းသည် ကမ္ဘာ့နိုင်ငံများတွင် တွင်ကျယ်စွာအသုံးပြုနေသည့် နည်းလမ်းများဖြစ်သည်။ ယင်းတို့အနက် စေ့စပ်ဖြေရှင်းခြင်းသည် အထိရောက်ဆုံးနှင့် အအောင်မြင်ဆုံး နည်းလမ်းတစ်ခုဖြစ်သည်။ ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့ကြီး၏ စေ့စပ်ဖြေရှင်းခြင်းနှင့် အနုညာတ စီရင်ဆုံးဖြတ်ခြင်းစင်တာ (WIPO Mediation and Arbitration Center) ကို ၁၉၉၄ ခုနှစ်ကပင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် တည်ထောင်ခဲ့ပြီး မူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် စေ့စပ်ဖြေရှင်းခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့သည်။

အဆိုပါစင်တာတွင် တီထွင်မှုမူပိုင်ခွင့်များ၊ ဆော့ဝဲလ်လိုင်စင်များ၊ ကုန်အမှတ်တံဆိပ် သဘောတူစာချုပ်များ၊ ဆေးဝါးဖြန့်ချိရေးစာချုပ်များ၊ သုတေသနဆိုင်ရာ စာချုပ်များနှင့် အခြားအငြင်းပွားမှုများကို မူပိုင်ခွင့်ဆိုင်ရာ ကျွမ်းကျင်သူများ (IP Experts) များဖြင့် စေ့စပ်ဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ စင်ကာပူနိုင်ငံတွင်လည်း စင်ကာပူအပြည်ပြည်ဆိုင်ရာ စေ့စပ်ဖြေရှင်းရေးဌာနတွင် စေ့စပ်ဖြေရှင်းခြင်းနည်းလမ်း (Mediation) အား အဆင့်မြှင့်တင်ပြီး Arb-Med-Arb (Arbitration-Mediation-Arbitration) စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ အဆိုပါစနစ်သည် အနုညာတစီရင်ဆုံးဖြတ်ချိန်တွင် စေ့စပ်ဖြေရှင်းခြင်းဖြင့် ညှိနှိုင်းပြီး ရရှိလာသော သဘောတူညီချက်အား အနုညာတနည်းဖြင့် အတည်ပြုသည့် ဆောင်ရွက်ခြင်းပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင်လည်း အနုညာတစီရင်ဆုံးဖြတ်ခြင်း နည်းလမ်းအား ၂၀၁၆ ခုနှစ် အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေအရ လည်းကောင်း၊ တရားရုံးများတွင် စေ့စပ်ဖြေရှင်းခြင်းနည်းလမ်းအား တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၈၉-က အရ လည်းကောင်း၊ ညှိနှိုင်းဖျန်ဖြေခြင်း နည်းလမ်းအား ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေအရလည်းကောင်း စသည့်ဖြင့် ADR စနစ်များအား သက်ဆိုင်ရာ ဥပဒေများအလိုက် ကျင့်သုံးလျက်ရှိသည်။ **စာမျက်နှာ ၄ သို့**

Commerce
J O U R N A L
**အတိုင်ပင်ခံစာတည်း**
သိန်းထွန်းဦး
**စာတည်းမှူးချုပ်**
ညီညီအောင်
**တာဝန်ခံစာတည်း**
စိန်သံ
**စာတည်းအဖွဲ့**
ကျော်ကျော်
**လက်ထောက်စာတည်း**
ဖြူဖြူဝင်း၊ ယဉ်ယဉ်အေး
**သတင်းထောက်များ**
ရီလင်းထွဋ်(မုံရွာ)၊
ကြည်နိုင်ဦး(အင်းတော်)၊
မင်းဇော်မွန်(ဖျာပုံ)၊
ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)
မင်းမင်းဦး(ပုသိမ်)
ဝင်းဝင်းခိုင်(ပြည်)
သန်းသန်းတင်(မုံရွာ)
စန္ဒာစိုးလွင်(မကွေး)
**Proof & Layout Design ကြီးကြပ်**
အိမ့်သဇင်ခိုင်
**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (၀၉ ၇၇၇ ၁၂၇၂၇၂)
**ထုတ်ဝေသူ**
ဦးမျိုးခိုင်ဝင်း (၀၀၉၇၇)
အမှတ်-၂၂၈/၂၄၀၊
ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃
**ဖြန့်ချိရေး**
အုန်းခင်(၀၉-၄၃၀၄၁၇၄၉)
**ကွန်ပျူတာ**
အိမ့်သဇင်ခိုင်
**Layout Design & Graphic Design**
CJ Design Group
**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
**Email Address**
commercejournal.editor@gmail.com

# မကွေးတိုင်းဒေသကြီးတွင် စပါး၊ ဆန်ဈေးနှုန်းများ ကျဆင်းလျက်ရှိ

မကွေးတိုင်းဒေသကြီးသည် ဆန်လိုတိုင်းဒေသကြီးဖြစ်၍ စပါးအဓိကစိုက်ပျိုးထွက်ရှိရာ အခြား တိုင်းဒေသကြီး/ပြည်နယ်များမှ တင်သွင်းသည်။ မကွေးတိုင်းဒေသကြီးအတွင်း မကွေးခရိုင် မြို့သစ်၊ တောင်တွင်းကြီးနှင့် မင်းဘူးခရိုင် မင်းဘူး၊ ပွင့်ဖြူ စလင်းတို့တွင် ဧရာပဒေသာစပါးကိုအဓိကစိုက်ပျိုးကြပြီး ဇွန်လ စတုတ္ထပတ်တွင် ဖြစ်ပေါ်နေသော စပါးဈေးနှုန်းမှာ ဧရာပဒေသာတစ်တင်းလျှင် ကျပ် ၂၀၀၀၀ ဖြစ်ပြီး ဆန်ဈေးနှုန်းများမှာ **မကွေးခရိုင်တွင်** ပေါ်ဆန်းမွှေး(၂၄)ပြည် တစ်အိတ်လျှင် ကျပ် ၁၃၀၀၀၀၊ ဧရာပဒေသာ ကျပ် ၁၄၀၀၀၀၊ မနောသုခ ကျပ် ၈၀၀၀၀၊ ရတနာတိုး ကျပ် ၇၅၀၀၀၊ **မင်းဘူးခရိုင်တွင်** ပေါ်ဆန်းမွှေး ကျပ် ၁၅၀၀၀၀၊ ဧရာပဒေသာ ကျပ် ၁၄၀၀၀၀၊ မနောသုခ ကျပ် ၈၀၀၀၀၊ **သရက်ခရိုင်တွင်** ပေါ်ဆန်းမွှေး ကျပ် ၁၄၀၀၀၀၊ ဧရာပဒေသာ ကျပ် ၁၂၂၀၀၀၊ မနောသုခ ကျပ် ၈၃၀၀၀၊ **အောင်လံခရိုင်တွင်** ပေါ်ဆန်းမွှေး ကျပ် ၁၄၀၀၀၀၊ ဧရာပဒေသာ ကျပ် ၁၄၂၀၀၀၊ မနောသုခ ကျပ် ၈၃၀၀၀၊ ရတနာတိုး ကျပ် ၈၀၀၀၀၊ **ချောက်ခရိုင်တွင်** ပေါ်ဆန်း မွှေး ကျပ် ၁၃၅၀၀၀၊ ဧရာပဒေသာ ကျပ် ၁၅၀၀၀၀၊ မနောသုခ ကျပ် ၈၀၀၀၀၊ **ပခုက္ကူခရိုင်တွင်** ပေါ်ဆန်းမွှေး ကျပ် ၁၃၀၀၀၀၊ ဧရာပဒေသာ ကျပ် ၁၄၀၀၀၀၊ မနောသုခ ကျပ် ၈၅၀၀၀၊ ရတနာတိုး ကျပ် ၇၈၀၀၀၊ **ဂန့်ဂေါခရိုင်တွင်** ပေါ်ဆန်းမွှေး ကျပ် ၁၄၅၀၀၀၊ ဧရာပဒေသာ ကျပ် ၁၅၀၀၀၀၊ မနောသုခ ကျပ် ၉၀၀၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ဇွန်လ တတိယပတ်နှင့် စတုတ္ထပတ်တို့ နှိုင်းယှဉ်ပါက စပါး ဧရာပဒေသာတစ်တင်းလျှင် ကျပ် ၃၀၀၀ ဈေးလျော့ကြောင်း၊ မကွေးခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၅၀၀၀၀၊ ဧရာပဒေသာ ကျပ် ၃၅၀၀၀၊ မနောသုခ ကျပ် ၃၀၀၀၀၊ မင်းဘူးခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၇၀၀၀၊ မနောသုခ ကျပ် ၂၀၀၀၀၊ သရက်ခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၂၀၀၀၀၊ မနောသုခ ကျပ် ၁၁၀၀၀၊ အောင်လံခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၃၅၀၀၀၊ မနောသုခ ကျပ် ၁၀၀၀၀၊ ချောက်ခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၃၇၈၀၀၊ ဧရာပဒေသာ ကျပ် ၂၀၀၀၀၊ မနောသုခ ကျပ် ၁၆၀၀၀၊ ပခုက္ကူခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၅၀၀၀၊ ဧရာပဒေသာ ကျပ် ၁၀၀၀၀၊ မနောသုခ ကျပ် ၁၅၀၀၀၊ ဂန့်ဂေါခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၂၀၀၀၀၊ ဧရာပဒေသာ ကျပ် ၁၀၀၀၀၊ မနောသုခ ကျပ် ၁၀၀၀၀ ဈေးနှုန်း ကျဆင်းလာကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး မကွေးမြို့သို့ ဇွန် ၁ ရက်မှ ၂၅ ရက်အတွင်း အခြားတိုင်းဒေသကြီး/ပြည်နယ်များမှ ဆန်စီးဝင်မှုမှာ ဧရာဝတီတိုင်းဒေသကြီးမှ ဆန် ၂၃၇၂၉ အိတ်၊ မန္တလေးတိုင်းဒေသကြီးမှ ဆန် ၃၆၅ အိတ်၊ ရန်ကုန်တိုင်းဒေသကြီးမှ ဆန် ၁၁၂၅ အိတ်၊ ပဲခူးတိုင်းဒေသကြီးမှ ဆန် ၁၂၃၀၊ စုစုပေါင်းဆန် ၂၆၄၄၉ အိတ်၊ ၁၃၂၂ ဒသမ ၄၅ တန်ဖြစ်ကြောင်း သိရသည်။

**ရဲမင်းသာ(မကွေး)**

# ဈေးနှုန်းမြင့်တက်လာသော မွန်ပြည်နယ်၏ ပဲမျိုးစုံ

မွန်ပြည်နယ် မော်လမြိုင်မြို့ ကုန်စည်ဒိုင်၏ ပဲမျိုးစုံဈေးနှုန်းအခြေအနေသည် ၂၀၂၄ ခုနှစ်အတွင်း လအလိုက် ဖြစ်ပေါ်ခဲ့သော ဈေး နှုန်းများအရ ဇွန်လနောက်ဆုံးပတ်၌ မြေပဲဈေးနှုန်း အနည်းငယ်ကျ၍ ကျန်ပဲများ ဈေးနှုန်း မြင့်တက်လာကြောင်း တွေ့ရသည်။

**၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ဇွန်လထိ ပဲဈေးနှုန်း**

**တစ်တင်း/ (ကျပ်)**

| စဉ် | ပဲမျိုးစုံ | ဇန်နဝါရီလ | ဖေဖော်ဝါရီလ | မတ်လ | ဧပြီလ | မေလ | ဇွန်လ |
|---|---|---|---|---|---|---|---|
| ၁ | ပဲတီစိမ်း(ရွှေဝါ) | ၇၂၀၀၀ | ၈၅၀၀၀ | ၇၅၀၀၀ | ၆၃၀၀၀ | ၇၀၀၀၀ | ၈၂၀၀၀ |
| ၂ | ပဲတီစိမ်း | ၆၀၀၀၀ | ၆၇၀၀၀ | ၅၈၀၀၀ | ၅၇၀၀၀ | ၆၁၀၀၀ | ၇၆၀၀၀ |
| ၃ | မတ်ပဲ | ၁၀၁၂၀၀ | ၁၁၁၅၀၀ | ၉၃၅၀၀ | ၉၆၅၀၀ | ၁၀၀၀၀၀ | ၁၁၀၅၀၀ |
| ၄ | ပဲလွမ်းဖြူ | ၆၇၀၀၀ | ၇၂၀၀၀ | ၆၃၀၀၀ | ၆၃၀၀၀ | ၆၃၀၀၀ | ၆၈၀၀၀ |
| ၅ | ဗိုလ်ကိတ်ပဲ | ၇၂၀၀၀ | ၇၅၀၀၀ | ၇၀၀၀၀ | ၇၀၀၀၀ | ၇၀၀၀၀ | ၇၂၀၀၀ |
| ၆ | ပဲပုပ် | ၆၁၀၀၀ | ၆၁၄၀၀ | ၆၀၀၀၀ | ၆၀၀၀၀ | ၆၀၀၀၀ | ၈၄၀၀၀ |
| ၇ | မြေပဲ | ၁၅၈၅၀၀ | ၁၆၂၀၀၀ | ၁၆၀၀၀၀ | ၁၅၂၀၀၀ | ၁၅၀၀၀၀ | ၁၄၄၀၀၀ |

ထို့အပြင် မွန်ပြည်နယ်အတွင်း ပဲစိုက်ဧကနှင့် အထွက်နှုန်းသည် ၂၀၂၃-၂၀၂၄ခုနှစ်တွင် ပဲစိုက်ပျိုးဧက ၇၄၃၃၀၊ ရိတ်သိမ်း ဧက ၇၄၃၃၀၊ အထွက် ၁၁၉၀၄၃၈ တင်းထွက်ရှိသည်။ ယခင်နှစ်ထက် ပဲစိုက်ပျိုးမြေ ၉၆၈၄ဧက ပိုမိုစိုက်ပျိုး၍ အထွက်နှုန်း ၁၃၄၆၁၆ တင်း ပိုမိုထွက်ရှိကြောင်းသိရသည်။

မွန်ပြည် နယ်တွင် မြေပဲ၊ ပဲတီစိမ်း၊ မတ်ပဲ၊ ပဲလွမ်း၊ ဗိုလ်ကိတ်ပဲ၊ ပဲပုပ်ပဲ တို့ အများဆုံး စိုက်ပျိုးကြသည်။ မွန်ပြည်နယ်ဒေသထွက် ပဲမျိုးစုံစိုက်ပျိုးသူ တောင်သူများသည် အကျိုးအမြတ်ရရှိခြင်း၊ ကုန်သည်များအနေဖြင့် အရောင်းအဝယ်ကောင်းခြင်း၊ ပဲဈေးနှုန်း ဈေးကွက်ခိုင်မာမှုရှိခြင်း၊ လူမျိုးဘာသာမရွေး စားသုံးကြခြင်း၊ စားသုံးသူများအတွက် ဈေးကွက်၌ ပြတ်လပ်မှုမရှိ ဝယ်ယူစားသုံးနိုင်ခြင်းအပြင် ပိုလျှံသည့်ပဲများကို အခြားမြို့များသို့လည်း တင်ပို့လျက်ရှိသည်။ **ခင်ကြည်(မွန်ပြည်နယ်)**

**စာမျက်နှာ ၃ မူပိုင်ခွင့်ဆိုင်ရာမှ အဆက်**

မူပိုင်ခွင့်ဥပဒေများဖြစ်သည့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့် ဥပဒေ၊ စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေ၊ တီထွင်မှုမူပိုင်ခွင့်ဥပဒေများတွင် မူပိုင်ခွင့်ဆိုင်ရာ အငြင်းပွားမှုများကို နှစ်ဦးနှစ်ဖက် ချစ်ကြည်စွာ ညှိနှိုင်းဖြေရှင်းခြင်းဖြင့်ဖြစ်စေ၊ အနုညာတစီရင် ဆုံးဖြတ်ခြင်းဖြင့်ဖြစ်စေ၊ တရားစွဲဆိုခြင်းဖြင့်ဖြစ်စေ ဖြေရှင်းနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ ထို့အတွက် မူပိုင်ခွင့်ဆိုင်ရာ အငြင်းပွားမှုများကို စေ့စပ်ဖြေရှင်းခြင်းနည်းလမ်းဖြင့် ဦးစွာဖြေရှင်းရန် လုပ်ငန်းစဉ်များ ဖော်ထုတ်ဆောင်ရွက်နိုင်မည်ဆိုပါက အငြင်းပွားမှုများကို အချိန်တိုအတွင်း ထိရောက်စွာ ဖြေရှင်းနိုင်ခြင်း၊ ငွေကုန်ကြေးကျ သက်သာစေခြင်း၊ နှစ်ဖက်လုပ်ငန်းများ၏ ရေရှည်ဆက်ဆံရေးကို ကောင်းမွန်စွာ ဆက်လက်ထိန်းသိမ်းနိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိစေပြီး မြန်မာနိုင်ငံတွင် မူပိုင်ခွင့်ဥပဒေများ အာဏာသက်ရောက်မှု၊ မူပိုင်ခွင့် အခွင့်အရေးများ ခိုင်မာအားကောင်းမှုတို့ ပိုမိုတိုးတက်လာစေမည် ဖြစ်ပါတော့သည်။

**ဥပဒေရေးရာနှင့်ကြားနာဖျန်ဖြေရေးဌာနခွဲ**



# ဇွန်လအတွင်း ဆန်နှင့် ဆန်ကွဲတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၇၅ သန်းကျော်ရရှိ

**ဆန်**

ဇွန် ၁ ရက်မှ ၂၀ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန် ဒေါ်လာ ၄၁ ဒသမ ၈၁၇ သန်း တန်ဖိုးရှိ ဆန်တန်ချိန် ၇၃၉၀၀ ကျော်တင်ပို့နိုင်ခဲ့သည်။ ဆန်တင်ပို့မှုများအနေဖြင့် အာရှနိုင်ငံများသို့ ဆန်တန်ချိန် ၂၂၈၃၀ ကျော်၊ အီးယူအဖွဲ့ဝင်နိုင်ငံများသို့ ဆန်တန်ချိန် ၂၀၉၆၀ ကျော်၊ အာဖရိကနိုင်ငံဖြစ်သော မိုဇမ်ဘစ်နိုင်ငံသို့ ဆန်တန်ချိန် ၃၀၁၀၀ ကျော် တင်ပို့ခဲ့သည်။

ဆန်တင်ပို့မှုအများဆုံး အာရှနိုင်ငံများမှာ အင်ဒိုနီးရှားနိုင်ငံသို့ ဆန်တန်ချိန် ၂၀၀၀၀၊ တရုတ်နိုင်ငံသို့ ဆန်တန်ချိန် ၂၂၁၀၊ ဖိလစ်ပိုင်နိုင်ငံသို့ ဆန်တန်ချိန် ၃၉၀၊ ဟောင်ကောင်သို့ ဆန်တန်ချိန် ၁၅၇ တန်ကျော်၊ ဆော်ဒီအာရေဗီယားနိုင်ငံနှင့် စင်ကာပူနိုင်ငံသို့လည်း အနည်းငယ် တင်ပို့ခဲ့သည်။

အီးယူအဖွဲ့ဝင်နိုင်ငံများသို့ ဆန်တင်ပို့မှုမှာ ဘူလ်ဂေးရီးယားနိုင်ငံသို့ ဆန် ၁၀၁၀၀ တန်၊ ပိုလန်နိုင်ငံသို့ ဆန်တန်ချိန် ၃၆၇၀ ကျော်၊ စပိန်နိုင်ငံသို့ ဆန်တန်ချိန် ၃၅၀၀၊ ချက်စ်သမ္မတနိုင်ငံသို့ ဆန်တန်ချိန် ၁၀၂၀ ကျော်၊ ဂရိနိုင်ငံသို့ ဆန်တန်ချိန် ၅၀၀၊ ခရိုအေးရှားနိုင်ငံသို့ ဆန်တန်ချိန် ၅၀၀၊ စလိုဗေးနီးယားနိုင်ငံများ ဆန်တန်ချိန် ၃၃၀ ခန့်၊ အီတလီနိုင်ငံသို့ ဆန်တန်ချိန် ၂၅၀ တန်၊ ဘီလာရုစ်နိုင်ငံသို့ ဆန်တန်ချိန် ၂၅၀၊ ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်တန်ချိန် ၂၅၀ တန်၊ ပြင်သစ်နိုင်ငံသို့ ဆန်တန်ချိန် ၃၀၀၊ လစ်သူရေးနီးယားနိုင်ငံသို့ ဆန်တန်ချိန် ၁၅၀၊ ဟန်ဂေရီနိုင်ငံသို့ ဆန် ၁၄၀ တန် တင်ပို့နိုင်ပြီး အာဖရိကနိုင်ငံဖြစ်သော မိုဇမ်ဘစ်နိုင်ငံသို့ ဆန်တန်ချိန် ၃၀၁၀၀ ကျော်တင်ပို့ခဲ့သည်။

**ဆန်ကွဲ**

ဇွန် ၁ ရက်မှ ၂၀ ရက်ထိကာလအတွင်း ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၄၉၈ သန်းတန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၇၉၆၉၀ ကျော် တင်ပို့ခဲ့သည်။

ဆန်ကွဲတင်ပို့မှုအနေဖြင့် အီးယူအဖွဲ့ဝင်နိုင်ငံများသို့ ဆန်ကွဲတန်ချိန် ၅၃၇၅၀နှင့် အာရှနိုင်ငံများသို့ ဆန်ကွဲတန်ချိန် ၂၅၉၄၀ ကျော် တင်ပို့သည်။

ဆန်ကွဲတင်ပို့သော အီးယူအဖွဲ့ဝင်နိုင်ငံများမှာ ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၄၆၈၅၀၊ စပိန်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၆၀၀၀၊ ချက်စ်သမ္မတနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၄၀၀၊ အီတလီနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၃၇၅ တန်၊ အင်္ဂလန်နိုင်ငံသို့ ဆန်ကွဲ ၁၂၅ တန် တင်ပို့သည်။ အာရှနိုင်ငံများသို့ ဆန်ကွဲတင်ပို့မှုအနေဖြင့် တရုတ်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၂၁၆၅၀ ကျော်၊ အင်ဒိုနီးရှားနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၃၈၇၀ ကျော်၊ ဗီယက်နမ်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၂၆၀ကျော်၊ စင်ကာပူနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၁၀၀ နှင့် မလေးရှားနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၅၀ ကျော် တင်ပို့ခဲ့သည်။

ဇွန် ၁ ရက်မှ တတိယပတ်ထိကာလအတွင်း မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၇၅၂ သန်းတန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၁၇၆၀ ကျော်တင်ပို့သည်။ နည်းလမ်းနှစ်သွယ်မှ ဆန်ကွဲတင်ပို့မှု စုစုပေါင်းတန်ချိန် ၈၁၄၅၀ ကျော်ရှိပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၂၅ သန်းကျော် ရရှိသည်။

ဇွန် ၁ ရက်မှ ၂၀ ရက်ထိကာလအတွင်း ဆန်နှင့် ဆန်ကွဲတင်ပို့မှု စုစုပေါင်းတန်ချိန် ၁၅၅၃၀၀ ကျော်ရှိပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၇၅ ဒသမ ၀၆၇ သန်းရရှိသည်။ **DAAT**


MYANMAR ATLANTIC
Since 1998

# *"Timeless Beauty, Effortless Elegance"*



*Contact us to start your journey in pearl jewelry now.*

9th Floor, Tower (C), Royal Sin Min Condo,
Strand Road, Ahlone Township, Yangon, Myanmar.
09945483388, info@myanmaratlantic.com, www.myanmaratlantic.com





Address ; No.391 , Seik Kan Thar Street, Shwe Lin Ban Industrial Zone, Hlaing Thar Yar Township, Yangon.
Phone ; 09-420759768
Mail ; rice@greenindomyanmar.com

## THUWUNNA NADI TRADING LIMITED

## AYEYARWADY NADI IMPORT & EXPORT COMPANY LIMITED

### OUR INDUSTRY




**Union Financial Center (UFC), Unit 07-03, Corner of Mahabandoola Road & Thein Phyu Road, Botahtaung Township, Yangon, Myanmar**
**Tel: +95-1-8203885, 8203886, 8203887**
**Mobile:+95-9-5013210, 5013209, 450015680, 450015690, 5500588**
**Email : thuwunnanadi@gmail.com, Website: www.thuwunnanadi.com**

# ပြည်ကုန်စည်ဒိုင်၏ ဇွန်လပထမပတ်နှင့် စတုတ္ထပတ် ဈေးနှုန်းနှိုင်းယှဉ်ချက်

ပြည်ကုန်စည်ဒိုင်တွင် ပဲမျိုးစုံအရောင်းအဝယ်ဖြစ်လျက်ရှိပြီး မတ်ပဲ၊ ပဲစင်းငုံဈေးမှာ မြင့်လျက်ရှိပြီး ပဲတီစိမ်း၊ ကုလားပဲ၊ ပဲကြီး၊ ဗိုလ်ကိတ်ပဲများမှာ ဈေးအေးလျက်ရှိနေသည်။

**မတ်ပဲ**

ပြည်ကုန်စည်ဒိုင်တွင် မတ်ပဲတစ်တင်းကို ကျပ် ၁၁၀၀၀၀ ဖြင့် ရန်ကုန်အဝယ်တစ်ရက်ကို အိတ် ၂၅၀ခန့်သာအဝယ်ရှိသည်။ စတုတ္ထပတ်တွင် မတ်ပဲတစ်တင်းလျှင် ကျပ် ၁၁၀၀၀၀ ဖြင့် ရန်ကုန်အဝယ်တစ်ရက်လျှင် အိတ် ၃၀၀ခန့်အဝယ်ရှိသည်။

**ပဲစင်းငုံ**

ပြည်ကုန်စည်ဒိုင်၏ ဇွန်လပထမပတ်တွင် ပဲစင်းငုံတစ်တင်းကို ကျပ် ၁၄၂၀၀၀ ဖြင့် ရန်ကုန်အဝယ်တစ်ရက်ကို အိတ် ၃၀၀ ခန့် အဝယ်ရှိသည်။ ဇွန်လစတုတ္ထပတ်တွင် ပဲစင်းငုံ ဈေးမြင့်တက်လာပြီး ပဲတစ်တင်းကို ကျပ် ၁၄၅၀၀၀ ဖြင့် ရန်ကုန်အဝယ်တစ်ရက်လျှင် အိတ် ၃၅၀ ခန့် အဝယ်ရှိသည်။

**ကုလားပဲ**

ပြည်ကုန်စည်ဒိုင်၏ ဇွန်လပထမပတ်တွင် ကုလားပဲ(HL) တစ်တင်းကို ကျပ် ၈၅၀၀၀-၈၆၀၀၀၊ မြကြေးမှုံတစ်တင်းလျှင် ကျပ် ၉၀၀၀၀-၉၁၀၀၀ ဖြင့် မြို့တွင်းခွဲစက်သမားနှင့် နယ်စုံအဝယ် တစ်ရက်ကို အိတ် ၃၀၀ ခန့်ရှိသည်။ ဇွန်လစတုတ္ထပတ်တွင် ကုလားပဲ (HL)တစ်တင်းကို ကျပ် ၈၆၀၀၀-၈၆၅၀၀ ဖြင့် မြို့တွင်းအဝယ် တစ်ရက်ကို အိတ် ၃၀၀ ခန့် အဝယ်ရှိသည်။

**ပဲတီစိမ်း**

ပြည်ကုန်စည်ဒိုင်၏ ဇွန်လပထမပတ်တွင် ပဲတီစိမ်းတစ်တင်းကို ကျပ် ၆၈၀၀၀ ဖြင့် မန္တလေးအဝယ်တစ်ရက်လျှင် အိတ် ၁၅၀ ခန့် အဝယ်ရှိသည်။ ဇွန်လစတုတ္ထပတ်တွင် ပဲတီစိမ်း တစ်တင်းကို ၇၀၀၀၀ကျပ်ဖြင့် မန္တလေးအဝယ်တစ်ရက်လျှင် အိတ် ၁၅၀ ခန့် အဝယ်ရှိသည်။

**ပဲကြီး**

ဇွန်လပထမပတ်တွင် ပဲကြီး(ရွှေကျွန်း)တစ်တင်းကို ကျပ် ၉၂၀၀၀၊ ပဲကြီး(ကုန်းပဲ)တစ်တင်းကို ကျပ် ၈၅၀၀၀ ဖြင့် မြို့တွင်း ပဲကြော်သမားနှင့် ရန်ကုန်အဝယ်တစ်ရက်ကို အိတ် ၃၀၀ ခန့်ရှိသည်။ ဇွန်လစတုတ္ထပတ်တွင် ပဲကြီး(ရွှေကျွန်း)တစ်တင်းလျှင် ကျပ် ၉၂၀၀၀၊ ပဲကြီး(ကုန်းပဲ)တစ်တင်းလျှင် ကျပ် ၈၅၀၀၀ ဖြင့် မြို့တွင်း ပဲကြော်သမားများ တစ်ရက်လျှင် အိတ် ၂၅၀ ခန့်ရှိသည်။

**စားတော်ပဲ**

ဇွန်လပထမပတ်တွင် စားတော်ပဲ(ကျွန်း)တစ်တင်းကို ကျပ် ၁၀၀၀၀ ၀ဖြင့် မြို့တွင်းအဝယ် တစ်ရက်ကို အိတ် ၅၀ ခန့် အဝယ်ရှိသည်။ စတုတ္ထပတ်အတွင်း စားတော်ပဲ(ကျွန်း)တစ်တင်းကို ကျပ် ၁၀၀၀၀၀ ဖြင့် မြို့တွင်းအဝယ်တစ်ရက်လျှင် အိတ် ၂၅-၅၀ ခန့်ရှိသည်။

**ဗိုလ်ကိတ်**

ဇွန်လ ပထမပတ်တွင် ဗိုလ်ကိတ်ပဲတစ်တင်းကို ကျပ် ၈၀၀၀၀-၈၁၀၀၀ ဖြင့် မြို့တွင်းနှင့် ရန်ကုန်အဝယ် တစ်ရက်ကို အိတ် ၁၀၀-၁၅၀ ခန့် အဝယ်ရှိသည်။ ဇွန်လ စတုတ္ထပတ်တွင် ဗိုလ်ကိတ် တစ်တင်းကို ကျပ် ၉၀၀၀၀ ဖြင့် ဈေးတက်ခဲ့ပြီး ရန်ကုန်နှင့် မြို့တွင်းအဝယ်တစ်ရက်လျှင် အိတ် ၁၅၀ ခန့် အဝယ်ရှိသည်။

ပြည်ကုန်စည်ဒိုင်တွင် မတ်ပဲ၊ ပဲစင်းငုံ၊ ကုလားပဲသီးနှံတို့မှာ အရောင်းအဝယ်သွက်လျက်ရှိပြီး ကျန်ပဲများမှာ ပုံမှန်သာအရောင်းအဝယ်ရှိသည်။

**မိမိအေး(ပြည်)**

# မိုးညှင်းပဲပုပ် ဈေးကွက်အခြေအနေ

ကချင်ပြည်နယ် မိုးညှင်းခရိုင်သည် မိုးစပါး စိုက်ပျိုးရိတ်သိမ်းပြီးသည်နှင့် သီးထပ်သီးညှပ်အဖြစ် ပဲပုပ်ကို အဓိကထားစိုက်ပျိုးသော ဒေသတစ်ခုဖြစ်ပြီး ဈေးကွက်တွင်လည်း မိုးညှင်းပဲပုပ်သည် နေရာရလျက်ရှိသော သီးနှံတစ်ခုဖြစ်သည်။ ယခင်က မိုးညှင်းပဲပုပ်သည် ဈေးကွက်တွင် လူသိနည်းသော်လည်း ၂၀၁၇ ခုနှစ် တောင်ကြီးမြို့တွင် ကျင်းပပြုလုပ်သည့် မြန်မာတစ်နိုင်ငံလုံးဆိုင်ရာ ပဲပုပ်ကဏ္ဍတွင် ပါဝင်ပတ်သက်သူများ၏ အလုပ်ရုံဆွေးနွေးပွဲကို မိုးညှင်းမြို့နယ်ကိုယ်စားပြု ငါးဦးတက်ရောက်ဆွေးနွေးခြင်း၊ ၂၀၁၈ ခုနှစ် နေပြည်တော်တွင် ကျင်းပပြုလုပ်သော မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၏ အလုပ်ရုံဆွေးနွေးပွဲသို့ ကချင်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာနနှင့် မိုးညှင်းမြို့နယ်ကိုယ်စားပြု သုံးဦးတို့ တက်ရောက်ဆွေးနွေးခြင်းဖြင့် ဈေးကွက်တွင် မိုးညှင်းပဲပုပ်ဟု ဈေးကွက်တစ်ခုအနေဖြင့် သီးခြားရပ်တည်နိုင်ခဲ့သည်။

ပဲပုပ်ကို ဆောင်းသီးနှံအဖြစ် အောက်တိုဘာလနှင့် နိုဝင်ဘာလတွင် စိုက်ပျိုးကြပြီး ဧပြီလနှင့် မေလတွင် ရိတ်သိမ်းကြသည်။ မိုးညှင်းခရိုင်အတွင်း အဓိကစိုက်ပျိုးသော ပဲပုပ်မျိုးများမှာ ရေဆင်း-၁၄၊ ရေဆင်း-၁၅ မျိုးများဖြစ်သည်။ ၂၀၂၃ -၂၀၂၄ ဘဏ္ဍာနှစ်တွင် မိုးညှင်းခရိုင်တွင် ပဲပုပ် ၁၃၆၈၉ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အထွက် တင်း ၂၆၀၀၉၁ တင်း ထွက်ရှိခဲ့ပြီး နှစ်စဉ် ပဲပုပ်စိုက်ပျိုးဧက တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။



မိုးညှင်းပဲပုပ်ကို ဒေသတွင်း ပဲငါးပိ၊ ပဲငါးပိခြောက်ပြား၊ ဆီတို့ဟူး၊ တို့ဟူးဖြူ(ပဲပြား) စသည့် စားသောက်ဖွယ်ရာများပြုလုပ်ဖြန့်ဖြူး ရောင်းချကြသလို ပဲပုပ်ဆီအဖြစ် ကြိတ်ခွဲ ရောင်းချလျက်ရှိသည်။ ပဲပုပ်ဆီ ကြိတ်ခွဲရာတွင် ပဲပုပ် ၁၈ ပိဿာ (တစ်တင်း)လျှင် ပဲပုပ်ဆီ နှစ်ပိဿာ ၂၅ ကျပ်သား၊ ပဲပုပ်ဖတ် ၁၄ ပိဿာ - ၁၅ ပိဿာခန့် ထွက်ရှိကြောင်း၊ ယခုလက်ရှိ ဈေးနှုန်းအနေဖြင့် ပဲပုပ်ဆီ တစ်ပိဿာ လျှင် ကျပ် ၁၃၀၀၀၊ ပဲပုပ်ဖတ် တစ်ပိဿာလျှင် ကျပ် ၃၅၅၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ ပဲပုပ်ဆီကို ဒေသတွင်းစားသုံးရန် ဖြန့်ဖြူးရောင်းချပြီး ပဲပုပ်ဖတ်ကို ဒေသတွင်း တိရစ္ဆာန်အစာအဖြစ် ရောင်းချကာ မန္တလေးသို့လည်း တင်ပို့ရောင်းချကြသည်။

မိုးညှင်း ပဲပုပ်ဈေးကွက် အခြေအနေမှာ ပဲပုပ်ပေါ်စတွင် ၁၈ ပိဿာ (တစ်တင်း)လျှင် ကျပ် ၅၅၀၀၀ ဖြင့် ဈေးဖွင့်ဝယ်ယူခဲ့သော်လည်း ယခုဇွန်လ တတိယပတ်တွင် ၁၈ ပိဿာ (တစ်တင်း) လျှင် ကျပ် ၇၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ မန္တလေးဈေးကွက်အနေဖြင့် ပဲပုပ် ၅၃ ဒသမ ၂၅ ပိဿာ (သုံးတင်း) တစ် အိတ် လျှင် ကျပ် ၂၂၀၀၀၀ ဖြင့် ဈေးဖွင့်ဝယ်ယူလျက်ရှိကြောင်း၊ ဝယ်ယူရရှိသော ပဲပုပ်များကို ကုန်သည်များက မန္တလေးမြို့ပွဲရုံ၊ ပဲပုပ်ဆီစက်ရုံ၊ ရွှေဘိုမြို့ တိရစ္ဆာန်အစာ (ကြက်၊ ငါး)လုပ်ငန်းများ၊ ရန်ကုန်မြို့ ရွှေပေါက်ကံစက်မှုဇုန် ပဲပြားစက်ရုံသို့ တင်ပို့ လျက်ရှိကြောင်း သိရသည်။ မိုးညှင်းမှ မန္တလေးသို့ ကားတင်ပို့ခ တစ်ပိဿာလျှင် ၁၇၅ ကျပ် ပေးချေရကြောင်း၊ လမ်းခရီးအခြေအနေအရ ကားတင်ပို့ခ အပြောင်းအလဲရှိနိုင်ကြောင်း၊ ယခုအချိန်တွင် ပဲပုပ်စိုက်တောင်သူများလက်တွင် လက်ကျန်မရှိသလောက် နည်းပါးသွားပြီဖြစ်ကြောင်း ပဲပုပ်ကုန်သည်လုပ်ငန်းရှင်ထံမှ သိရသည်။

မိုးညှင်းပဲပုပ်သည် ဈေးကွက်တွင် နာမည်ရသီးနှံဖြစ်သည်နှင့်အညီ ဈေးကွက်ခိုင်မာစွာ ရရှိရေးအတွက် မိုးမြင့်ကြယ် ပဲပုပ်အသင်းနှင့် မိုးညှင်းစိုက်ပျိုးရေးသုတေသနခြံတို့ ပူးပေါင်း၍ မျိုးကောင်း မျိုးသန့်များရရှိရေး၊ အထွက်ကောင်းနှင့် အရည်အသွေးကောင်းမွန်သည့် ပဲပုပ်များ ထွက်ရှိရေး နည်းပညာပေးခြင်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း၊ ပဲပုပ်စိုက်ပျိုးသည့် တောင်သူများအနေဖြင့် အကျိုးအမြတ် ဖြစ်ထွန်းသည့် သီးနှံဖြစ်သည့်အတွက် နှစ်စဉ် ဧက တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**စွဲ့ဇင်မာဖွေး(မိုးညှင်း)**

# ဇွန်လအတွင်း ပဲတန်ချိန် တစ်သိန်းနှစ်သောင်းကျော်တင်ပို့

ဇွန် ၁ ရက်မှ ၂၁ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁၀၆ ဒသမ ၅၇၂ သန်း တန်ဖိုးရှိ မတ်ပဲ၊ ပဲစင်းငုံ နှင့် ပဲတီစိမ်း တန်ချိန် ၁၂၃၇၉၀ကျော် တင်ပို့ခဲ့သည်။

**မတ်ပဲ**

မတ်ပဲတင်ပို့မှုမှာ တန်ဖိုးအမေရိကန်ဒေါ်လာ ၄၄ ဒသမ ၃၇၁ သန်းဖိုးနှင့် တန်ချိန် ၄၃၈၃၀ ခန့်ဖြစ်သည်။ မတ်ပဲကို အိန္ဒိယနိုင်ငံသို့ အများဆုံးတင်ပို့ပြီး တန်ချိန် ၂၈၅၀၀ နီးပါး တင်ပို့ခဲ့သည်။ ထို့ပြင် ပါကစ္စတန်နိုင်ငံသို့ ၃၆၂၅ တန်၊ ဗီယက်နမ်နိုင်ငံသို့ ၁၃၄၅ တန်၊ စင်ကာပူနိုင်ငံသို့ တန်ချိန် ၁၅၅၀ ခန့်၊ မလေးရှားနိုင်ငံသို့ တန်ချိန် ၉၀၀ နီးပါး၊ ထိုင်းနိုင်ငံသို့ တန်ချိန် ၁၆၀၀၊ ယူအေအီးနိုင်ငံများသို့ တန်ချိန် ၁၇၅၀ အပြင် ဂျပန်နိုင်ငံနှင့် အီးယူနိုင်ငံများသို့လည်း တင်ပို့ခဲ့သည်။

**ပဲစင်းငုံ**

ပဲစင်းငုံတင်ပို့မှုမှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၃၈၆ သန်းဖိုးနှင့် တန်ချိန် ၁၇၇၇၅ တန်ဖြစ်ပြီး အိန္ဒိယနိုင်ငံသို့ ပင်လယ်ရေကြောင်းမှ တင်ပို့ခဲ့ခြင်းဖြစ်သည်။

**ပဲတီစိမ်း**

ပဲတီစိမ်းတင်ပို့မှုမှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၈၁၅ သန်းဖိုးဖြစ်ပြီး တန်ချိန် ၆၂၁၈၇ တန် တင်ပို့ခဲ့ခြင်းဖြစ်သည်။ ပဲတီစိမ်းကို တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့ပြီး တန်ချိန် ၂၀၈၅၀ ကျော်ဖြစ်သည်။ အလားတူ အီရတ်နိုင်ငံသို့တန်ချိန် ၁၇၀၀၀ တင်ပို့ခဲ့ပြီး ဗီယက်နမ်နိုင်ငံသို့ တန်ချိန် ၁၂၀၀၀ ခန့်၊ အင်ဒိုနီးရှားနိုင်ငံသို့ တန်ချိန် ၆၄၀၀ ကျော်၊ စင်ကာပူနိုင်ငံသို့ တန်ချိန် ၁၂၀၀ နီးပါး၊ ဖိလစ်ပိုင်နိုင်ငံသို့တန်ချိန် ၁၃၃၀ ကျော်၊ ဂျပန်နိုင်ငံသို့တန်ချိန် ၁၃၀၀ ခန့်၊ မလေးရှားနိုင်ငံသို့ တန်ချိန် ၈၀၀ နီးပါး တင်ပို့ခဲ့ပြီး ထိုင်းနိုင်ငံ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အီးယူနိုင်ငံများသို့လည်း တင်ပို့ခဲ့သည်။

ပင်လယ်ရေကြောင်းမှ ဇွန်လအတွင်း မတ်ပဲ၊ ပဲစင်းငုံနှင့် ပဲတီစိမ်း စုစုပေါင်းတန်ချိန် ၁၂၃၇၉၀ ကျော်တင်ပို့ပြီး ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၀၆ ဒသမ ၅၇၂ သန်း ရရှိကြောင်း သိရှိရသည်။

**CJ**

**၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှစ၍ လိုင်စင်မရှိဘဲ ဝင်ရောက်နေသည့် ကုမ္ပဏီများအား လုပ်ထုံးလုပ်နည်းအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းတိုနှိုးဆော်စာ**

၁။ ၂၀၂၄ ခုနှစ်၊ ဇူလိုင် ၁ ရက်နေ့မှစတင်၍ သွင်းကုန် လိုင်စင်/ပါမစ် ခွင့်ပြုချက် မရရှိသေးဘဲ ဆိပ်ကမ်း၊ လေဆိပ်များသို့ သွင်းကုန်များ ကြိုတင်ရောက်ရှိကြောင်း စိစစ်တွေ့ရှိရပါက ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း ၂၀၂၄ ခုနှစ် မေ ၃၀ ရက်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၏ ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့် သတင်းလွှာ (၃/၂၀၂၄) ဖြင့် ထုတ်ပြန်ထားသော်လည်း လိုက်နာဆောင်ရွက်မှုမရှိဘဲ ခွင့်ပြုချက်မရရှိသေးသည့် ကုန်ပစ္စည်းများကို ကြိုတင် တင်သွင်းဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ ထုတ်ပြန်ထားသော ဥပဒေနှင့် စည်းကမ်းများကို အလေးအနက်ထား လိုက်နာ စေရန်ရည်ရွယ်၍ သွင်းကုန်လိုင်စင်/ပါမစ် ခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ ကုန်ပစ္စည်းများ ဆိပ်ကမ်းနှင့် လေဆိပ်များသို့ တင်သွင်းရောက်ရှိမှုမရှိစေရေးအတွက် ထပ်မံနှိုးဆော်အသိပေးကြေညာအပ်ပါသည်။

**ကုန်သွယ်ရေးဦးစီးဌာန**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## ကြော်ငြာစာ

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဇွန် ၂၆ ရက်

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနပိုင်၊ ရန်ကုန်တိုင်းဒေသကြီးရှိ အောက်ဖော်ပြပါ သိုလှောင်ရုံ(၃)လုံးတွဲအား(၃)နှစ်သက်တမ်း (၁)နှစ် တစ်ကြိမ် စာချုပ်ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ငှားရမ်းမည်ဖြစ်ပါသည်-

Lot(1) (က) မရမ်းကုန်းမြို့နယ်၊ နာဂဝင်းရှိ သိုလှောင်ရုံအမှတ် (၅၃၊ ၅၄၊ ၅၅) (၁၀၀'x ၁၅၀'x၁၅') (သွပ်၊သွပ်၊ကွန်)

၂။ အဆိုပါ သိုလှောင်ရုံ (၃) လုံးတွဲအား (၂-၇-၂၀၂၄)ရက်နေ့ နောက်ဆုံးထား၍ အဆိုပြုလျှောက်လွှာဝယ်ယူရမည်ဖြစ်ပါသည်။ အဆိုပြုလွှာနှင့်အတူ မိမိဌာနမှ ငွေစာရင်းဖွင့်လှစ် ထားသည့် မြန်မာ့စီးပွားရေးဘဏ်တွင် စဘော်ငွေပေးသွင်းထားသော P.O Cheque ပူးတွဲ တင်ပြရပါမည်။

၃။ စိတ်ဝင်စားသူများသည် သတ်မှတ်ရက်အတွင်း အဆိုပြုလျှောက်လွှာတင်သွင်းနိုင်ပြီး ၎င်းရက်ထက်ကျော်လွန်ပါက လျှောက်လွှာများကို လက်ခံမည်မဟုတ်ကြောင်း ကြော်ငြာအပ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အမှတ် (၂၂၈/၂၄၀) ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တိုင်းဒေသကြီးဦးစီးမှူး**
**ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့**
**စားသုံးသူရေးရာဦးစီးဌာန**

# ကောက်ရိုးမှို စိုက်ပျိုးဝင်ငွေတိုး

ကောက်ရိုးမှိုသည် မြန်မာလူမျိုးတို့ နှစ်သက်စွာ စားသုံးသော သီးနှံဖြစ်သည်။ ကောက်ရိုးမှိုသည် သဘာဝအလျောက် ကောက်ရိုးပုံ၊ ကောက်ရိုးပြတ်ပုံများမှ အလိုအလျောက် ကောက်ရိုးမှိုများ ပွင့်ထွက်လာသည်ကိုလည်း တွေ့ရသည်။ ကျေးလက်ဒေသများတွင် ကောက်ရိုးပုံများကို ရေလောင်းခြင်း၊ ဆန်ကွဲများ ကြပက်ပေးခြင်းဖြင့် ကောက်ရိုးမှို စိုက်ပျိုးကြကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်တွင် တစ်နိုင်တစ်ပိုင် ကောက်ရိုးမှို စိုက်ပျိုးသူ ပြောပြချက်အရ ကောက်ရိုးမှို စိုက်ပျိုးရာတွင် လိုအပ်သော အခြေခံကုန် ကြမ်းများဖြစ်သည့် သန့်ရှင်းခြောက်သွေ့သော ကောက်ရိုး(သို့မဟုတ်) ရိုးပြတ်များ၊ ဂျပ်စက္ကူများ၊ နွားချေး မြေဆွေး စသည်တို့နှင့် စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးစရိတ်အနေဖြင့် အလျား ကိုးပေနှင့် အကျယ် သုံးပေ တစ်ဘောင်ကို ကျပ် ၂၀၀၀၀ ခန့် ကုန်ကျစရိတ်ရှိကြောင်း၊ ကောက်ရိုးမှိုများကို စိုက်ပျိုးပြီး ၁၅ ရက်ခန့်တွင် စတင်ခူးဆွတ်ရကြောင်း၊ ကောက်ရိုးမှို တစ်ဘောင်လျှင် ၁၀-၁၅ ပိဿာထိ ခူးဆွတ်ရကြောင်း၊ ဈေးကွက်အတွင်း ကောက်ရိုးမှို တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ ခန့် ရောင်းချရ သောကြောင့် စိုက်ပျိုးသူများအနေဖြင့် ထိုက်သင့်သည့် အကျိုးအမြတ်များ ရရှိကြောင်း သိရသည်။ **ဝင်းသန်း(ကျွန်းလှ)**

## မြန်မာ့ဆိပ်ကမ်းတွင် ၂၈.၆.၂၀၂၄ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ကြည့်မြင်တိုင်ဆိပ်ကမ်း | MT.AU VIRGO | P'Oil(In Bulk)တန်ချိန် ၁၇၀၀ ချဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း အမှတ်(၁) | BLPL FAITH | ကုန်သေတ္တာ ၃၄၀ တင် ၂၁၉ချဆဲ |
| | PADIAN-3 | ကုန်သေတ္တာ ၄၈၃ တင် ၃၈၁ချဆဲ (ပူးတွဲလုပ်ဆောင်) |
| အေးရှားဝေါလ်ဆိပ်ကမ်း အမှတ်(၃) | ISEACO WISDOM | ကုန်သေတ္တာ၁၁၆၂ တင်၁၀၅၈ ချဆဲ |
| | MSC FORTUNE | ကုန်သေတ္တာ၄၆၀တင်၅၆၃ချဆဲ(ပူးတွဲလုပ်ဆောင်) |
| | KOTA RUKUN | ကုန်သေတ္တာ ၃၄၃တင်၃ ချရန် |
| အလုံဆိပ်ကမ်းအမှတ်(၁) | VTC OCEAN | ပြောင်းဖူးတန်ချိန် ၂၀၂၀၀ တင်ဆဲ |
| အလုံဆိပ်ကမ်းအမှတ်(၂) | SS-2 | ပြောင်းဖူးတန်ချိန် ၁၀၀၀၀ တင်ရန် |
| အလုံဆိပ်ကမ်းအမှတ်(၃) | OMARI | ပြောင်းတန်ချိန် ၂၀၀၀၀ တင်ဆဲ |
| Yangon Int'l Gateway Terminal | LIMCO LOGGER | ပြောင်းဖူးတန်ချိန် ၁၀၀၀၀ တင်ရန်(ပူးတွဲလုပ်ဆောင်) |
| | BMC ALPHIA | ပြောင်းတန် ၇၈၀၀ တင်ဆဲ |
| စက်မှုဆိပ်ကမ်းအမှတ်(၁) | THURAYAM | ဆန်တန်ချိန် ၁၀၀၀၀ တင်ဆဲ |
| စက်မှုဆိပ်ကမ်းအမှတ်(၂) | TRUE BROTHER | ပြောင်းဖူးတန် ၂၇၅၀၀ တင်ဆဲ |
| စက်မှုဆိပ်ကမ်းအမှတ်(၃) | AS SOPHIA | ကုန်သေတ္တာ ၆၉၈ တင် ၁၁၀၅ချဆဲ(ပူးတွဲလုပ်ဆောင်) |
| | BEYPORE SULTAN | ကုန်သေတ္တာ ၅၆ တင် ရန်(အသင့်စောင့်ဆိုင်း) |
| စက်မှုဆိပ်ကမ်းအမှတ်(၄) | CAPE FELTON | ကုန်သေတ္တာ ၉၇၈ တင် ၉၂၀ ချဆဲ |
| | SINAR SOLO | ကုန်သေတ္တာ ၄၇၇ တင် ၂၃၀ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| ဆူးလေဆိပ်ကမ်းအမှတ်(၁) | CAPRICORN | ဆန်တန်ချိန် ၂၂၀၀၀ တင်ဆဲ |
| ဆူးလေဆိပ်ကမ်းအမှတ်(၃) | BJ QUEEN | ဆန်တန်ချိန် ၁၀၀၀၀ တင်ဆဲ |
| ဆူးလေဆိပ်ကမ်းအမှတ်(၄) | MV. NADA | ပဲမျိုးစုံတန်ချိန် ၂၇၅၀၀တင်ဆဲ |
| ဆူးလေဆိပ်ကမ်းအမှတ်(၅) | DYNASITY | Ureaတန်ချိန် ၂၅၀၀၀/၁၈၁၂၅(Top Up) ချရန် |
| ဆူးလေဆိပ်ကမ်းအမှတ်(၇) | SEA CHAMPION | ဆန်တန်ချိန် ၂၃၀၀၀ တန်တင်ဆဲ |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်းအမှတ်(၂) | NEW SUN BLUE | ပြောင်းဖူးတန်ချိန် ၁၂၅၀၀ တန်တင်ဆဲ |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်းအမှတ်(၃) | MANALI | ပြောင်းဖူးတန်ချိန် ၂၅၀၀၀ တန်တင်ဆဲ |
| Myanmar Integrated Port Limited | TUO JIANG | ပြောင်းဖူးတန်ချိန် ၂၆၅၀၀ တန်တင်ဆဲ |
| | PADIAN-3 | ကုန်သေတ္တာ ၁၄၃ တင် ၇၇ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| | AS SOPHIA | ကုန်သေတ္တာ ၆၈၄ တင် ၂၅၃ချဆဲ(ပူးတွဲလုပ်ဆောင်) |
| သီလဝါဆိပ်ကမ်းအမှတ်(၂) | SS-1 | ပြောင်းဖူးတန်ချိန်၁၅၀၀၀/၂၀၇၂တင်ဆဲ |
| သီလဝါဆိပ်ကမ်းအမှတ်(၃) | DENSA EAGLE | ဆန်တန်ချိန်၃၂၀၀၀ တင်ဆဲ |
| သီလဝါဆိပ်ကမ်းအမှတ်(၄) | DIONE | ဆန်တန်ချိန် ၁၅၀၀၀ တင်ဆဲ |
| သီလဝါဆိပ်ကမ်းအမှတ်(၅) | DDS MARINA | ပြောင်းဖူးတန်ချိန် ၁၂၀၀၀ တန်တင်ဆဲ |
| WILMAR JETTY | MT. THERESA ORION | MOLASSES တန်ချိန် ၁၂၀၀၀ တင်ဆဲ |
| | WOOHYUN STAR | ဆန်တန်ချိန် ၂၀၀၀၀ တန်တင်ရန်(ပူးတွဲလုပ်ဆောင်) |
| | MT. NEXUS | P'Oil(In Bulk)တန်ချိန် ၈၀၀၀ တန်ချဆဲ |
| TMITဆိပ်ကမ်းအမှတ်(၁) | YASMIN | ပြောင်းဖူးတန်ချိန်၂၅၀၀၀တန်တင်ဆဲ |
| TMITဆိပ်ကမ်းအမှတ်(၂) | TRUE FAITH | ပြောင်းဖူးတန်ချိန် ၂၇၅၀၀ တန်တင်ဆဲ |
| IBTT ဆိပ်ကမ်း | UNI SON | Corn တန်ချိန် ၁၁၃၀၀ တန်တင်ဆဲ |
| | PIONEER FORTUNE | Corn တန်ချိန် ၂၅၀၀၀ တန်တင်ဆဲ(ပူးတွဲလုပ်ဆောင်) |
| Myanmar Kong Hua ဆိပ်ကမ်းတံတား | TAY SON-1 | ပြောင်းဖူးတန်ချိန် ၁၂၁၅၀ တန်တင်ဆဲ |
| ရွှေမဲဆိပ်ကမ်း | MV MCL 11 | ပြောင်းဖူးတန်ချိန် ၂၇၀၀ တန်တင်ဆဲ |
| မုတ္တမဆိပ်ကမ်း | MV MCL 14 | ပြောင်းဖူးတန်ချိန် ၂၇၀၀ တန်တင်ဆဲ |
| မင်းထက်မင်းဆိပ်ကမ်း | MV MCL 19 | ပြောင်းဖူးတန်ချိန် ၂၇၀၀ တန်တင်ရန်ရှိ(အလုပ်မလုပ်) |
| | MV MCL 6 | ပြောင်းဖူးတန်ချိန် ၂၇၀၀ တန်တင်ဆဲ |
| MFSLဆိပ်ကမ်း | CITRA | ပြောင်းဖူးတန်ချိန် ၂၆၀၀ တန်တင်ဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| CHAR MOUS | ဆန်တန်ချိန် ၂၀၀၀၀ တန်တင်ရန် | CAMEROON | ၂၂.၆.၂၀၂၄ |
| PARVRAJ | Steel&Equipmentတန်၂၅၄၂၆တန်ချရန် | CHINA | ၂၄.၆.၂၀၂၄ |
| CLIPPER ALEXANDRIA | ဆန်၁၇၈၀၀တန်တင်ရန် | SENEGAL | ၂၄.၆.၂၀၂၄ |
| MESTRO | Ureaတန်ချိန်၂၂၅၇၅ တန်ချရန် | OMAN | ၂၇.၆.၂၀၂၄ |
| THAI BINH 12 | ပြောင်းဖူးတန်၂၀၅၀၀တင်ရန် | THAILAND | ၂၉.၆.၂၀၂၄ |
| NADEEN | Ureaတန်ချိန်၂၀၀၀၀ တန်ချရန် | OMAN | ၂၉.၆.၂၀၂၄ |
| SEASTAR VULCAN | Steel ၁၂၆၀၀တန်ချရန် | CHINA | ၂.၇.၂၀၂၄ |
| THAI BINH 89 | ပြောင်းဖူး၁၃၆၀၀တန်တင်ရန် | THAI LAND | ၅.၇.၂၀၂၄ |
| BBC RUSHMORE | (12 )Units Rail Cars ၃၈၇ ချရန် | SPAIN | ၇.၇.၂၀၂၄ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| PADIAN-3 | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၂၈.၆.၂၀၂၄ |
| BANGKOK | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၉.၆.၂၀၂၄ |
| MSC FORTUNE F | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၉.၆.၂၀၂၄ |
| SINAR SOLO | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၉.၆.၂၀၂၄ |
| ISEACO GENESIS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂.၇.၂၀၂၄ |
| SITC CHENMING | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂.၇.၂၀၂၄ |
| MATHI BHUM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂.၇.၂၀၂၄ |
| SINAR BANDUNG | SINGAPORE | စက်မှုဆိပ်ကမ်း | ၂.၇.၂၀၂၄ |
| TCI ARJUN | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃.၇.၂၀၂၄ |
| MSC ANDREA F | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၄.၇.၂၀၂၄ |
| UNI ACTIVE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၄.၇.၂၀၂၄ |
| PADIAN-4 | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၄.၇.၂၀၂၄ |
| Ti2 APPLE | SINGAPORE | စက်မှုဆိပ်ကမ်း | ၄.၇.၂၀၂၄ |
| SITC CHUNMING | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၄.၇.၂၀၂၄ |

# ပြည်ပဲဈေးကွက်

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ ပဲမျိုးစုံဈေးကွက်တွင် နေ့စဉ် အရောင်းအဝယ်ဖြစ်လျက်ရှိသော ပဲများတွင် မတ်ပဲ၊ ပဲစင်းငုံသီးနှံများမှာ ဈေးပြိုင်မြင့်တက်လျက်ရှိပြီး ကုလားပဲနှင့် ပဲကြီးသီးနှံများအနေဖြင့် ပြည်ပဝယ်လိုအားကောင်းသော မတ်ပဲ၊ ပဲစင်းငုံ သီးနှံများကဲ့သို့ ဈေးကောင်းရရှိမှု မရှိခဲ့ဘဲ ယခုနှစ်မှာ ဈေးအေးနေသော ပဲသီးနှံများဖြစ်ခဲ့ကြောင်း သိရသည်။ ယခုကာလတွင် အဆိုပါပဲများအားလုံး ပဲသစ်ပေါ်ချိန် မဟုတ်သဖြင့် ပဲအဝင်အနည်းငယ်နှင့် လက်ကျန်ပဲများရှိမှုအပေါ် အရောင်းအဝယ်ဖြစ်လျက်ရှိနေခဲ့သည်။ ယခုနှစ်အတွင်း ဈေးမြင့်တက်မှုရှိခဲ့သော မတ်ပဲ၊ ပဲစင်းငုံသီးနှံနှင့် ယခုနှစ်တွင် ဈေးငြိမ်နေခဲ့သော ပဲကြီး၊ ကုလားပဲသီးနှံများ နှစ်အလိုက် ကာလတူ အချိန်အရောင်းအဝယ်ဖြစ်ခဲ့သည့် ဈေးနှုန်းများကို အောက်ပါ အတိုင်း သိရသည်-

| စဉ် | ပဲအမျိုးအစား | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄(တင်းဈေး) |
|---|---|---|---|---|---|---|
| | | ဇွန် | ဇွန် | ဇွန် | ဇွန် | ဇွန်(ကျပ်) |
| ၁။ | မတ်ပဲ | ၃၂၀၀၀ | ၃၈၀၀၀ | ၅၄၀၀၀ | ၇၂၅၀၀ | ၁၁၀၀၀၀ |
| ၂။ | ပဲစင်းငုံ | ၂၆၀၀၀ | ၃၄၅၀၀ | ၄၈၅၀၀ | ၉၈၀၀၀ | ၁၄၅၀၀၀ |
| ၃။ | ကုလားပဲ | ၂၅၃၀၀ | ၃၁၀၀၀ | ၄၉၅၀၀ | ၈၇၀၀၀ | ၈၆၅၀၀ |
| ၄။ | ပဲကြီး(ရွှေကျွန်း) | ၂၈၀၀၀ | ၄၅၀၀၀ | ၄၅၀၀၀ | ၉၈၀၀၀ | ၉၂၀၀၀ |
| | (ကမ်းနား) | ၂၅၀၀၀ | ၄၀၀၀၀ | ၇၀၀၀၀ | ၉၃၀၀၀ | ၈၅၀၀၀ |

မတ်ပဲသီးနှံအနေဖြင့် ငါးနှစ်တာကာလအတွင်း နှစ်အလိုက် ဈေးနှုန်းများ နှိုင်းယှဉ်မှုအရ နှစ်စဉ်ပဲဈေးကွက်အတွင်း အခြားပဲများဖြစ်သော ပဲစင်းငုံ၊ ကုလားပဲ စသည့် သီးနှံများထက် ဈေးပိုရနေခဲ့ပြီး ပဲကြီးသီးနှံဈေးထက် ၂၀၂၀ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်များတွင်သာ ဈေးပိုပြီး ကျန်နှစ်များမှာ ပဲကြီးသီးနှံဈေးထက် လျော့နည်းရောင်းဝယ်မှု ဖြစ်ခဲ့သည်။ မတ်ပဲသီးနှံသည် ယခုမိုးရာသီကာလတွင် ပဲဟောင်းလက်ကျန်များဖြင့်သာ ရောင်းဝယ်နေသည့်အတွက် အိတ်၂၀၀ ကျော် ရောင်းဝယ်မှုဖြစ်ခဲ့ပြီး ပဲသစ်ပေါ်ချိန်ကာလများတွင် အရောင်းအဝယ်ဖြစ်မှု ပိုများသည့်အတွက် အိတ်ရေ အများအပြား ဝယ်လက်ပေါ်မူတည်၍ ရောင်းဝယ်မှုဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် ပဲသစ်ပေါ်စကတည်းက ဈေးကောင်းရခဲ့ပြီး ပိဿာ ၂၀ တစ်တင်းလျှင် ကျပ်ကိုးသောင်းကျော်ဖြင့် ဈေးဖွင့်ခဲ့ပြီး ပဲအဝင်ပါးချိန် ယခုကာလတွင် ပဲတစ်တင်း ကျပ်တစ်သိန်းကျော်အထိ ဈေးဖွင့်ခဲ့ပြီး ပဲအဝင်ပါးချိန် ယခုကာလတွင် ပဲတစ်တင်း ကျပ်တစ်သိန်းကျော်အထိ ရောင်းဝယ်မှုဖြစ်နေခဲ့သည်။

ပဲစင်းငုံသီးနှံမှာ ယခုနှစ်တွင် ပဲဈေးကွက်အတွင်း ဈေးအမြင့်ဆုံးဖြင့် အခြားပဲများထက် ရောင်းဝယ်နေရသလို ပြည်ပဝယ်လက်ပဲဈေးကွက်မှာလည်း စံချိန်တင်မြင့်တက်ခဲ့သည့် သီးနှံတစ်မျိုးဖြစ်ခဲ့သည်။ ငါးနှစ်တာဈေးနှုန်းနှိုင်းယှဉ်မှုအခြေအနေအရ မတ်ပဲသီးနှံထက် နှစ်စဉ်ဈေးလျော့ ရောင်းဝယ်ခဲ့ရပြီး ယခင်နှစ်ကစ၍ ပဲဈေးကွက်မှာ မတ်ပဲဈေးထက် ဈေးပိုရလာခဲ့ပြီး ယခုနှစ်တွင် ပဲစင်းငုံသီးနှံဈေးနှုန်းမှာ ပြည်ပဝယ်လိုအားရှိမှုအပေါ် မူတည်၍ ရောင်းဝယ်မှုဖြစ်ခဲ့ကာ ပိဿာ ၂၀ တစ်တင်း ကျပ် ၁၄၅၀၀၀ အထိ ထိပ်ဆုံးမှာ ရပ်တည်လျက်ရှိခဲ့သည်။ ပဲစင်းငုံသီးနှံသည် တစ်နှစ်တာလုံး ပဲဈေးကွက်မှာ ရောင်းဝယ်မှုဖြစ်နေသည့် ပဲသီးနှံဖြစ်သော်လည်း ပဲအထွက်လှိုင်ချိန် ဇန်နဝါရီ၊ ဖေဖော်ဝါရီ ကာလများတွင် နေ့စဉ်ပဲဝင်ရောက်နေမှုများ ရှိခဲ့သလို ဝယ်လိုအားကလည်း အဝင်ရှိသလောက် အရောင်းအဝယ်ဖြစ်ခဲ့သည်။ ကျန်ကာလများတွင် လှောင်ပဲလက်ကျန်များဖြင့် ရန်ကုန်ဝယ်လက်ရှိမှုအပေါ် မူတည်၍ ရက်ခြားရောင်းဝယ်မှုဖြစ်ခဲ့သည်။


ကုလားပဲသီးနှံအနေဖြင့် ပဲဈေးကွက်မှာ ပြည်တွင်းဝယ်လက်သမားများပါ လက်လီ/လက်ကား ရောင်းဝယ်မှုအဖြစ်များသည့်အတွက် နေ့စဉ်ပဲခွဲစက်သမားများ အဓိကဝယ်ယူမှုရှိသည့် သီးနှံဖြစ်ပြီး ပဲဈေးနှုန်းမှာ ငါးနှစ်တာကာလဖြစ်ပေါ်ခဲ့သည့် ဈေးနှုန်းအရ ၂၀၂၃ ခုနှစ်မှစ၍ အခြားပဲ

**ခင်ဆွေဝင်း(ပြည်)**

များနည်းတူ ပဲဈေးနှုန်းများမြင့်တက်လာပြီး ပိဿာ ၂၀ တစ်တင်း ကျပ် ရှစ်သောင်းကျော်ဖြင့်ရောင်းဝယ်ခဲ့သည်။

၂၀၂၃ ခုနှစ်တွင် ကုလားပဲသီးနှံဈေးသည် မတ်ပဲသီးနှံထက် ဈေးလျော့နေခဲ့သော်လည်း ယခုနှစ်တွင် မတ်ပဲသီးနှံဈေးနှုန်းများ ယခင်နှစ်ထက် မြင့်တက်လာမှုကြောင့် ကုလားပဲသီးနှံဈေးနှုန်းမှာ မတ်ပဲသီးနှံဈေးထက် ဈေးလျော့သွားခဲ့သလို ယခုနှစ်က ကာလတူဈေးနှုန်းထက်လည်း လျော့နည်းနေခဲ့သည်ကိုတွေ့ရသည်။ ထို့ကြောင့် ယခုနှစ်အတွင်း အဝယ်များအားလုံးလိုလို ဈေးမြင့်မှုများရှိသော်လည်း ပြည်ပစားသုံးမှုရှိသော ကုလားပဲသီးနှံ ဈေးအေးနေသည့်နှစ် ဖြစ်ခဲ့သည်။

ပြည်တွင်းပဲဈေးကွက်တွင် အခြားပဲများနှင့်ယှဉ်လျှင် နှစ်စဉ်လိုလို ဈေးကောင်းရသည့် ပဲကြီးသီးနှံသည် ယခုနှစ်တွင် ပြည်ပဝယ်လိုအားကောင်းသော မတ်ပဲ၊ ပဲစင်းငုံသီးနှံများ ဈေးနှုန်းမြင့် တက်လာမှုများကြောင့် အဆိုပါပဲများထက် ဈေးလျော့နေခဲ့သလို ယခုနှစ်ကဈေးနှုန်းထက်လည်း ဈေးလျော့နည်းရောင်းဝယ်နေခဲ့ကြသည်။ ပဲကြီးသီးနှံ၏ ယခုနှစ်ရရှိသော ဈေးမှာ ရွှေကျွန်း ပိဿာ ၂၀ တစ်တင်း ကျပ် ၉၂၀၀၀၊ ကမ်းနား ပိဿာ ၂၀ တစ်တင်း ကျပ် ၈၅၀၀၀ ဖြင့် အသီးသီး ရောင်းဝယ်နေကြသည့်အတွက် ယခင်နှစ်ကရရှိသောဈေးထက် တစ်တင်းလျှင် ကျပ် ၅၀၀၀ ကျော်ခန့် လျော့နည်း ရောင်းဝယ်နေခဲ့ကြပြီး ပဲကြီးသီးနှံအား ဒေသတွင်း ပဲကြော်၊ ပဲလှော်ဖို လုပ်ငန်းသမားများ အဓိက ရောင်းဝယ်မှုဖြစ်ကြသည်။ နေ့စဉ်ပဲဈေးကွက်မှာ အိတ် ၂၀၀/၃၀၀ ကျော်ပုံမှန်ရောင်းဝယ်လျက်ရှိပြီး ပဲအဝင်မရှိတော့ဘဲ လက်ကျန်ပဲများဖြင့်သာ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။



## ပြည်ပဆန်ဈေးနှုန်းများ

မြန်မာနိုင်ငံဆန် စပါးအသင်းချုပ်မှ (၂၆-၆-၂၀၂၄ မှ ၂-၇-၂၀၂၄) ထိ ဆန်ဈေးနှုန်းများ

| စဉ် | အမျိုးအမည် | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken (Well Milled Double Polished Sortexed) | 555 - 560 | |
| 2 | Myanmar Long Grain White Rice 10% Broken (Well Milled Double Polished Sortexed) | 550 - 555 | |
| 3 | Myanmar Long Grain White Rice 15% Broken (Well Milled Double Polished Sortexed) | 545 - 550 | |
| 4 | Myanmar Long Grain White Rice 25% Broken (Well Milled Double Polished Sortexed) | 540 - 545 | |
| 5 | Myanmar Long Grain White Rice 25% Broken (Reasonable Well Milled) | 515 - 520 | |
| 6 | Myanmar Long Grain White Rice (Kayinma) 5% Broken(Well Milled Double Polished Sortexed) | 560 - 570 | |
| 7 | Myanmar Long Grain White Rice (Kayinma) 10% Broken(Well Milled Double Polished Sortexed) | 550 - 560 | |
| 8 | Myanmar Long Grain White Rice (Kayinma) 15% Broken(Well Milled Double Polished Sortexed) | 545 - 550 | |
| 9 | Myanmar Long Grain White Rice (Kayinma) 25% Broken(Well Milled Double Polished Sortexed) | 540 - 550 | |
| 10 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 555 - 560 | |
| 11 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 550 - 555 | |
| 12 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 545 - 550 | |
| 13 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 540 - 545 | |
| 14 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Softexed) | 555 - 560 | |
| 15 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Softexed) | 550 - 555 | |
| 16 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Softexed) | 545 - 550 | |
| 17 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Softexed) | 540 - 545 | |
| 18 | Myanmar White Rice Tun Pu(or)Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 555 - 560 | |
| 19 | Myanmar White Rice Tun Pu(or)Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 550 - 555 | |
| 20 | Myanmar White Rice Tun Pu(or)Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 545 - 550 | |
| 21 | Myanmar White Rice Tun Pu(or)Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 540 - 550 | |
| 22 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 640 - 645 | |
| 23 | Myanmar Parboiled Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 635 - 645 | |
| 24 | A-1 , 2 (Sortexed) | 420 - 425 | |
| 25 | B-1 , 2 (Sortexed) | 405 - 410 | |
| 26 | B-1,2 (Non-Sortexed) | 380 - 385 | |

Source : မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

# ပြည်နှမ်းဈေးကွက်

ပြည်ခရိုင်အတွင်းတွင် နှမ်းနီဈေးများမြင့်တက်ပြီး နှမ်းနက်နှင့် စမုံနက်နှမ်းဈေးများ အနည်းငယ်ကျဆင်းလာကြောင်း သိရသည်။ ဈေးနှုန်းအနေဖြင့်လည်း ယခင်နှစ် ဇွန်လကုန်ပတ်တွင် နှမ်းနီသုံးတင်း တစ်အိတ်လျှင် ကျပ် ၂၆၅၀၀၀၊ ယခုနှစ် ဇွန်လကုန်ပတ်တွင် နှမ်းနီသုံးတင်း တစ်အိတ်လျှင် ကျပ် ၃၇၀၀၀၀ ဖြင့် ယခုနှစ်တွင် ကျပ် ၁၀၅၀၀၀ ခန့် ဈေးမြင့်တက်လာခဲ့သလို နှမ်းနက်ဈေးမှာလည်း ယခင်နှစ်တွင် သုံးတင်းတစ်အိတ်လျှင် ကျပ် ၃၀၀၀၀၀ ဖြစ်ခဲ့ပြီး ယခုနှစ်ဖြစ်သော ဇွန်လကုန်အပတ်တွင် သုံးတင်းတစ်အိတ်လျှင် ကျပ် ၃၇၀၀၀၀ ဖြစ်၍ ယခုနှစ်တွင် ကျပ် ၇၀၀၀၀ ဈေးမြင့်လာခဲ့သည်။

ထို့အတူ စမုန်နက်နှမ်းဈေးမှာလည်း ၂၀၂၃ ခုနှစ် ဇွန်လကုန်ပိုင်းတွင် သုံးတင်းတစ်အိတ်လျှင် ကျပ် ၃၃၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခုနှစ်ဖြစ်သော ၂၀၂၄ ခုနှစ်၊ ဇွန်လကုန်ပတ်တွင် စမုန်နက်နှမ်း သုံးတင်းတစ်အိတ်လျှင် ကျပ် ၃၈၅၀၀၀ ဖြင့် ယခုနှစ်တွင် ကျပ် ၅၅၀၀၀ ပိုလာခဲ့သည်။ နှမ်းနီမှာ ပြည်ခရိုင်အတွင်း စိုက်ပျိုးမှုနည်းပြီး လိုအပ်သည့်နှမ်းနီကို အခြားတိုင်းဒေသကြီးများမှ ဝယ်ယူရသဖြင့် ဈေးနှုန်းမြင့်တက်လာခြင်းဖြစ်ပြီး ဆီစက်သမားများက လည်းဆီကြိတ်ခွဲရန်ဝယ်ယူမှုရှိ၍ ဈေးပိုလာခဲ့ခြင်းဖြစ်သည်။

နှမ်းဈေးများမှာ ယခင်နှစ်နှင့်နှိုင်းယှဉ်လျှင် ဈေးပိုလာခဲ့ပေမယ့် ယခုနှစ် မေလကုန်နှင့်နှိုင်းယှဉ်လျှင် ဈေးနှုန်းအနည်းငယ်လျော့နည်းလာသည်ကို တွေ့ရသည်။ ထိုသို့ ဈေးနှုန်းလျော့နည်းလာရခြင်းမှာ မိုးနှမ်းများ စိုက်ပျိုးချိန်ဖြစ်၍ လက် ကျန်ရှားပြီး အရောင်းအဝယ်ပါးလာ၍ ဖြစ်သည်ဟု သိရသည်။

**ဝေဝေမင်း(ပြည်)**

# အိန္ဒိယနိုင်ငံ၏ ပို့ကုန်သွင်းကုန် မူဝါဒအဓိပ္ပာယ်၊ ရည်ရွယ်ချက်၊ လုပ်ဆောင်ချက်၊ အင်္ဂါရပ်နှင့် အကျိုးကျေးဇူးများ

သိန်းမြင့်ဝေ

အိန္ဒိယနိုင်ငံ၏ ပို့ကုန်သွင်းကုန်မူဝါဒ (EXIM Policy) ကို နိုင်ငံခြားကုန်သွယ်မှုမူဝါဒ (Foreign Trade Policy - FTP) ဟုလည်း ခေါ်ဆိုသည်။ ပို့ကုန်သွင်းကုန် ပေါ်လစီ (Export-Import Policy) ကို ၁၉၉၂ ခုနှစ် နိုင်ငံခြားကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းကျောင်းရေး အက်ဥပဒေ (Foreign Trade Development and Regulation Act) အရ ထိန်းချုပ်ထားသည်။ နိုင်ငံခြားကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနသည် အိန္ဒိယနိုင်ငံ၏ ပို့ကုန်သွင်းကုန်မူဝါဒကို အဓိကတာဝန်ယူဆောင်ရွက်ရသည့် အဖွဲ့အစည်းဖြစ်သည်။

## အဓိပ္ပာယ်သတ်မှတ်ချက်

ပို့ကုန်သွင်းကုန်မူဝါဒ၌ ကုန်စည်နှင့် ဝန်ဆောင်မှုများ တင်ပို့တင်သွင်းခြင်းဆိုင်ရာ လမ်းညွှန်ချက်များ ပါရှိသည်။ ပို့ကုန်သွင်းကုန်မူဝါဒ၏ အဓိကရည်ရွယ်ချက်မှာ ပို့ကုန်နှင့် သွင်းကုန်များ လွယ်ကူချောမွေ့စေရန်နှင့် နိုင်ငံခြားကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်စေရန် ဖြစ်သည်။

၁၉၉၂ ခုနှစ် နိုင်ငံခြားကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းကျောင်းရေးအက်ဥပဒေအရ အိန္ဒိယအစိုးရသည် ပို့ကုန် သွင်းကုန်မူဝါဒကို ငါးနှစ်တစ်ကြိမ် ပြင်ဆင်ဖြည့်စွက်သည်။ ထို့ကြောင့် အိန္ဒိယ ပို့ကုန်သွင်းကုန်မူဝါဒ၏ သက်တမ်းမှာ ငါးနှစ်ဖြစ်သည်။ ဘဏ္ဍာရေးဝန်ကြီးဌာနသည် နိုင်ငံခြားကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနတို့နှင့် ပူးပေါင်း၍ အိန္ဒိယနိုင်ငံ၏ ပို့ကုန်သွင်းကုန်မူဝါဒ ပြင်ဆင်ချက် သို့မဟုတ် ပြောင်းလဲမှုများကို ကြေညာသည်။

၂၀၀၄ ခုနှစ်တွင် EXIM Policy ကို နိုင်ငံခြား ကုန်သွယ်မှုမူဝါဒ (FTP) ဟူ၍ အမည်ပြောင်းလဲခဲ့သည်။ အိန္ဒိယနိုင်ငံ၌ နိုင်ငံခြားကုန်သွယ်မှုကို ကျယ်ကျယ်ပြန့်ပြန့် ချဉ်းကပ်နိုင်ရန်အတွက် ထိုကဲ့သို့ အမည်ပြောင်းလဲခဲ့ခြင်းဖြစ်သည်။ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနသည် ၂၀၂၃ ခုနှစ် ဧပြီ ၁ ရက်တွင် နိုင်ငံခြားကုန်သွယ်မှုမူဝါဒ စတင်အသက်ဝင်ကြောင်း ၂၀၂၃ ခုနှစ် မတ်လတွင် ကြေညာခဲ့သည်။ နိုင်ငံခြားကုန်သွယ်မှုမူဝါဒ (၂၀၂၃-၂၀၂၈) သည် အိန္ဒိယအား ပို့ကုန်ဗဟိုချက် (Export hub) ဖြစ်လာစေရန်နှင့် အိန္ဒိယအား ကမ္ဘာ့တန်ဖိုးကွင်းဆက် (Global value chains) အတွင်း ပိုမိုပေါင်းစည်းရန် ရည်ရွယ်သည်။ နိုင်ငံခြား ကုန်သွယ်မှုမူဝါဒက ပို့ကုန်လုပ်ငန်းရှင်များအတွက် အထောက်အကူဖြစ်စေသော စီးပွားရေးပတ်ဝန်းကျင် ဖန်တီးပေးသည်။ ထို့ပြင် နိုင်ငံခြားကုန်သွယ်မှုမူဝါဒက ကိုယ်တိုင်ဖူလုံမှုရှိရေး (Atmanirbhar or Self-reliant) ဟူသော အိန္ဒိယနိုင်ငံ၏ မျှော်မှန်းချက်နှင့် ကိုက်ညီသည်။

## ရည်ရွယ်ချက်များ

ပို့ကုန်သွင်းကုန်မူဝါဒ၏ ပထမရည်ရွယ်ချက်မှာ အိန္ဒိယ၏ ပို့ကုန်နှင့် သွင်းကုန်များ တိုးတက်လာစေရန်ဖြစ်သည်။ ဒုတိယ ရည်ရွယ်ချက်မှာ ပစ္စည်းအစိတ်အပိုင်း၊ ကြားခံပစ္စည်း၊ မရှိမဖြစ် ကုန်ကြမ်း၊ လူသုံးကုန်နှင့် ရင်းနှီးကုန်စည်များ တိုးချဲ့ကုန်သွယ်ခြင်းဖြင့် ရေရှည်စီးပွားရေး တိုးတက်စေရန်ဖြစ်သည်။ တတိယရည်ရွယ်ချက်မှာ စိုက်ပျိုးရေးဝန်ဆောင်မှုနှင့် စက်မှုလုပ်ငန်းယှဉ်ပြိုင်နိုင်စွမ်း မြှင့်တင်ရန်၊ အလုပ်အကိုင် အခွင့်အလမ်းသစ် ဖန်တီးရန်နှင့် နိုင်ငံတကာ အရည်အသွေး စံနှုန်းများ ရရှိစေရန်ဖြစ်သည်။

စတုတ္ထရည်ရွယ်ချက်မှာ အ ရည်အသွေးမြင့် ကုန်စည်နှင့် ဝန်ဆောင်မှုများကို သက်သာသောဈေးနှုန်းဖြင့် ရရှိစေရန်ဖြစ်သည်။ နောက်ထပ်ရည်ရွယ်ချက်မှာ လိုအပ်သော ကုန်ကြမ်း၊ ရင်းနှီးကုန်စည်၊ တပ်ဆင်မှု၊ လူသုံးကုန်၊ ကြားခံကုန်စည်အပြင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတိုးချဲ့ရာတွင် မရှိမဖြစ်လိုအပ်သော အစိတ်အပိုင်းများ ပံ့ပိုးပေးခြင်းအားဖြင့် စီးပွားရေးချဲ့ထွင်ရန်ဖြစ်သည်။

ဆဋ္ဌမရည်ရွယ်ချက်မှာ စိုက်ပျိုးရေးလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းနှင့် ကုမ္ပဏီများ၏ နည်းပညာဆိုင်ရာ ကုန်ထုတ်စွမ်းအားနှင့် စွမ်းဆောင်ရည် မြှင့်တင်ရန်ဖြစ်သည်။ ထို့ပြင် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပြီး ပြိုင်ဆိုင်မှုစွမ်းအား မြှင့်တင်ရန်နှင့် ကမ္ဘာလုံးဆိုင်ရာ အသိအမှတ်ပြု အရည်အသွေးစံနှုန်းများ ရရှိစေရန်ဖြစ်သည်။ နောက်ဆုံးရည်ရွယ်ချက်မှာ စားသုံးသူများအား ကမ္ဘာတစ်ဝန်း ယှဉ်ပြိုင်နိုင်သောဈေးနှုန်းဖြင့် ကောင်းမွန်သည့်ကုန်စည်နှင့် ဝန်ဆောင်မှုများ ဖြည့်ဆည်းပေးရန်ဖြစ်သည်။

## အင်္ဂါရပ်များ

၂၀၂၃ ခုနှစ် ပို့ကုန်သွင်းကုန်မူဝါဒ (EXIM Policy 2023) ၏ သက်တမ်းမှာ ၂၀၂၃ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၂၈ ခုနှစ် မတ် ၃၁ ရက်ထိ ဖြစ်သည်။ EXIM Policy 2023 ၏ အင်္ဂါရပ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**ပို့ကုန်စွမ်းဆောင်ရည်ကောင်းသောမြို့** - ဥပမာ မစ်ဇပူရ်၊ ဖာရိဒဘတ်၊ ဗာရာဏသီနှင့် မိုရဒဘတ်ဟူသော မြို့သစ်လေးမြို့ကို လက်ရှိ ၃၉ မြို့နှင့်အတူ ပို့ကုန်စွမ်းဆောင်ရည်ကောင်းသော မြို့များ (Towns of Export Excellence-TEEs) အဖြစ် သတ်မှတ်ထားသည်။ TEE များသည် ဈေးကွက်ရရှိရေး အစီအစဉ် (Market Access Initiative) အရ ပို့ကုန်မြှင့်တင်ရေးရန်ပုံငွေများ ရရှိနိုင်သည်။ ထို့ပြင် TEE များသည် ရင်းနှီးကုန်စည် ပိုမိုတင်ပို့ရေးအစီအစဉ် (EPCG) အရ ဝန်ဆောင်မှုပေးသည့် ကုမ္ပဏီ (Common Service Provider) ၏ လုပ်ငန်းဆိုင်ရာ အကူအညီများ ရရှိနိုင်သည်။

ရင်းနှီးကုန်စည် ပိုမိုတင်ပို့ရေး အစီအစဉ် (Export Promotion Capital Goods - EPCG) ဆိုသည်မှာ ပို့ကုန် ပြန်လည်တင်ပို့ရန်အတွက် ရင်းနှီးကုန်စည်များကို အကောက်ခွန်မဲ့ တင်သွင်းခွင့်ပြုခြင်းဖြစ်သည်။ ဤအစီအစဉ်အရ လက်မှုပညာပစ္စည်း၊ လက်ရက်ကန်းထည်နှင့် ကော်ဇောတင်ပို့မှုကို မြှင့်တင်ပေးသည်။ ဝန်ဆောင်မှုပေးသည့် ကုမ္ပဏီ (Common Service Provider) ဆိုသည်မှာ ပို့ကုန်စွမ်းဆောင်ရည်ကောင်းသည့် မြို့၌ လုပ်ငန်းအခက်အခဲနှင့် ရင်ဆိုင်နေရသော ကုန်သည်လုပ်ငန်းရှင်အား ကူညီသည့် ကုမ္ပဏီဖြစ်သည်။

**ပို့ကုန်လုပ်ငန်းရှင်အား အသိအမှတ်ပြုခြင်း** - ပို့ကုန်စွမ်းဆောင်ရည်ကောင်းမွန်သည်ဟု အသိအ မှတ်ပြုခံထားရသော ပို့ကုန်ကုမ္ပဏီသည် စွမ်းရည်တည်ဆောက်ရေး အစီအစဉ်များ (Capacity- building initiatives) ၌ ပူးပေါင်းပါဝင်နိုင်သည်။ ထိုကဲ့သို့ပါဝင်ရာ၌ လက်တွေ့နမူနာယူနိုင်သော သင်ရိုးညွှန်းတမ်းဖြင့် စိတ်ပါဝင်စားသူ တစ်ဦးချင်းအား ကုန်သွယ်မှုဆိုင်ရာသင်တန်း (Trade-related training) တက်ရောက်ခွင့်ပြုသည်။ အထူးသဖြင့် ပို့ကုန်စွမ်းဆောင်ရည်ကောင်းမွန်သည်ဟု အသိအမှတ်ပြုခံထားရသော ကြယ်နှစ်ပွင့်နှင့် အထက် အဆင့်အတန်းရှိသည့် ပို့ကုန်လုပ်ငန်းများ (Two-star and above status holders) ကို သင်တန်းတက်ရောက်ရန် ဦးစားပေးသည်။

**ခရိုင်အဆင့် ပို့ကုန်မြှင့်တင်ခြင်း** - နိုင်ငံခြားကုန်သွယ်မှုမူဝါဒအရ အိန္ဒိယအစိုးရသည် ပြည်နယ်အစိုးရများနှင့် မိတ်ဖက်အဖြစ် ပူးပေါင်းဆောင်ရွက်သည်။ ထို့ပြင် ခရိုင်အဆင့် ပို့ကုန်မြှင့်တင်ရေးနှင့် ပို့ကုန်ဖွံ့ဖြိုးရေးအရှိန်အဟုန် မြှင့်တင်ရန်အတွက် ပို့ကုန်ဗဟိုချက် ခရိုင်အစီအစဉ် (Districts as Export Hubs - DEH) ကို အကောင်အထည်ဖော်သည်။

**နှစ်မျိုးသုံး ကုန်စည်တင်ပို့မှု လွယ်ကူချောမွေ့စေခြင်း** - အိန္ဒိယနိုင်ငံသည် နှစ်မျိုးသုံး အဆင့်မြင့် နည်းပညာနှင့် ကုန်ပစ္စည်းများ (Dual-use high-end technologies and goods) တင်ပို့မှုကို ထိန်းချုပ်ထားသည်။ ၎င်းတို့မှာ အထူးဓာတုပစ္စည်း၊ သက်ရှိများ၊ အထည်အလိပ်၊ စက်ပစ္စည်းနှင့် နည်းပညာများ (Special Chemicals, Organisms, Materials, Equipment and Technologies -SCOMET) ဖြစ်သည်။ ၎င်းတို့ကို သက်ဆိုင်သူများကြား ပိုမိုကျယ်ပြန့်စွာ ဖြန့်ဝေထားသောကြောင့် ထိန်းချုပ်ကုန်စည်များဖြစ်ကြောင်း နားလည်ကြသည်။ နိုင်ငံခြားကုန်သွယ်မှုမူဝါဒသည် အိန္ဒိယပါဝင်သော နိုင်ငံတကာ သဘောတူညီချက်နှင့် စာချုပ်များ အကောင်အထည်ဖော်မှုကို ပိုမိုအားကောင်းစေသည်။ ခိုင်မာသော ပို့ကုန်ထိန်း ချုပ်မှုစနစ်က အိန္ဒိယ ပို့ကုန်လုပ်ငန်းရှင်များအတွက် နှစ်မျိုးသုံးကုန်စည်များ ဝယ်ယူရရှိစေသည်။ ထို့ပြင် အိန္ဒိယက ထိန်းချုပ်ထားသော နှစ်မျိုးသုံးကုန်စည်များ တင်ပို့မှုကိုလည်း လွယ်ကူချောမွေ့စေသည်။

**e-Commerce ပို့ကုန်များ လွယ်ကူချောမွေ့စေခြင်း** - နိုင်ငံခြား ကုန်သွယ်မှုမူဝါဒသည် အီလက်ထရွန်နစ် ကူးသန်းရောင်းဝယ်ရေးစင်တာ (e-Commerce hubs) တည်ထောင်ရန်နှင့် ဆက်စပ်ကိစ္စရပ်များ ဆောင်ရွက်ရန်အတွက် လမ်းပြမြေပုံကို အကြမ်းဖျဉ်း ဖော်ပြထားသည်။ စာရင်း ရေးသွင်းခြင်း (Bookkeeping)၊ ကုန်ပစ္စည်းပြန်လည်ပေးပို့သည့် ပေါ်လစီ (Returns policy) ငွေကြေးပေးချေမှု ညှိနှိုင်းခြင်း (Payment reconciliation) နှင့် ပို့ကုန် ရပိုင်ခွင့် (Export entitlements) ကဲ့သို့သော ကိစ္စရပ်များအတွက် လမ်းပြမြေပုံ ဖော်ပြထားခြင်းဖြစ်သည်။

**ရင်းနှီးကုန်စည် ပိုမိုတင်ပို့ရေးအစီအစဉ်** - ရင်းနှီးကုန်စည် ပိုမို တင်ပို့ရေးအစီအစဉ် (EPCG) ဆိုသည်မှာ ပို့ကုန်ပြန်လည်တင်ပို့ရန်အတွက် ရင်းနှီးကုန်စည်များကို အကောက်ခွန်မဲ့ တင်သွင်းခွင့်ပြုခြင်း ဖြစ်သည်။ အထည်အလိပ်နှင့် အဝတ်အစားဇုန် အစီအစဉ် (Mega Integrated Textile Region and Apparel Parks) ကို EPCG ၏ Common Service Provider အစီအစဉ်အရ အကျိုးခံစားခွင့်ရရှိရန် ထပ်မံထည့်သွင်းထားခြင်း ဖြစ်သည်။

**ပို့ကုန်တာဝန် ကင်းလွတ်ခွင့်ပြုခြင်း** - နို့ထွက်ပစ္စည်းကဏ္ဍ၏ နည်းပညာ အဆင့်မြှင့်တင်နိုင်ရေးအတွက် နို့ထွက်ပစ္စည်းကဏ္ဍကို ပို့ကုန်တာဝန် (Export obligation) ကင်းလွတ်ခွင့် ပြုထားသည်။ ပို့ကုန်တာဝန်ဆိုသည်မှာ ပို့ကုန်လုပ်ငန်းရှင်သည် တင်သွင်းလာသော ရင်းနှီးကုန်စည်ကို အသုံးပြု၍ ထုတ်လုပ်သည့် ကုန်ချောအား တင်ပို့ရခြင်း ဖြစ်သည်။ ဒေါင်လိုက် လယ်ယာသုံး စက်ကိရိယာ (Vertical farming equipment)၊ ဘက်ထရီလျှပ်စစ်ယာဉ်၊ မိုးရေသိုလှောင်ခြင်း၊ မိုးရေ စစ်ထုတ်ခြင်း၊ ရေဆိုးသန့်စင်ခြင်းနှင့် ပြန်လည်အသုံးပြုခြင်းအပြင် အစိမ်းရောင်ဟိုက်ဒရိုဂျင်(Green hydrogen)တို့ကို အစိမ်းရောင်နည်းပညာ ထုတ်ကုန်များအဖြစ် ပေါင်းထည့်သတ်မှတ်ထားသည်။ ထိုကဲ့သို့ သတ်မှတ်ရခြင်းမှာ EPCG အစီအစဉ်အရ ပို့ကုန်တာဝန် လျှော့ချရန်အတွက်ဖြစ်သည်။

**ကြိုတင်ခွင့်ပြုချက်စနစ်အရ ပံ့ပိုးကူညီခြင်း** - ကြိုတင်ခွင့်ပြုချက် အစီအစဉ် (Advance Authorisation Scheme) သည် ပို့ကုန်ထုတ်လုပ်တင်ပို့ရန်အတွက် အခွန်ကောက်လွတ် ကုန်ကြမ်းတင်သွင်းခွင့်ပြုခြင်း ဖြစ်သည်။ ဤအစီအစဉ်သည် ပို့ကုန်မြှင့်တင်ရေးယူနစ် (Export Oriented Units)၊ အထူးစီးပွားရေးဇုန် (SEZs) တို့နှင့် ဆင်တူသည်။ ပို့ကုန်မြှင့်တင်ရေး ယူနစ်ဆိုသည်မှာ ထုတ်လုပ်မှုစွမ်းရည် တိုးမြှင့်ခြင်းအားဖြင့် နိုင်ငံ၏ ပို့ကုန်မြှင့်တင်ရန်နှင့် နိုင်ငံခြားဝင်ငွေ ပိုမိုရရှိစေရန် ဆောင်ရွက်သော ဌာနခွဲများဖြစ်သည်။ ကုန်ထုတ်လုပ်ငန်းစုနှင့် ပို့ကုန်မြှင့်တင်ရေးကောင်စီ (Export Promotion Councils) တို့ကြား အပြန်အလှန် ချိတ်ဆက်မှုအပေါ် အခြေခံ၍ ကြိုတင်ခွင့်ပြုချက် အစီအစဉ်အရ ပံ့ပိုးကူညီမှု ရရှိနိုင်သည်။

**တင်ပို့တင်သွင်းခြင်း** - နိုင်ငံခြားကုန်သွယ်ရေးပေါ်လစီ (FTP) အရ တင်ပို့တင်သွင်းသည့် ကုန်စည်နှင့် ဝန်ဆောင်မှုများကို တားမြစ်ပိတ်ပင်ခြင်း သို့မဟုတ် ကန့်သတ်ခြင်း ဆောင်ရွက်နိုင်သည်။ အိန္ဒိယဆိပ်ကမ်း အသုံးမပြုဘဲ အိန္ဒိယနိုင်ငံ၏ နယ်နိမိတ်ဖြတ်သန်းပြီး နိုင်ငံတစ်နိုင်ငံမှ အခြားနိုင်ငံတစ်နိုင်ငံသို့ ကုန်ပစ္စည်းများ တင်ပို့ခြင်းကို နိုင်ငံခြားကုန်သွယ်ရေး၌ အကျုံးဝင်သည်ဟု သတ်မှတ်သည်။ သို့သော်လည်း ထိုကဲ့သို့ဖြတ်သန်းကုန်သွယ်ရာတွင် အိန္ဒိယဗဟိုဘဏ်၏ လမ်းညွှန်ချက်ကို လိုက်နာရမည်ဖြစ်သည်။ ထို့ပြင် နှစ်မျိုးသုံးကုန်စည်များ (SCOMET) စာရင်း၊ အပင်နှင့် တိရစ္ဆာန် ကာကွယ်ရေးသဘောတူစာချုပ် (CITES) စာရင်းတို့၌ ပါရှိသော ကုန်ပစ္စည်း များအတွက် အကျုံးဝင်မည် မဟုတ်ပါ။ ထို့ကြောင့် အိန္ဒိယလုပ်ငန်းရှင်များသည် GIFT City ကဲ့သို့သော နေရာများကို ကုန်သွယ်မှု ဗဟိုချက် (Trading hubs) အဖြစ် ပြောင်းလဲနိုင်သည်။ စင်ကာပူ၊ ဒူဘိုင်းနှင့် ဟောင်ကောင်ရှိ ကုန်သွယ်မှုဗဟိုချက်နေရာများကဲ့သို့ ပြောင်းလဲလာနိုင်သည်။ GIFT City ဆိုသည်မှာ အိန္ဒိယနိုင်ငံ၊ ဂူဂျာရတ်ပြည်နယ်ရှိ ဆာဘာမာတီ (Sabarmati) မြစ်ကမ်းနား၌ ဆောက်လုပ်သော စီးပွားရေးခရိုင်တစ်ခုဖြစ်သည်။ GIFT City ကို အိန္ဒိယ၏ ကြီးထွားလာသော ဘဏ္ဍာရေးနှင့် နည်းပညာကဏ္ဍများအတွက် Smart City ဖြစ်လာရန် ရည်မှန်းထားသည်။

**ကင်းလွတ်ခွင့်အစီအစဉ်**- အိန္ဒိယအစိုးရသည် နိုင်ငံခြား ကုန်သွယ်ရေး ပေါ်လစီအရ ပို့ကုန်တာဝန်ပျက်ကွက်မှုကို ကိုင်တွယ်ဖြေရှင်းရန် ကင်းလွတ်ခွင့်အစီအစဉ် (Amnesty scheme) အကောင်အထည်ဖော်ခဲ့သည်။

**စာမျက်နှာ ၉ သို့**

**စာမျက်နှာ- ၈ ဆောင်းပါးမှအဆက်**

ဤအစီအစဉ်အရ ပို့ကုန်တာဝန် ပြည့်မီစွာ မဆောင်ရွက်နိုင်သော ပို့ကုန်လုပ်ငန်းရှင်များအား သက်သာရာရစေသည်။ အထူးသဖြင့် အတိုးစရိတ် ကြီးမြင့်မှုဒဏ် ခံစားနေရသော ပို့ကုန်လုပ်ငန်းရှင်နှင့် ဆိုင်းငံ့ထားသည့် ကိစ္စရပ်များအတွက် အခွန်ထမ်းဆောင်ရန် အခက်အခဲဖြစ်နေသော ပို့ကုန်လုပ်ငန်းရှင်များအား သက်သာရာရစေသည်။

### ပို့ကုန်သွင်းကုန်မူဝါဒ၏ အရေးပါမှု

ပို့ကုန်သွင်းကုန်မူဝါဒသည် ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုခြင်း၊ e-Commerce အဆင့်မြှင့်တင်ခြင်းအားဖြင့် ကုန် သွယ်မှု အဆင်ပြေချောမွေ့ရေး (Trade facilitation) ကို အလေးပေး ဆောင်ရွက်သည်။ ထို့ပြင် အမျိုးမျိုးသော အစီအမံနှင့် အစီအစဉ်များဖြင့် ပို့ကုန်တင်ပို့မှုကို လွယ်ကူချောမွေ့စေသည်။ ပို့ကုန်သွင်းကုန်မူဝါဒသည် အိန္ဒိယနိုင်ငံနှင့် အခြားနိုင်ငံများ၏ စီးပွားရေးနှင့် ကုန်သွယ်ရေး စီးဆင်းမှုများ အရှိန်မြှင့်တင်ရေးအတွက် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်သည်။

ပို့ကုန်သွင်းကုန်မူဝါဒသည် ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်အခွင့်အလမ်း တိုးချဲ့ရန်အတွက် အရေးကြီးသော ပေါ်လစီဖြစ်သည်။ ထို့ပြင် အိန္ဒိယ၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှု (Gross Domestic Product) မြှင့်တင်ရန် ကူညီပေးသည်။ ထိုမျှသာမက ပို့ကုန်သွင်းကုန်မူဝါဒသည် နိုင်ငံတစ်နိုင်ငံမှ အိန္ဒိယနိုင်ငံသို့ စီးပွားရေးစီးဆင်းမှု လွယ်ကူချောမွေ့စေပြီး အိန္ဒိယ၏ နိုင်ငံခြားဝင်ငွေ ပိုမိုရရှိစေသည်။

ပို့ကုန်သွင်းကုန်မူဝါဒသည် ကုန်သွယ်ရေး ဖြေလျှော့မှုနှင့် လွတ်လပ်သော ကုန်သွယ်ရေးကို များစွာအထောက်အကူပြုပြီး ပြည်တွင်းစားသုံးသူဈေးကွက် တိုးတက်ကောင်းမွန်စေသည်။ ထို့ပြင် ပို့ကုန်သွင်းကုန်မူဝါဒက ဈေးကွက်ကျယ်ပြန့်စေပြီး ပြည်တွင်းစားသုံးသူများအတွက် အရည်အသွေးကောင်းသော ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရရှိစေသည်။

### ပို့ကုန်သွင်းကုန်ဘဏ်

ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအား ငွေကြေးပံ့ပိုးပေးရန်အတွက် အိန္ဒိယပို့ကုန်သွင်းကုန်ဘဏ် (EXIM Bank) တည်ထောင်ခဲ့သည်။ ၁၉၈၂ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ပို့ကုန်သွင်းကုန်ဘဏ် စတင်လည်ပတ်ခဲ့သည်။ ၎င်းသည် ပို့ကုန်သွင်းကုန်ဆိုင်ရာ ငွေကြေးထောက်ပံ့သော အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်ရန်အတွက် ဘဏ္ဍာရေးအခြေခံအုတ်မြစ် ဖြစ်သည်။

EXIM Bank သည် အိန္ဒိယစီးပွားရေးလုပ်ငန်းများ၏ ကုန်စည်နှင့် ဝန်ဆောင်မှုအမျိုးမျိုး တိုးတက်ရေးအတွက် အင်ဂျင်စက်တစ်ခုဖြစ်သည်။ ယင်းတွင် ပို့ကုန်ထုတ်လုပ်မှု၊ နည်းပညာ တင်သွင်းမှု၊ ပို့ကုန်ဖွံ့ဖြိုးရေး၊ သင်္ဘောမတင်မီနှင့် သင်္ဘောတင်ပြီး လုပ်ငန်းစဉ်များ၊ ပို့ကုန်ဈေးကွက် ရှာဖွေခြင်းနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုတို့ ပါဝင်သည်။ ၎င်းသည် နယ်စပ်ဖြတ်ကျော် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှု မြှင့်တင်ရာတွင် အဓိကကျသော တွန်းအားတစ်ရပ်ဖြစ်သည်။

> **ပို့ကုန်သွင်းကုန်မူဝါဒသည် ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်အခွင့်အလမ်း တိုးချဲ့ရန်အတွက် အရေးကြီးသော ပေါ်လစီဖြစ်သည်။ ထို့ပြင် အိန္ဒိယ၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှု (Gross Domestic Product) မြှင့်တင်ရန် ကူညီပေးသည်။**

### ပို့ကုန်သွင်းကုန်ဘဏ်၏ လုပ်ဆောင်ချက်များ

ပို့ကုန်သွင်းကုန်ဘဏ်သည် ကာလလတ်ချေးငွေ ထုတ်ချေးခြင်းအားဖြင့် စက်ပစ္စည်း၊ စက်ရုံနှင့် သက်ဆိုင်ရာဝန်ဆောင်မှု တင်ပို့ရောင်းချသူများအား ငွေကြေးအကူအညီ ချက်ချင်းပေးသည်။ ၎င်းသည် ပို့ကုန်အဖွဲ့အစည်းများ၏ ငွေချေးစာချုပ်၊ စတော့နှင့် အစုရှယ်ယာ ထုတ်ဝေခြင်း၊ ကာလရှည်ချေးငွေများ ထုတ်ချေးခြင်းအတွက် အာမခံချက် ပေးသည်။

ပို့ကုန်သွင်းကုန်ဘဏ်သည် ကူးသန်းရောင်းဝယ်ရေးဘဏ်က တန်ဖိုးလျှော့ထားသော ကာလတို ပို့ကုန်ဈေးနှုန်းများ (Export invoices) နှင့်ပတ်သက်၍ ရက် ၉၀ ထက်မပိုသော ပို့ကုန်ဘေလ်များ (Export bills) ကို အတိုးနှုန်း လျှော့ချပေးသည်။ ထို့ပြင် အိန္ဒိယ စက်မှုထုတ်ကုန်နှင့် ဆက်စပ်ဝန်ဆောင်မှုများ တင်သွင်းခြင်းအတွက် သွင်းကုန်လုပ်ငန်းရှင်များကို ချေးငွေ ထုတ်ချေးသည်။

EXIM Bank သည် ပို့ကုန်ဦးစားပေးသော စီးပွားရေးလုပ်ငန်းများ (Export-oriented enterprises) ကို ငွေကြေးထောက်ပံ့သည်။ EXIM Bank သည် နိုင်ငံခြားကုန်သွယ်မှုနှင့် ပတ်သက်သော ချေးငွေနှင့် ဈေးကွက်အခြေအနေ အသေးစိတ် အချက်အလက်များ စုစည်းထုတ်ပြန်ပေးသည်။

### ပို့ကုန်သွင်းကုန်မူဝါဒ၏ အကျိုးကျေးဇူးများ

ပို့ကုန်သွင်းကုန်မူဝါဒ၏ ကောင်းကျိုးများမှာ နိုင်ငံတကာကုန်သွယ်မှု မြှင့်တင်ခြင်း၊ နည်းပညာ လွှဲပြောင်းမှု လွယ်ကူချောမွေ့ခြင်း၊ ပြည်ပငွေပေးငွေယူရှင်းတမ်း လက်ကျန် (Balance of payments) ပိုမိုကောင်းမွန်ခြင်း၊ ယှဉ်ပြိုင်နိုင်စွမ်း မြှင့်တင်ပေးခြင်း၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ခြင်း၊ အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးခြင်း၊ မူဝါဒဖြေလျှော့မှုကို အထောက်အကူပြုခြင်း၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတန်ဖိုး မြှင့်တင်ပေးခြင်းတို့ဖြစ်သည်။

ထို့ပြင် EXIM Policy ၏ ကောင်းကျိုးများမှာ နိုင်ငံတကာဈေးကွက်အတွင်း ပြည်တွင်းကုန်သည်များ၏ ပြိုင်ဆိုင်မှုမြင့်မားခြင်း၊ စားသုံးသူနှင့် ထုတ်လုပ်သူများအတွက် ဈေးကွက်အမျိုးမျိုး ဖန်တီးပေးခြင်းနှင့် ကုန်ကျစရိတ်သက်သာစွာဖြင့် ကုန်ပစ္စည်းများ ရရှိနိုင်ခြင်းတို့ဖြစ်သည်။

ပို့ကုန်သွင်းကုန်မူဝါဒ သို့မဟုတ် နိုင်ငံခြားကုန်သွယ်မှုမူဝါဒသည် နိုင်ငံတကာဈေးကွက်၌ ယှဉ်ပြိုင်နိုင်ရေးအတွက် ကုန်ထုတ်လုပ်ငန်းနှင့် ကုန်သွယ်မှုစနစ်၏ စွမ်းဆောင်ရည် မြှင့်တင်ရန်ရည်ရွယ်သည်။ ထိုကဲ့သို့မြှင့်တင်ခြင်းက နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (Foreign Direct Investment) မှတစ်ဆင့် အိန္ဒိယနိုင်ငံအတွင်းသို့ အရင်းအနှီးများ စီးဝင်လာပြီး နိုင်ငံခြားဝင်ငွေ တိုးပွားလာစေနိုင်သည်။ နိုင်ငံခြားကုန်သွယ်ရေးပေါ်လစီသည် အလုပ်အကိုင် ဖန်တီးခြင်း (Employment generation) အတွက်လည်းကောင်း၊ စီးပွားရေး တိုးတက်မှု (Economic growth) အတွက်လည်းကောင်း နိုင်ငံ၏ ကုန်သွယ်မှုမြှင့်တင်ရန် ရည်ရွယ်သည်။

**Source: cleartax.in**

### ပြည်ဈေးကွက်တွင်ဖြစ်ပေါ်ခဲ့သော စားသုံးဆီဈေးနှုန်းများ

| စဉ် | ဆီအမျိုးအစား | ခုနှစ်/ ဈေးနှုန်း (ပိဿာ/ ကျပ်) | | | | |
|---|---|---|---|---|---|---|
| | | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ မေလကုန်ထိ |
| ၁ | မြေပဲဆီ | ၄၅၀၀-၆၈၀၀ | ၆၈၀၀-၈၅၀၀ | ၈၀၀၀-၁၃၀၀၀ | ၁၃၀၀၀-၁၄၀၀၀ | ၁၃၅၀၀-၁၅၀၀၀ |
| ၂ | နှမ်းဆီ | ၆၅၀၀-၈၁၀၀ | ၆၅၀၀-၇၅၀၀ | ၇၀၀၀-၁၂၀၀၀ | ၁၂၀၀၀-၁၃၀၀၀ | ၁၂၅၀၀-၁၄၀၀၀ |
| ၃ | စားအုန်းဆီ | ၁၄၅၀-၂၁၆၀ | ၆၄၀၀-၇၅၀၀ | ၅၂၀၀-၉၇၀၀ | ၅၀၀၀-၇၆၀၀ | ၅၃၅၀-၆၀၀၀ |

ဝေဝေမင်း(ပြည်)

## ရန်ကုန်တိုင်းရွှေအသင်း ရွှေဈေးနှုန်း ကျပ် ၄၄ သိန်းကျော်တွင်ရှိနေ

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း(YGEA) မှ ထုတ်ပြန်လျက်ရှိသည့် အကယ်ဒမီ မီးလင်းရွှေ တစ်ကျပ်သား ဈေးနှုန်းမှာ ကျပ် ၄၄ သိန်းကျော်တွင်ရှိပြီဖြစ်ကြောင်း အဆိုပါအသင်းမှ သိရသည်။ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း(YGEA) မှ နေ့စဉ်ရောင်းချရမည့် ရွှေဈေးနှုန်းကို တစ်နေ့သုံးကြိမ် သတင်းထုတ်ပြန်ပေးလျက်ရှိကြောင်း၊ ရွှေရောင်းချသည့်အခါတွင် သတ်မှတ်သည့် ဈေးနှုန်းအတိုင်းရောင်းချပါရန် အသိပေးထားပြီး၊ ရွှေဆိုင်များကိုလည်း နေ့စဉ်ဖွင့်လှစ်၍ အရောင်းအဝယ်ပြုလုပ်ကြပါရန် ပန်ကြားထားသည်။

လက်ရှိတွင် ရွှေနှင့်ငွေကြေးဈေးကွက် စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေး လုပ်ငန်းကော်မတီနှင့် သက်ဆိုင်ရာဌာနဆိုင်ရာများအနေဖြင့် ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ရွှေဈေးနှုန်း တည်ငြိမ်ရေးအတွက် ရွှေဆိုင်များအနေဖြင့် နေ့စဉ်ရွှေဆိုင်များအား ဖွင့်လှစ်ခြင်း၊ သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချခြင်းများကို ဆောင်ရွက်ပေးပါရန် အသိပေးအပ်ကြောင်း၊ သက်ဆိုင်ရာမှ လာရောက်စစ်ဆေးသည့်အခါတွင် ညွှန်ကြားချက်များကို လိုက်နာ ဆောင်ရွက်ခြင်းမရှိပါက ထိရောက်စွာ အရေးယူ ဆောင်ရွက်မည်ဖြစ်ကြောင်း YGEA မှ အသိပေးထုတ်ပြန်ထားသည်။

လက်ရှိတွင် YGEA အနေဖြင့် အကယ်ဒမီ မီးလင်းရွှေဈေးနှုန်းအား ကမ္ဘာ့ရွှေဈေး၊ လိုင်စင်ရဘဏ်များ၏ ရည်ညွှန်းဈေးများဖြင့် တွက်ချက်ကာ ရည်ညွှန်းဈေးအား နေ့စဉ်ဖွင့်လှစ်ပေးလျက်ရှိသည်။

## ပြည်တွင်း ငွေကြေးဈေးကွက် အရောင်းအဝယ်အေး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြားငွေသုံးစွဲမှုကို ထိန်းချုပ်လျက်ရှိရာ လက်ရှိပြည်တွင်း ငွေကြေးဈေးကွက်အတွင်း ကြိုက်ရောင်းကြိုက်ဝယ်စနစ်ဖြင့် အရောင်းအဝယ်အေးလျက်ရှိပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့်လည်း နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်စေရေး ဆောင်ရွက်လျက်ရှိကြောင်း ထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ်များအား ဘဏ်လုပ်ငန်းလိုင်စင်ထုတ်ပေးထားပြီး ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိ စောင့်ကြည့် ကြပ်မတ်ကွပ်ကဲလျက်ရှိကြောင်း၊ ဘဏ်များကလည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ လမ်းညွှန်ချက်နှင့်အညီ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများဖြစ်သော စုဆောင်းအပ်နှံငွေအမျိုးမျိုး လက်ခံပြီး နိုင်ငံတော်၏ စီးပွားရေးအတွက် အရေးကြီးကဏ္ဍများကို ချေးငွေအမျိုးမျိုး ထုတ်ချေးခြင်း၊ ဒစ်ဂျစ်တယ်နည်းလမ်းများဖြင့် ငွေကြေးဝန်ဆောင်မှုများ ဆောင်ရွက်ခြင်း၊ ကုန်သွယ်ရေးကဏ္ဍအတွက် ငွေကြေးထောက်ပံ့ခြင်း၊ MSMEs လုပ်ငန်းများကို ငွေကြေးထောက်ပံ့ခြင်း၊ နိုင်ငံတကာဘဏ်များနှင့် ငွေပေးချေမှုများ ဆောင်ရွက်ခြင်းစသည့် ဘဏ်ဝန်ဆောင်မှုများစွာ ပံ့ပိုးပေးလျက်ရှိကြောင်း ထုတ်ပြန်ထားသည်။

လက်ရှိတွင်လည်း နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း (AD) လိုင်စင်ရ ဘဏ်များမှလည်း ငွေလဲကောင်တာများတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ရောင်းဝယ်ခွင့်ပြုထားသည့် ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာ၊ ထိုင်းဘတ်၊ မလေးရှားရင်းဂစ်၊ တရုတ်ယွမ်နှင့် ဂျပန်ယန်းနိုင်ငံခြား ငွေကြေးတို့အား ပုံမှန်ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။

## စတော့ရှယ်ယာ တန်ဖိုး ကျပ်သန်း ၆၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့

ပြီးခဲ့သည့် မေလအတွင်း စာရင်းဝင်ကုမ္ပဏီများ၏ စတော့ရှယ်ယာအရောင်းအဝယ်ဖြစ်မှု တန်ဖိုး ကျပ်သန်း ၆၀၀ ကျော်ရှိခဲ့ကြောင်း ရန်ကုန်စတော့အိပ်ချိန်း (YSX)မှ သိရသည်။

အဆိုပါ ကာလအတွင်း အရောင်းအဝယ်ဖြစ်မြောက်သည့် ရှယ်ယာ အစောင်ရေ စုစုပေါင်း ၂၃၂၄၅၄ စောင်ရှိပြီး တန်ဖိုးအားဖြင့် ကျပ် ၆၆၃ ဒသမ ၅၃ သန်း ရှိခဲ့ခြင်းဖြစ်သည်။

ကုမ္ပဏီတစ်ခုချင်းစီ၏ အစုရှယ်ယာ ရောင်းချနိုင်မှုအနေဖြင့် First Myanmar Investment (FMI) က အစုရှယ်ယာ ၂၁၅၈၂ စောင် ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၁၈၈ ဒသမ ၆၇ သန်း၊ Myanmar Thilawa SEZ Holidings Public(MTSH) က အစုရှယ်ယာ ၉၄၂၇၇ စောင် ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၂၇၅ ဒသမ ၅၀ သန်း ရရှိခဲ့ကြောင်း သိရသည်။

အလားတူ မြန်မာနိုင်ငံသားများဘဏ် (MCB) က အစုရှယ်ယာ ၇၈၄ စောင် ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၆ ဒသမ ၂၈ သန်း၊ ပထမပုဂ္ဂလိကဘဏ် (FPB)က အစုရှယ်ယာ ၈၆၇၂၅ စောင် ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၁၃၂ ဒသမ ၃၇ သန်း ရရှိခဲ့သည်။

ထို့အတူ TMH Telecom Public(TMH) က အစုရှယ်ယာ ၇၃၀ စောင် ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၁၉ ဒသမ ၄၃ သန်း၊ Ever Flow River Group Public(EFR) က အစုရှယ်ယာ ၉၅၀၀ စောင် ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၁၆ ဒသမ ၁၉၄ သန်း ရရှိခဲ့သည်။

ကိုတိုး - စုစည်းသည်

# စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာ့နိုင်ငံရေး အခြေအနေများကြောင့် ကမ္ဘာ့ရွှေဈေးသည် အပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရသည်။ ကမ္ဘာ့ရွှေဈေးသည် ၂၀၂၄ ခုနှစ် ဇွန် ၂၀ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၂၃၄၁ ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ ဇွန် ၂၆ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၂၃၁၅ ဒေါ်လာ ဖြစ်ခဲ့သည်။ ပြည်တွင်း ရွှေဈေးသည်လည်း ၂၀၂၄ ခုနှစ် ဇွန် ၂၀ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၅၃၇၀၀၀၀ ပေါက်ဈေးရှိခဲ့ရာမှ ၂၀၂၄ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျပ် ၅၃၅၀၀၀၀ သို့ အတက်အကျ ဖြစ်ပေါ်ခဲ့ကြောင်း ရွှေဈေးကွက်အတွင်းမှ သိရသည်။

မြန်မာနိုင်ငံတွင် GDP သည် ၂၀၂၄ ခုနှစ် နှစ်ကုန်တွင် USD ၆၄ဒသမ၇၅ ဘီလီယံ ရှိလာရန် မျှော်မှန်းထားကြောင်း Trading Economics global macro model နှင့် ဆန်းစစ်လေ့လာသူများ၏ ခန့်မှန်းချက်အရ သိရသည်။ Econometric Model အရ မြန်မာနိုင်ငံ ၏ GDP သည် ၂၀၂၅ ခုနှစ်တွင် USD ၆၆ ဒသမ ၀၅ ဘီလီယံနှင့် ၂၀၂၆ ခုနှစ်တွင် USD ၆၇ ဒသမ ၃၇ ဘီလီယံဝန်းကျင်ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

၂၀၂၃ ခုနှစ်အတွက် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ စက်တင်ဘာလ အစီရင်ခံစာ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံ၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှု (GDP) တိုးတက်မှုနှုန်းသည် ၂ဒသမ ၈ ရာခိုင်နှုန်းဖြစ်ပြီး ၂၀၂၄ ခုနှစ်အတွက် GDP တိုးတက်မှုနှုန်းသည် ၃ဒသမ ၂ ရာခိုင်နှုန်း ရှိလာမည်ဖြစ်ကြောင်း ခန့်မှန်းထားသည်။

၂၀၂၄ ခုနှစ် ဇွန် ၂၀ ရက်မှ ၂၆ ရက်အထိ ရက်အလိုက်ဖြစ်ပေါ် ပြောင်းလဲခဲ့သော အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို တစ်ဖက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်။

ယခုတစ်ပတ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ ၂၀၂၄ ခုနှစ် ဇွန် ၂၀ ရက်မှ ၂၆ ရက်ထိတွင် အမေရိကန် တစ်ဒေါ်လာလျှင် ကျပ် ၂၁၀၀ ဖြစ်သည်။ အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း (ဗဟိုဘဏ် သတ်မှတ်နှုန်းထား)မှာ တည်ငြိမ်လျက်ရှိသည်။

ပြည်တွင်းရှိ ပြင်ပဒေါ်လာငွေကြေးဈေးကွက်၌ ဝယ်လိုအား ပြောင်းလဲမှုပေါ်လိုက်၍ ဇွန် ၂၀ ရက်မှ ၂၆ ရက်ထိ ရက်သတ္တပတ်အတွင်း ကျပ် ၄၅၂၀-၄၅၃၀ ကြားရှိနေကြောင်း သိရသည်။

တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၂၀-၆-၂၀၂၄ | ၂၁-၆-၂၀၂၄ | ၂၄-၆-၂၀၂၄ | ၂၅-၆-၂၀၂၄ | ၂၆-၆-၂၀၂၄ | တစ်ပတ်အတွင်း ဒေါ်လာငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၀.၀၀ | - |
| ၂ | Thai Baht | THB | ၃၆.၇၄၅ | ၃၆.၆၅၀ | ၃၆.၆၇၀ | ၃၆.၆၃၀ | ၃၆.၈၀၅ | ၀.၁၆ | ↑ |
| ၃ | Singapore Dollar | SGD | ၁.၃၅၂ | ၁.၃၅၄ | ၁.၃၅၃ | ၁.၃၅၃ | ၁.၃၅၆ | ၀.၃၀ | ↑ |
| ၄ | Malaysian Ringgit | MYR | ၄.၇၁၁ | ၄.၇၀၉ | ၄.၇၁၀ | ၄.၇၀၄ | ၄.၇၁၃ | ၀.၀၄ | ↑ |
| ၅ | Indonesian Rupiah | IDR | ၁၆၄၃၀ | ၁၆၄၅၀ | ၁၆၃၉၃ | ၁၆၃၇၆ | ၁၆၄၀၅ | -၀.၁၆ | ↓ |
| ၆ | Chinese Yuan | CNY | ၇.၂၆၀ | ၇.၂၆၁ | ၇.၂၆၂ | ၇.၂၆၃ | ၇.၂၆၇ | ၀.၁၀ | ↑ |
| ၇ | Indian Rupee | INR | ၈၃.၆၂၂ | ၈၃.၅၀၆ | ၈၃.၄၈၆ | ၈၃.၄၃၆ | ၈၃.၅၈၅ | -၀.၀၄ | ↓ |
| ၈ | Japanese Yen | JPY | ၁၅၈.၄၃၀ | ၁၅၈.၈၀၂ | ၁၅၉.၇၈၀ | ၁၅၉.၄၂၉ | ၁၅၉.၉၅၁ | ၀.၉၆ | ↑ |
| ၉ | Australian Dollar | AUD | ၁.၅၀၀ | ၁.၅၀၂ | ၁.၅၀၃ | ၁.၅၀၀ | ၁.၄၉၈ | -၀.၁၃ | ↓ |
| ၁၀ | Euro | EUR | ၀.၉၃၃ | ၀.၉၃၅ | ၀.၉၃၃ | ၀.၉၃၂ | ၀.၉၃၅ | ၀.၂၁ | ↑ |
| ၁၁ | Pound Sterling | GBP | ၀.၇၈၇ | ၀.၇၉၀ | ၀.၇၉၀ | ၀.၇၈၇ | ၀.၇၉၀ | ၀.၃၈ | ↑ |

Source- Central Bank of Myanmar

## ဆန် ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

၂၀၂၄ ခုနှစ် ဇွန် ၂၆ ရက် ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ဧည့်မထ (၅ ရာခိုင်နှုန်း ) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၈၇ ဖြင့်လည်းကောင်း၊ ဧည့်မထ (၂၅ ရာခိုင်နှုန်း) တစ်တန်လျှင် အမေရိ ကန်ဒေါ်လာ ၅၄၁ ဖြင့်လည်းကောင်း ဖြစ်ပေါ်ခဲ့သည်ကို သိရသည်။ ထိုင်းဆန်ဈေးနှုန်းများမှာ (၁၀၀ ရာခိုင်နှုန်း) ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၁၇ ဖြင့် လည်းကောင်း၊ ဧည့်မထ (၅ ရာခိုင်နှုန်း) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၀၃ ဖြင့်လည်းကောင်း၊ ဧည့်မထ (၂၅ ရာခိုင်နှုန်း) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၇၂ ဖြင့် လည်းကောင်း၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၀၆ ဖြင့်လည်းကောင်း အသီးသီး ဖြစ်ပေါ်ခဲ့ကြောင်း Rice Exporter Association Website တွင် ဖော်ပြချက်အရ သိရသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ (၅ ရာခိုင်နှုန်း) တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၅၇၁ ဖြင့်လည်းကောင်း၊ ဧည့်မထ (၂၅ ရာခိုင်နှုန်း) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၄၇ ဖြင့်လည်းကောင်းရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ပေါင်းဆန် (၅ ရာခိုင်နှုန်း) တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၅၄၇ ဖြင့် လည်းကောင်း အသီးသီးရှိသည်။ Thai Rice Exporter Association တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ထိုင်းနိုင်ငံ၌ (၁၀၀ ရာခိုင်နှုန်း) ဘီဂရိတ်ဆန်၊ ဧည့်မထ (၅ ရာခိုင်နှုန်း) ဆန်၊ ဧည့်မထ (၂၅ ရာခိုင်နှုန်း) ဆန်ဈေးနှုန်းများမှာ ကျဆင်းလျက်ရှိကြောင်း သိရပြီး ဗီယက်နမ်နိုင်ငံ၊ ပါကစ္စတန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ ဆန်ဈေးနှုန်းမှာ ကျဆင်းလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းဆန်ဈေးကွက်အနေဖြင့် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း) ဆန်ဈေးကွက်တွင် ပေါ်ဆန်းနယ်စုံ (ဖျာပုံ၊ မြောင်းမြ၊ ဒေးဒရဲ)တို့မှ ဆန်တစ်အိတ်လျှင် ကျပ် ၁၁၀၀၀၀ မှ ၁၂၀၀၀၀ ပေါက်ဈေးရှိပြီး ရွှေဘိုပေါ်ဆန်းမှာ ဆန်(ဟောင်း) တစ်အိတ်လျှင် ကျပ် ၁၃၅၀၀၀ မှ ၁၄၅၀၀၀ ပေါက်ဈေးရှိသည်။ ဧည့်မထ ၂၅ မှတ်တန်ဆန် တစ်အိတ်လျှင် ကျပ် ၇၀၀၀၀ မှ ၇၂၀၀၀ ကြား ပေါက်ဈေးရှိပြီး ဧည့်မထ ရိုးရိုးဆန်တစ်အိတ်လျှင် ကျပ် ၇၅၀၀၀ မှ ၇၈၀၀၀ ကြား ပေါက်ဈေးရှိကြောင်း သိရသည်။

တိုင်းဒေသကြီး/ ပြည်နယ်များရှိမြို့ကြီးများ၌ ဧည့်မထဆန် တစ်ပြည်လျှင် ကျိုင်းတုံမြို့တွင် ကျပ် ၄၅၀၀ ဖြင့် အမြင့်ဆုံးဈေးနှုန်းဖြစ်ပေါ်ခဲ့ပြီး ပဲခူးမြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၃၀၀၀ ဖြင့် အနိမ့်ဆုံး ဈေးနှုန်းများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ၁ ဒသမ ၇၇ ရာခိုင်နှုန်း ဈေးနှုန်းကျဆင်းလျက်ရှိကြောင်း သိရှိရသည်။ ၂၀၂၄ ခုနှစ် ဇွန်လ နောက်ဆုံးပတ်တွင် နိုင်ငံတကာ ဆန်ဈေးနှုန်းများ အတက်/အကျ ပြောင်းလဲမှုများ ရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်/ အကျ ပြောင်းလဲမှုများ ဖြစ်ပေါ်နေကြောင်း Trading Economics Website တွင် ဖော်ပြထားသည်။


# ကရင်ပြည်နယ်ထွက် ရာသီသီးနှံ

**ဒူးရင်းသီး**

ကရင်ပြည်နယ်အတွင်း ကော့ကရိတ်တောင်ပိုင်းဒေသသည် ဒူးရင်းသီး အထွက်အများဆုံး ဖြစ်ပြီး ယခုနှစ်ဇွန်လအတွင်း ကရင်ပြည်နယ် စက္ကဝက်ဒေသထွက် ဒူးရင်းသီးများမှာ ဈေးကောင်းရရှိပြီး အရောင်းသွက်ကြောင်း သိရသည်။

စက္ကဝက်ဒေသထွက် ဒူးရင်းသီးများမှာ အကြီးတစ်လုံးလျှင် ကျပ် ၁၃၀၀၀ မှ ၁၅၀၀၀၊ အလတ် တစ်လုံးလျှင် တစ်လုံး ကျပ် ၁၀၀၀၀၊ အသေး တစ်လုံးလျှင် တစ်လုံး ကျပ် ၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ဒူးရင်းသီးများကို တောင်ကြာအင်း၊ လောင်းကိုင်၊ ဖားကျ၊ သမိန် ဒွတ်၊ ဝင်းက၊ စက္ကဝက်၊ အစွန်းစသည့် ကျေးရွာများတွင် ဒူးရင်းခြံ အများအပြားရှိကာ သံတောင်ကြီးမြို့နယ်တွင်လည်း ဒူးရင်းခြံစိုက်ပျိုးသူများရှိကြောင်း သိရသည်။



**သဘာဝမှို**

မိုးရာသီအစ မိုးတစ်ကြိမ်နှစ်ကြိမ်ခန့် ရွာအပြီးတွင် မှိုများ ထွက်ပေါ်လေ့ရှိပြီး ကရင်ပြည်နယ်တွင် ဇွန်လနှောင်းပိုင်း၌ မှိုများထွက်ပေါ်၍ ဈေးကွက်အတွင်း ရောင်းချနေကြကြောင်း သိရသည်။

ကရင်ပြည်နယ် ဘားအံခရိုင် ထီလုံဒေသမှ မှိုအများဆုံးထွက် ပြီးထီလုံမှ ထွက်ရှိသော မှိုဈေးနှုန်းများမှာ ပေါ်ဦးပေါ်ဖျားဖြစ်၍ ဈေးကောင်းရနေပြီး အဖူးတစ်ပိဿာလျှင် လေးသောင်းကျပ်၊ အပွင့်တစ်ပိဿာလျှင် သုံးသောင်းကျပ်ဖြင့် ဘားအံမြို့ မြို့မဈေး၊ လမ်းဝဈေးတို့တွင် ရောင်းချသည်ကို တွေ့ရပြီး မှိုဈေးကောင်းကြောင်း သိရသည်။

မှိုကို လူကြိုက်များသဖြင့် အချို့က စီးပွားဖြစ်စိုက်ပျိုး၍ ရောင်းချလေ့ရှိရာ ဈေးကွက်အတွင်း ရာသီမရွေး ဝယ်ယူစားသုံးနိုင်သော်လည်း စိုက်ပျိုးရေးမှိုထက် ဈေးကြီးသော သဘာဝမှိုများကို လူအများကြိုက်နှစ်သက်ကြောင်းနှင့် ကရင်ပြည်နယ်တွင် သစ်တောကြိုးဝိုင်းများတည်ရှိရာ ထီလုံဒေသမှ မှိုအများဆုံး ထွက်ရှိပြီး ထီလုံဒေသထွက် သဘာဝမှိုများမှာ ဈေးကောင်း၍ လူအများ ကြိုက်နှစ်သက်ကြောင်း သိရသည်။

**အင်ဥ**

မိုးဦးကျအချိန်တွင် မြန်မာလူမျိုးများ အကြိုက် ရာသီစာ အင်ဥများထွက်ပေါ်လာကြပြီး ကရင်ပြည်နယ် ရေပေါ်ဈေးတွင် အင်ဥများရောင်းချနေကြသည်ကို တွေ့ရသည်။ အင်ဥကို နို့ဆီဘူးဖြင့် ချိန်တွယ်ရောင်းချပြီး ယခုနှစ်အင်ဥ ပေါက်ဈေးမှာ တစ်ဘူးလျှင် ကျပ် ၃၀၀၀ ဖြစ်ကြောင်း သိရသည်။

အင်ဥများသည် အပြင်အခွံတွင် မည်းနေတတ်ပြီး အတွင်းပိုင်းတွင်ဖြူဖွေးနေသည်။ အတွင်းပိုင်းမည်းနေသော အင်ဥအား အင်ဥရင့်များဟု ခွဲခြားနိုင်သည်။ အင်ဥများကို အရွယ်တော်လှီးပြီး ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ငရုတ်သီးစိမ်းများဖြင့် မွှေးမွှေးစပ်စပ်လေး ကြော်ချက်စားသောက်ပါက မိုးဦးကျ ထမင်းမြိန်သည့် လူမျိုးဘာသာမရွေး ကြိုက်နှစ်သက်သည့် ဟင်းလျာတစ်ခွက်ဖြစ်ပါကြောင်း ရေးသားလိုက်ရသည်။

**Myo (Doca Kayin)**

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီ ဈေးကွက်အနေဖြင့် အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ဇွန် ၂၄ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၂၅ နိုင်ငံအနက် နိုင်ဂျီးရီးယားနိုင်ငံသည် ယခုတစ်ပတ်တွင် ၁၀ ဒသမ ၅၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး အာဖဂန်နစ္စတန်နိုင်ငံတွင် ၇ ဒသမ ၁၀ ရာခိုင်နှုန်း၊ ဒိန်းမတ်နိုင်ငံတွင် ၄ ဒသမ ၂၀ ရာခိုင်နှုန်း နှင့် Curacao နိုင်ငံတွင် ၄ ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၂၆ နိုင်ငံရှိကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွက် ဇွန် ၂၄ ရက် ဖော်ပြချက်၌ အင်ဒိုနီးရှား၊ မလေးရှား၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ ဟောင်ကောင်၊ ပါကစ္စတန်၊ ဆွစ်ဇာလန်၊ ဂျာမနီ၊ နယ်သာလန်၊ ဂရိ၊ ဘူလ်တန်၊ ဂျော်ဒန်၊ ကင်ညာ၊ နီပေါနှင့် ဇင်ဘာဘွေ စသည့် နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၈၃ နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်း တည်ငြိမ်နေကြောင်း ယင်းဝက်ဘ်ဆိုဒ်၌ ဖော်ပြထားသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် လာအို၊ ဂျပန်၊ ထိုင်ဝမ်၊ တောင်ကိုရီးယား၊ ပိုလန်၊ မက္ကဆီကိုနှင့် အက်စ်တိုးနီးယား အပါအဝင် နိုင်ငံပေါင်း ၁၆ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်း မှ ၄ ဒသမ ၁၀ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း သိရသည်။

၂၀၂၄ ခုနှစ် ဇွန် ၂၄ ရက် ဓာတ်ဆီဈေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံတွင် ၂ ဒသမ ၄၀ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံတွင် ၁ ဒသမ ၅၀ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံတွင် ၁ ဒသမ ၃၀ ရာခိုင်နှုန်း၊ ကမ္ဘောဒီးယားနိုင်ငံတွင် ၁ ဒသမ၁၀ ရာခိုင်နှုန်း ၊ စင်ကာပူနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့တွင် ၁ ဒသမ ၀၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်း မြင့်တက်ခဲ့ပြီး လာအိုနိုင်ငံတွင် သုည ဒသမ ၄၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်း ကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း Global Petrol Prices Website တွင် ဖော်ပြထားသည်။

၂၀၂၄ ခုနှစ်၊ ဇွန် ၂၄ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဆီဈေးနှုန်းများအနေဖြင့် ကမ္ဘာ့နိုင်ငံပေါင်း ၁၂၅ နိုင်ငံအနက် အီတလီနိုင်ငံနှင့် နိုင်ဂျီးရီးယားနိုင်ငံတို့တွင် ၄ ဒသမ ၇၀ ရာခိုင်နှုန်းနှင့် မြန်မာနိုင်ငံတွင် ၄ ဒသမ ၆၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး မြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၂၈ နိုင်ငံရှိကြောင်း တွေ့ရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ထိုင်း၊ တရုတ်၊ ဂျပန်၊ ထိုင်ဝမ်၊ တောင်ကိုရီးယား၊ ဆွစ်ဇာလန်၊ မက္ကဆီကို၊ အက်စ်တိုးနီးယားနှင့် ချက် အပါအဝင် နိုင်ငံပေါင်း ၁၇ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၄ ဒသမ ၄၀ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၄ ခုနှစ် ဇွန် ၂၄ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံတွင် ၄ ဒသမ ၆၀ ရာခိုင်နှုန်း၊ ကမ္ဘောဒီးယားနိုင်ငံတွင် ၃ ဒသမ ၈၀ ရာခိုင်နှုန်း၊ ဗီယက်နမ်နိုင်ငံတွင် ၃ ဒသမ ၇၀ ရာခိုင်နှုန်း၊ စင်ကာပူနိုင်ငံတွင် ၂ ဒသမ ၃၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ထိုင်းနိုင်ငံတွင် သုည ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံ နိုင်ငံများတွင် ဈေးနှုန်း အပြောင်းအလဲမရှိတည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။ အာဆီယံနိုင်ငံများ၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၈၆ | ၀.၇၇ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၈၉ | ၀.၉၄ |
| ၃ | ထိုင်း | လီတာ | ၁.၂၉ | ၀.၉၀ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၉၀ | ၀.၈၉ |
| ၅ | စင်ကာပူ | လီတာ | ၂.၀၄ | ၁.၈၆ |
| ၆ | မလေးရှား | လီတာ | ၀.၄၄ | ၀.၇၁ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၀၉ | ၁.၀၁ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၁၆ | ၁.၀၁ |
| ၉ | လာအို | လီတာ | ၁.၄၄ | ၀.၉၅ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

DOT (P&S)

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နေသော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံတို့၏ စက်သုံးဆီ (၁) လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၁၇ | ၁.၀၄ |
| ၂ | ဂျပန် | လီတာ | ၁.၁၀ | ၀.၉၇ |
| ၃ | အိန္ဒိယ | လီတာ | ၁.၂၁ | ၁.၀၉ |

ပြည်တွင်းဈေးကွက်အတွင်း ရောင်းချလျက်ရှိသော စက်သုံးဆီဈေးနှုန်းများမှာ ဇွန် ၂၇ ရက်တွင် အောက်တိန်း-92 တစ်လီတာလျှင် ကျပ် ၂၅၈၀၊ အောက်တိန်း-95 တစ်လီတာလျှင် ၂၇၁၅ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၂၄၂၀ နှင့် ပရီမီယံဒီဇယ် တစ်လီတာလျှင် ကျပ် ၂၈၅၀ အသီးသီး ဈေးနှုန်းများဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီဈေးနှုန်းများအား လေ့လာရာတွင် ကျိုင်းတုံမြို့တွင် ဓာတ်ဆီတစ်လီတာလျှင် ကျပ် ၃၈၅၀၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၃၈၀၀၊ မြိတ်မြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၃၄၀၀၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၃၃၅၀ ဖြင့် အမြင့်ဆုံး ဖြစ်ပေါ်နေပြီး ပြည်မြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၂၆၈၅ ကျပ်၊ ဒီဇယ်တစ်လီတာလျှင် ၂၃၄၅ ကျပ်၊ ရန်ကုန်မြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၂၇၁၅ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၂၄၂၀ ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိ ရသည်။

မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ ပြည်တွင်း စက်သုံးဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ယခင်တစ်ပတ်ထက် ဓာတ်ဆီ တစ်လီတာလျှင် ၆၅ ကျပ်နှင့် ဒီဇယ်တစ်လီတာလျှင် ကျပ် ၁၂၀ မြင့်တက်လျက်ရှိကြောင်း သိရသည်။

### ၁-၆-၂၀၂၄ မှ ၂၇-၆-၂၀၂၄ ရက်အထိ Online CO Application မှ CO / Product Card / CE လျှောက်ထားမှုစာရင်း

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 1073 | 15 | - | - | 1 | 1089 |
| | Form AANZ | 36 | - | - | - | - | 36 |
| | Form AHK | 3 | - | - | - | - | 3 |
| | Form AI | 411 | 1 | - | - | - | 412 |
| | Form AJ | 69 | 2 | - | - | - | 71 |
| | Form AK | 393 | 11 | - | - | - | 404 |
| | Form CHINA | 2 | - | - | - | - | 2 |
| | Form D | - | - | - | - | - | 0 |
| | Form DFTP | 77 | - | - | - | - | 77 |
| | Form E | 1204 | 22 | - | - | 1 | 1227 |
| | Form Korea | 62 | - | - | - | - | 62 |
| | E Form D | 801 | - | - | - | - | 801 |
| 2. | Product Card | - | - | - | - | - | 0 |
| 3. | Certified Exporter | - | - | - | - | - | 0 |
| | Total | 4131 | 51 | - | - | 2 | 4184 |

## ငါးလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ အားလုံးဝိုင်းဝန်းကူညီပေး

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် နိုင်ငံဖြစ်သည့်အားလျော်စွာ စိုက်ပျိုးရေးထုတ်ကုန်များကို အများဆုံးတင်ပို့ပြီး မွေးမြူရေးလုပ်ငန်းများကိုလည်း တွဲဖက်လုပ်ကိုင်နေသည်။ မြန်မာနိုင်ငံသည် မြစ်ချောင်း၊ အင်းအိုင်ပေါများသော နိုင်ငံဖြစ်သည့်အတွက် ငါးလုပ်ငန်းကဏ္ဍသည် နိုင်ငံ၏ အရေးပါသော စီးပွားရေးကဏ္ဍအဖြစ် ပါဝင်နေသည်။

ငါးမွေးမြူရေးလုပ်ငန်းသည် မြန်မာနိုင်ငံ၏ စီးပွားရေးကို အဓိကအားဖြင့် အထောက်အကူပြုလျက်ရှိသော အခန်းကဏ္ဍတစ်ရပ်ဖြစ်ပြီး ငါးလုပ်ငန်းကဏ္ဍမှ မြန်မာနိုင်ငံ GDP ၏ နှစ်ရာခိုင်နှုန်းကို အထောက်အကူပြုလျက်ရှိသည်။ ငါးလုပ်ငန်း အခန်းကဏ္ဍသည် အသားဓာတ်စားသုံးမှု၏ ၅၀ ရာခိုင်နှုန်းနှင့် အလုပ်အကိုင် ပံ့ပိုးနိုင်မှု ၆ရာခိုင်နှုန်းအထိရှိပြီး အချို့ကမ်းရိုးတန်းဒေသများတွင် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘဏ္ဍာငွေရရှိမှု၏ ၃၄ ရာခိုင်နှုန်းမှ ၅၆ ရာခိုင်နှုန်းအထိ အထောက်အကူပြုကြောင်း သိရှိရသည်။

ကမ်းရိုးတန်းဒေသများဖြစ်သော မော်လမြိုင်၊ ရေး၊ ထားဝယ်၊ မြိတ်၊ တနင်္သာရီ၊ ဘုတ်ပြင်း စသည့်ဒေသများတွင် ငါးဖမ်းလုပ်ငန်းကို တွင်ကျယ်စွာလုပ်ကိုင်ကြပြီး ပင်လယ်ကမ်းနီး၊ ကမ်းဝေး ငါးဖမ်း လုပ်ငန်းများလည်း လုပ်ကိုင်ကြရသည်။ ဖမ်းယူရရှိသော ငါးများကို ရင်ခွဲအခြောက်လှန်းပြီး ငါးခြောက်အမျိုးမျိုးအဖြစ် မြန်မာတစ်နိုင်ငံလုံးသို့ တင်ပို့ရောင်းချကြကြောင်း သိရှိရသည်။

မြန်မာနိုင်ငံတွင် ငါးကို လူမျိုးဘာသာမရွေး နှစ်ခြိုက်စွာစားသုံးကြပြီး ငါးကြင်း၊ ငါးမြင်း၊ တီလားဗီးယား၊ ငါးမြစ်ချင်းတို့ကို အဓိကစားသုံးကြသည်။ မွေးမြူရေးငါးများသည်လည်း ပြည်တွင်းဈေးကွက်တွင် ဈေးကွက်အခိုင်အမာ ရရှိထားသည်။ FAO (Food and Agriculture Organization) ၏ အဆိုအရ မြန်မာနိုင်ငံသည် ကမ္ဘာ့အကြီးဆုံးငါးမွေးမြူ ထုတ်လုပ်သည့်နိုင်ငံများတွင် အဆင့်(၈)နေရာ၌ ရပ်တည်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်းရှိ ငါးသယံဇာတများ အဓွန့်ရှည်တည်တံ့စေရေးအတွက် အားလုံး အတူတကွ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရမည်။ ငါးမျိုးမတုန်းစေရေးအတွက် ဒီရေတောနှင့် သန္တာကျောက်တန်းတို့အား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည်ပင်ဖြစ်သည်။

ငါးလုပ်ငန်းကဏ္ဍသာ ဖွံ့ဖြိုးတိုးတက်လာပါက ရေထွက်ပစ္စည်းများ ပြည်ပသို့ ပိုမိုတင်ပို့ခြင်းဖြင့် နိုင်ငံခြားငွေ တိုးတက်ရရှိလာပြီး နိုင်ငံ၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍအတွက် အထောက်အကူပြုမည့် ကဏ္ဍတစ်ရပ်ဖြစ်လာမည်ဖြစ်သည်။

**နေမျိုးဝင်း (တောင်ငူ)**

# တာချီလိတ် ကုန်သွယ်ရေးစခန်း၏ တစ်ပတ်အတွင်း ကုန်သွယ်မှု အခြေအနေ

တာချီလိတ်ကုန်သွယ်ရေးစခန်း၏ ဇွန် ၁၅ ရက်မှ ၂၁ ရက်ထိ လုပ်ငန်းဆောင်ရွက်မှုမှာ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၅ ဒသမ ၂၃၈ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၈၂ သန်းဖြစ်၍ ကုန်သွယ်မှုပမာဏမှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၇ ဒသမ ၆၂၀ သန်း ဖြစ်သည်။

အနီးစပ်ဆုံးကာလနှင့်နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၃၇၉ သန်းနှင့် သွင်းကုန်တွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၃၈၅ သန်း လျော့နည်းခဲ့သောကြောင့် ကုန်သွယ်မှုပမာဏအနေဖြင့် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၇၆၄ သန်း လျော့နည်းခဲ့သည်။ ပို့ကုန်ပိုင်းတွင် ယခင်ပတ်ထက် လျော့နည်းခြင်းမှာ ပဲတီစိမ်း၊ ကော်ဖီစေ့၊ ကြက်သွန်နီ၊ ငရုတ်သီးခြောက်၊ Managanese Dioxide နှင့် ပလတ်စတစ်ဖြတ်စ ပိုမိုတင်ပို့ခဲ့သော်လည်း ပြောင်း၊ လိမ္မော်သီး၊ ကြက်သွန်ဖြူ၊ လက်ဖက်ခြောက်၊ နနွင်းတက်၊ ဝဥ၊ ပုစွန်ဖွဲ၊ စက္ကူဖြတ်စ တင်ပို့မှုလျော့နည်းခဲ့ခြင်းကြောင့် ဖြစ်သည်။

သွင်းကုန်ပိုင်းတွင် ယခင်ပတ်ထက်လျော့နည်းခြင်းမှာ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ၊ လယ်ထွန်စက်များ၊ ဖန်ဆောက်လုပ်ရေးပစ္စည်းများ၊ တွင်းထွက်(သတ္တုမှအပ) ဆောက်လုပ်ရေးပစ္စည်းများ၊ အခြားစက္ကူများ၊ ဆေးဝါးပစ္စည်းများ၊ ပရိဘောဂပစ္စည်းများ ပိုမိုတင်သွင်းခဲ့သော်လည်း ဘိလပ်မြေ၊ လယ်ယာသုံး နောက်တွဲယာဉ်နှင့်အခြားယာဉ်များ၊ စက်နှင့်စက်ပစ္စည်းများ၊ သံနှင့်သံမဏိ ဆောက်လုပ်ရေးပစ္စည်းများ၊ ဓာတုဗေဒ ချည်ခင်များ၊ သံနှင့်သံမဏိပစ္စည်းများ၊ တာယာနှင့် ကျွတ်များ၊ မီးဖိုချောင်သုံးပစ္စည်းများနှင့် အခြားပစ္စည်းများ လျော့နည်းတင်သွင်းခဲ့ခြင်းကြောင့် ဖြစ်သည်။

**အိမ့် (DOT)**




# မြဝတီ ကုန်သွယ်ရေးဇုန်၏ တစ်ပတ်အတွင်း ကုန်သွယ်မှုအခြေအနေ

မြဝတီကုန်သွယ်ရေးဇုန်၏ မေ ၁၅ ရက်မှ ၂၁ ရက်ထိ လုပ်ငန်းဆောင်ရွက်မှုမှာ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၃၅ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၀၈ သန်းဖြစ်၍ ကုန်သွယ်မှုပမာဏမှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၄၃ သန်း ဖြစ်သည်။

အနီးစပ်ဆုံး ယခင်ပတ် လုပ်ငန်းဆောင်ရွက်မှုနှင့် နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၂၅၇ သန်း လျော့နည်းပြီး သွင်းကုန်ပိုင်းတွင် တန်ဖိုးအမေရိကန်ဒေါ်လာ သုည ဒသမ ၂၂၂ သန်းပိုမိုခဲ့သဖြင့် ကုန်သွယ်မှုပမာဏအနေဖြင့် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၅ သန်း လျော့နည်းခဲ့ခြင်းဖြစ်သည်။ ယခင်တစ်ပတ်ထက် ပို့ကုန်ပိုင်းတွင် လျော့နည်းရခြင်းမှာ လယ်ယာထွက်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများ တင်ပို့မှုပိုမိုခဲ့သော်လည်း ရေထွက်ပစ္စည်းအုပ်စု၊ သတ္တုတွင်းထွက်ပစ္စည်းအုပ်စုနှင့် အခြားပစ္စည်းအုပ်စုများ တင်ပို့မှု လျော့နည်းခဲ့ခြင်းကြောင့်ဖြစ်သည်။ ယခင်ပတ်ထက် သွင်းကုန်ပိုင်းတွင် ပိုမိုခြင်းမှာ လူသုံးကုန်ပစ္စည်းအုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုညဒသမ ၀၅၁ သန်းလျော့နည်းခဲ့သော်လည်း ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းအုပ်စုတွင် တန်ဖိုးအမေရိကန်ဒေါ်လာ သုည ဒသမ ၁၀၀ သန်း၊ လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းအုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုညဒသမ ၁၇၃ သန်း ပိုမိုခဲ့ခြင်းကြောင့်ဖြစ်သည်။

**အိမ့် (DOT)**

# ဇွန်လအတွင်း ဓာတ်မြေသြဇာ၊ ဘိလပ်မြေ၊ နို့မှုန့်နှင့် ဆေးဝါးပစ္စည်းများ တင်သွင်းမှု အခြေအနေ

**ဓာတ်မြေသြဇာ**

ဇွန် ၁ ရက်မှ ၂၁ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၃၄ ဒသမ ၈၇၄ သန်း တန်ဖိုးရှိ ဓာတ်မြေသြဇာတန်ချိန် ၉၀၀၀၀ ကျော် တင်သွင်းခဲ့သည်။ တင်သွင်းမှုများအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှတန်ချိန် ၅၀၀၀၀ ခန့်၊ ဘရူနိုင်းနိုင်ငံမှ တန်ချိန် ၁၁၀၀၀ ကျော်၊ အိုမန်နိုင်ငံမှ တန်ချိန် ၇၅၀၀ ခန့်၊ ဂျာမနီနိုင်ငံမှ တန်ချိန် ၇၂၀၀ ကျော်၊ ထိုင်းနိုင်ငံမှ တန်ချိန် ၅၅၀၀ ကျော်၊ တောင်ကိုရီးယားနိုင်ငံမှ တန်ချိန် ၃၂၀၀ ကျော်၊ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၂၂၀၀ ကျော်၊ အီဂျစ်နိုင်ငံမှ တန်ချိန် ၂၀၀၀ ကျော်၊ ရုရှားနိုင်ငံမှ တန်ချိန် ၁၇၀၀ ကျော်၊ တူကီယေးနိုင်ငံမှ တန်ချိန် ၂၇၀ ကျော် နှင့် မလေးရှားနိုင်ငံမှတန်ချိန် ၂၀၀ကျော် တင်သွင်းခဲ့သည်။

မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေးမှ ဇွန် ၁ ရက်မှ ၂၁ ရက်ထိ ကာလအတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၇ သန်းတန်ဖိုးရှိ ဘိလပ်မြေ တန်ချိန် ၁၀ တန် ကျော် ထိုင်းနိုင်ငံမှ တင်သွင်းခဲ့ကြောင်း သိရသည်။

**ဘိလပ်မြေ**

ဇွန် ၁ ရက်မှ ၂၁ ရက်ထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၁ သန်းတန်ဖိုးရှိ ဘိလပ်မြေတန်ချိန် ၂၀၀ ကျော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ မှ တင်သွင်းခဲ့သည်။

မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးမှ ဇွန် ၁ ရက်မှ ၂၁ ရက်ထိ ကာလအတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၁ သန်းတန်ဖိုးရှိ ဘိလပ်မြေ တန်ချိန် ၂၀၀ ကျော် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တင်သွင်းခဲ့သည်။

**နို့မှုန့်**

ဇွန် ၁ ရက်မှ ၂၁ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၅၃ သန်း တန်ဖိုးရှိ ဆေးဝါးပစ္စည်း တန်ချိန် ၁၀၀ ကျော် နယူးဇီလန်နိုင်ငံ၊ ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့မှ တင်သွင်းခဲ့သည်။

**ဆေးဝါးပစ္စည်းများ**

ဇွန် ၁ ရက်မှ ၂၁ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၈၆၂ သန်း တန်ဖိုးရှိ ဆေးဝါးပစ္စည်းများ တန်ချိန် ၂၀၀၀ ခန့် တင်သွင်းခဲ့သည်။ ယခုတစ်ပတ်တွင် အာဂျင်တီးနားနိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘရာဇီးနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဆိုက်ပရက်စ်နိုင်ငံ၊ ဂျာမနီနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ပါကစ္စတန်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ တင်သွင်းခဲ့ကြောင်း သိရသည်။

**အိမ့် (DOT)**

# ဇွန်လအတွင်း ရော်ဘာ၊ ပြောင်းတင်ပို့မှု

**ရော်ဘာ**

ဇွန် ၁ ရက်မှ ၂၁ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန် ဒေါ်လာ ၂၂ ဒသမ ၄၃၃ သန်း တန်ဖိုးရှိရော်ဘာတန်ချိန် ၁၅၇၉၀ ကျော်တင်ပို့ကြောင်း သိရသည်။ ရော်ဘာတင်ပို့မှုအနေဖြင့် တရုတ်နိုင်ငံသို့ ရော်ဘာတန်ချိန် ၆၅၃၀ကျော်၊ မလေးရှားနိုင်ငံသို့ ရော်ဘာတန်ချိန် ၅၀၈၀ ကျော်၊ ဗီယက်နမ်နိုင်ငံသို့ ရော်ဘာတန်ချိန် ၁၃၈၀ ကျော်၊ အိန္ဒိယနိုင်ငံသို့ ရော်ဘာ ၁၆၃၀ ကျော်၊ အင်ဒိုနီးရှားနိုင်ငံသို့ ရော်ဘာ တန်ချိန် ၄၃၀ ကျော်၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ ရော်ဘာတန်ချိန် ၃၂၀ ခန့်၊ ထိုင်ဝမ်သို့ ရော်ဘာ တန်ချိန် ၄၀၀ ကျော် တင်ပို့ကြောင်းသိရသည်။

ဇွန် ၁ ရက်မှ တတိယပတ်ထိကာလအတွင်း မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်မှု လမ်းကြောင်းမှ ရော်ဘာတန်ချိန် ၂၁၃၀ ကျော်နှင့် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှ ရော်ဘာ ၅၀၇ တန် တင်ပို့သဖြင့် နယ်စပ်ကုန်သွယ်မှုမှ ရော်ဘာတင်ပို့မှု စုစုပေါင်းတန်ချိန် ၂၆၄၀ ကျော်ရှိပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၃၆ သန်းကျော် ရရှိသည်။နည်းလမ်းနှစ်သွယ်မှ ရော်ဘာတင်ပို့မှုတန်ချိန် ၁၈၄၃၀ ကျော်ရှိပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၂၆၉ သန်း ရရှိသည်။

**ပြောင်း**

ဇွန် ၁ ရက်မှ ၂၁ ရက်ထိကာလအတွင်း ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းမှ အမေရိကန်ဒေါ် လာ ၄၇ ဒသမ ၆၆၅ သန်း တန်ဖိုးရှိ ပြောင်းတန်ချိန် ၂၀၄၃၉၀ ခန့် တင်ပို့ကြောင်း သိရသည်။ ပြောင်းတင်ပို့မှုအနေဖြင့် ထိုင်းနိုင်ငံသို့ ပြောင်းတန်ချိန် ၉၆၃၆၀ ကျော်၊ ဖိလစ်ပိုင်နိုင်ငံသို့ ပြောင်းတန်ချိန် ၅၀၅၅၀ ကျော်၊ အိန္ဒိယနိုင်ငံသို့ ပြောင်းတန်ချိန် ၅၇၄၅၀ နှင့် စင်ကာပူနိုင်ငံသို့ ပြောင်းတန်ချိန် အနည်းငယ် တင်ပို့သည်။

ဇွန် ၁ ရက်မှ တတိယပတ်ထိကာလအတွင်း မြန်မာ-ထိုင်းနယ်စပ် ကုန်သွယ်မှု လမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၀၂၆ သန်း တန်ဖိုးရှိပြောင်းတန်ချိန် ၇၂၅၈၀ ကျော် တင်ပို့သည်။ နည်းလမ်းနှစ်သွယ်မှ ပြောင်းတင်ပို့မှု တန်ချိန် ၂၇၆၉၇၀ ကျော်ရှိပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၆၄ ဒသမ ၆၉၁ သန်းရရှိကြောင်း သိရသည်။

**DAAT**

စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ
(၂၄-၆-၂၀၂၄)ရက်နေ့မှ (၃၀-၆-၂၀၂၄)ရက်နေ့အထိ ရည်ညွှန်းဈေးနှုန်းထုတ်ပြန်ရန်
ခန့်မှန်းကုန်ကျစရိတ်စာရင်းနှင့် အရင်းဈေးတွက်ချက်မှု

| | |
|---|---|
| Quantity (MT) | 1000 |
| CIF Price (USD/MT) | 971 |
| ငွေလဲနှုန်း | 2992 |
| Customs ငွေလဲနှုန်း | 2100 |

| စဉ် | အကြောင်းအရာ | တွက်ချက်နှုန်း | ၁၀၀၀ တန် ကုန်ကျစရိတ် | (၁) ပိဿာကုန်ကျစရိတ် |
|---|---|---|---|---|
| ၁ | သွင်းကုန်လိုင်စင်ကြေး | | 93,600 | 0.15 |
| ၂ | TT ဘဏ်စရိတ်ငွေလွှဲခ | 1000 MT x CIF x ငွေလဲနှုန်း x 0.125% | 3,631,540 | 5.93 |
| ၃ | စားအုန်းဆီအလျော့ | 1000 MT x 1% x CIF x ငွေလဲနှုန်း | 29,052,320 | 47.44 |
| ၄ | ဆီကန်သိုလှောင်ထိန်းသိမ်းခ | 1000 MT x 612.39 Viss x MMK 31 | 18,984,090 | 31.00 |
| ၅ | ကုန်သွယ်လုပ်ငန်းခွန် | 1000 MT x CIF x Customs ငွေလဲနှုန်း x 5% | 101,955,000 | 166.49 |
| ၆ | MITS စစ်ဆေးခ | 1000 MT x MMK 600 | 600,000 | 0.98 |
| ၇ | FDA + Lab Test | | 440,000 | 0.72 |
| ၈ | ဆိပ်ကမ်းကပ်ခ | 1000 MT x USD 3.15 x ငွေလဲနှုန်း | 9,424,800 | 15.39 |
| ၉ | ဆီအသင်းရန်ပုံငွေ | 1000 MT x MMK 600 | 600,000 | 0.98 |
| ၁၀ | Agent fee | | 250,000 | 0.41 |
| ၁၁ | ကြိုတင်ဝင်ငွေခွန် | 1000 MT x CIF x Customs ငွေလဲနှုန်း x 2% | 40,782,000 | 66.59 |
| ၁၂ | ကန်ပြောင်းစရိတ် | 1000 MT x 612.39 Viss x MMK 30 | 18,371,700 | 30.00 |
| ၁၃ | အထွေထွေကုန်ကျစရိတ် | 1000 MT x 612.39 Viss x MMK 50 | 30,619,500 | 50.00 |
| ၁၄ | ဘဏ်အတိုးနှုန်း | 1000 MT x CIF x ငွေလဲနှုန်း x 1.167% | 33,904,057 | 55.36 |
| | အထွေထွေစရိတ်ပေါင်း | | **288,708,607** | **471.45** |
| ၁၅ | CIF Cost (1000 MT x CIF Price x ငွေလဲနှုန်း) | | **2,905,232,000** | **4,744.09** |
| | စရိတ်စုစုပေါင်း | | **3,193,940,607** | **5,215.53** |

# SHWE WAH YAUNG Agriculture Production Co.,ltd.



Office : Nya/73, Yuzana Street, Bayint Naung (1) Ward, Mayangone Township, Yangon, Myanmar.
Ph : 01-3684437~38, 01-3680803, 01-3686158, 01-3686251 Fax : 01-3686251
Warehouse : No(465/A), Corner of Yaw Ah Twin Wun U Pho Hlaing Street & Kannar Street, Shwe Lin Pan Industrial Zone, Hlaing Tharyar Township, Yangon, Myanmar.
Ph : 01-3684437~38, 01-3680803, 01-3686158, 01-3686251 Fax : 01-3686251
website : www.swymyanmar.com, Email : eximdept@swymyanmar.com, thaungtike@swymyanmar.com





# VICTORY WAY





ဆေးနှင့်ဆေးပစ္စည်းများ (Medicine and Medical Equipment)
လျှပ်စစ်ဆိုင်ရာ ကုန်ကြမ်းနှင့်ကုန်ချောပစ္စည်းများ (Electrical Electronic Product)
ယာဉ်နှင့်စက်ကိရိယာအပိုပစ္စည်းများ (Vehicles and Spares Parts)
လယ်ယာထွက်ကုန်အမျိုးမျိုး (Farm Produts)
စက်ရုံသုံးကုန်ကြမ်းပစ္စည်းများ (Factory Utencils and Raw Material)
သယ်ယူပို့ဆောင်ရေး (Logistic)
သတ္တုတူးဖော်ရေး (Mining)

အမှတ် – ၈၃၂၊ နေသိဒ္ဓိလမ်း၊ ဂန္ဓမာလမ်း၊ မရမ်းကုန်း(၈)ရပ်ကွက်၊ ရန်ကုန်မြို့။
Tel: 09-5502216, 09-73444222, E-mail : victroyway.burma@gmail.com

# A.ONE.TOP & STAR LIGHT CO.,LTD

**BIZOL** Made in Germany

SCT **MANNOL**® Germany

## Authroized Distributor by A.ONE.TOP AND STARLIGHT CO.,LTD

Yangon ရုံးချုပ်
အမှတ် C10/11 သီရိရတနာလက်ကားဈေး၊ မြောက်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့။
Ph; 09-250 411 288, 09 772 928 187, 09 674 709 688, 09 674 709 699

မန္တလေးရုံးခွဲ
၆၂လမ်း (၁၀၃နှင့်၁၀၃-အေ ကြား)၊ အမှတ် (တ၄/၃၀)၊ ကုတင် ၃၀၀ မျက်စောင်းထိုး၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
Ph; 09-782055527, 09-792055527

မြစ်ကြီးနားရုံးခွဲ
အမှတ်(၁)၊ တိုက်(၁)၊ စံပြမိန်းလမ်းဘေး၊ Good Boy ကားရေဆေးဆိုင်ရှေ့၊ မြစ်ကြီးနားမြို့။
09-257936493, 09-94045248

# SINOPEC




**Authorized Distributor: 777-1 EXPORT IMPORT COMPANY LIMITED**

**Yangon:**
**No.(59-60), Hlay Thin Ah Twin Wun U Chain Street,**
**Industrial Zone(2),Hlaing Thar Yar Township, Yangon, Myanmar.**
**Tel:09-454511112,454511113,454511114**

**Mandalay:**
**PaPa(21/1), Corner of 135 (Yaw Min Gyi) Street & 66 Street,**
**Industrial Zone(1), Mandalay, Myanmar.**
**Tel:02-5154403,5153970,5152224,5153100,5152117**


CHERRY OO
WATCH GALLERY
SINCE 1987
Phone No. : 09 967 500 700
cherryoowatchgallery
cherryoowatchgallery


MHG
MOE HTET GABAR
COMPANY LIMITED
Address : No. 151, Room (B-702, B-704), Myawaddy Bank Luxury Complex,
Bogyoke Aung San Street (Corner of Wardan Street), Lanmadaw Township, Yangon, Myanmar.
Tel : 01-212311, 212837, 2301468~70


MIRACLE LIGHT
HIGH PERFORMANCE LIQUID CHROMATOGRAPHY (HPLC)
HEMOGLOBIN ANALYZER GOLD STANDARD FOR HBA1C
(DIABETES DIAGNOSIS) AND THALASSEMIA TESTING
Advantages of Lifotronic HPLC
GH900 Plus & H8 – Best Choice for Small & Medium Workload
Your great choice for SMALL size market
Your great choice for MID size market
• High degree of automation
• Higher precision CV < 1.5 %
• HbA1c detection time < 3min
• Lower cost per test
• Without variants interference
GH900Plus
MIRACLE LIGHT CO.,LTD
Head Office & Showroom
No.(4/1), Thiri Mingalar Street, Mayangone Township,
Yangon, Myanmar.
Tel : +959 982 982 999
Email : miraclelight1920@gmail.com


ရတနာတိုး
(ကုန်စည်ပို့ဆောင်ရေး)
ဂတုံးကြီးကားဂိတ်
ရန်ကုန် ↔ ထားဝယ် ↔ ပုလော
မြိတ် ↔ ကော့သောင်း
အမှတ်(၅၂/၂၁)၊ ခေတ္တာလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း
ရန်ကုန်ဖုန်း - ၀၉ ၄၉၀၀၀၂၀၃၊ ၀၉ ၄၅၁၉၁၈၈၈၆
ရန်ကုန်ဖုန်း - စာရေး - ၀၉၂၆၃၇၀၂၅၇၅
မြိတ် - ၀၉ ၄၅၁၉၁၈၈၈၆


GLOBAL POWER CO., LTD.
CLEAN
Hygienic Soft and Natural
Tissue Roll
Tissue Box
Box Refill & Napkin
Pocket Tissue
နေရာတိုင်းအတွက် အသင့်တော်ဆုံး
Clean Tissue အကောင်းဆုံး
Global Power Co., Ltd.
အမှတ်(၉၉)၊မှဆယ်လမ်း၊စက်မှုဇုန်(၁)၊တောင်ဒဂုံမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၀၉ ၉၆၅၅၃၀၆၈၃ ၊ ၀၉ ၄၄၃ ၂၄၄၈၁၀


VICTORY
ကမ္ဘာ့အသိအမှတ်ပြု
မြန်မာ့အရည်အသွေးအကောင်းဆုံး
SINCE 1886
MANDALAY
PREMIUM PRODUCT
ကမ္ဘာ့အဆင့်မီ အရည်အသွေးမြင့် အကောင်းဆုံး ရမ်

# ပခုက္ကူမြို့ ဘိလပ်မြေ၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးဈေးနှုန်းများ

ပခုက္ကူမြို့တွင် ယခု ဇွန်လ စတုတ္ထပတ်၌ အရောင်းအဝယ်ဖြစ်နေသော ဓာတ်မြေဩဇာ 50 Kg ပါ တစ်အိတ် ဈေးနှုန်းများမှာ အာမိုယူရီးယား ကျပ်၈၅၀၀၀၊ ဩဘာ ယူရီးယား ကျပ် ၉၃၀၀၀၊ ရွှေနဂါး ယူရီးယား ကျပ် ၈၄၀၀၀၊ တရုတ်တီစူပါသံကွင်း ကျပ် ၁၃၀၀၀၊ တရုတ်ပုလဲရွှေတောင် ကျပ် ၈၃၀၀၀၊ မြန်မာဩဘာ ရွှေကောမက် ကျပ်၁၄၀၀၀၀၊ အာမို ကွန်ပေါင်း ကျပ် ၁၈၀၀၀၀၊ ဩဘာကွန်ပေါင်း ကျပ်၁၆၀၀၀၀၊ ကောမက် ကွန်ပေါင်း ၁၅း၁၅း၁၅ ကျပ် ၁၃၀၀၀၀၊ တရုတ်အာမို ကျပ် ၁၆၅၀၀၀ ဖြင့် မေလ နောက်ဆုံးပတ်ထက် ဈေးမြင့်တက်လာသည်ကိုတွေ့ရသည်။ ယခုအချိန်သည် သီးနှံများ စိုက်ပျိုးချိန်ဖြစ်သောကြောင့် ဈေးမြင့်တက်လာရခြင်းဖြစ်ကြောင်း သိရသည်။

ဇွန်လ စတုတ္ထပတ်တွင် ဖြစ်ပေါ်နေသော ပိုးသတ်ဆေးဈေးနှုန်းများမှာ အာမိုမက်နီ ဖော့ (500)cc တစ်ဘူးလျှင် ကျပ် ၃၅၀၀၀၊ အာမိုမက်နီဖော့ တစ်လီတာ တစ်ဘူးလျှင် ကျပ် ၆၀၀၀၀၊ အာမိုစတားတစ်လီတာ တစ်ဘူးလျှင် ကျပ် ၅၃၀၀၀၊ အာမိုအီမာတစ် လီတာဘူး တစ်ဘူးလျှင် ကျပ် ၄၃၀၀၀၊ ဂျက်ကက် မင်းမဟော် (100)cc တစ်ဘူးလျှင် ကျပ် ၁၁၀၀၀၊ ဩဘာပို့စ် (250)cc ဘူး တစ်ဘူးလျှင် ကျပ် ၁၂၅၀၀၊ ဩဘာ အဆီဖိတ် (500)g ပါ တစ်ထုပ်လျှင် ကျပ် ၂၇၀၀၀၊ ဩဘာ ငှက်ကြီးတောင် (100)cc တစ်ဘူးလျှင် ကျပ် ၂၂၀၀၀၊ ဩဘာ ငှက်ကြီးတောင်(250)cc တစ်ဘူးလျှင် ကျပ် ၅၁၅၀၀၊ မင်းမဟော် ဖော်ယူဘိုး (500)cc တစ်ဘူးလျှင် ကျပ် ၃၅၀၀၀၊ မင်းမဟော် ဖော်ယူဘိုး (250)cc တစ်ဘူးလျှင် ကျပ် ၁၉၅၀၀ ဈေးနှုန်းအသီးသီးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရ သည်။

ဇွန်လ စတုတ္ထပတ်တွင် ဓာတ်မြေဩဇာနှင့် အသုံးများဆုံး ပိုးသတ်ဆေး ဈေးနှုန်းတက်လာသည်ကို တွေ့ရှိရပြီး ပိုးသတ်ဆေးမှာ ပို၍အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း လုပ်ငန်းရှင်များထံမှ သိရသည်။

**စန်းမြင့်ရီ (ပခုက္ကူ)**

# မော်လမြိုင် ဘိလပ်မြေ၊ ဓာတ်မြေဩဇာ၊ ပိုသတ်ဆေးနှင့် ရော်ဘာဈေးကွက်

**ဘိလပ်မြေ**

မော်လမြိုင်မြို့၌ ဇွန်လစတုတ္ထပတ်တွင် ဘိလပ်မြေ ဈေးကွက်မှာ အရောင်းအဝယ် ပုံမှန်ရှိနေပြီး ဈေးနှုန်းတည်ငြိမ်နေကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ် ပုံမှန်ဖြစ်နေသောဈေးမှာ ယခုတစ်ပတ်တွင် ကြံ့နစ်ကောင် (အနီ) ကျပ် ၁၃၆၀၀၊ ကြံ့တံဆိပ် (အပြာ) ကျပ် ၁၂၄၀၀၊ ကြံ့တံဆိပ်(အဝါ) ကျပ် ၁၂၁၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေပြီး မော်လမြိုင်မြို့၌ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးဈေးနှုန်းမှာ အရောင်းအဝယ်ပုံမှန်ရှိနေပြီး ဈေးနှုန်းတည်ငြိမ်နေကြောင်း သိရှိရသည်။



**ဓာတ်မြေဩဇာ**

ဇွန်လ စတုတ္ထပတ်တွင် ကွန်ပေါင်း (မြန်မာ့ဩဘာ ရွှေကောမက်) 15:15:15 50kg ပါတစ်အိတ်မှာ ကျပ် ၁၂၈၀၀၀၊ ကွန်ပေါင်း 20:12:12 50kg ပါ တစ်အိတ်မှာ ကျပ် ၁၃၈၀၀၀၊ ကွန်ပေါင်း (Thai Grow How) 15:15:15 50kg ပါ တစ်အိတ်မှာ ကျပ် ၁၈၀၀၀၀၊ ပုလဲ(အသေး) ၄၆% မြန်မာ (MPE) 50kg ပါတစ်အိတ်မှာ ကျပ် ၇၈၀၀၀၊ ပုလဲ(အကြီး) ၄၆% ထိုင်း(မြင်းပျံ) 50kg ပါ တစ်အိတ်လျှင် ကျပ် ၇၈၀၀၀၊ ပိုသတ်ဆေး အမျိုးအစားဖြစ်သည့် မာလာမြိုင်ဆိုက်ပါ ၁၀% (သီးရွက်စုံ) 100cc တစ်ပုလင်းမှာ ကျပ် ၃၁၀၀ မာလာမြိုင်ဆိုက်ပါ ၁၀%(သီးရွက်စုံ) 500cc တစ်ပုလင်းမှာ ကျပ် ၁၃၈၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။

**ရော်ဘာ**

မွန်ပြည်နယ်အတွင်းရှိ ရော်ဘာအဝယ်ဒိုင်များအနေဖြင့် အပတ်စဉ် အရောင်းအဝယ် ပုံမှန်ရှိနေသည်။ ရော်ဘာဈေးနှုန်းမှာ အဖွင့်ရာသီတွင် RSS-3 တစ်ပေါင်လျှင် ကျပ် ၁၈၀၀ RSS-5 တစ်ပေါင်လျှင် ကျပ် ၁၆၅၀ ရှိခဲ့ပြီး ယခု ဇွန်လ ၂၇ ရက်မှ ၃၀ ရက်ထိဈေးနှုန်းမှာ RSS-3 တစ်ပေါင်လျှင် ကျပ် ၂၃၀၀၊ RSS-5 တစ်ပေါင်လျှင် ကျပ် ၂၀၀၀ ပေါက်ဈေးဖြစ်ပေါ်နေပြီး ယခင်တစ်ပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက တစ်ပေါင်လျှင် ကျပ် ၁၀၀ ခန့် ဈေးနှုန်းတက်လာခဲ့သည်။ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ သယ်ယူခနှုန်းထားမှာ (50)kg ပါ တစ်ထုပ်လျှင် ကျပ် ၂၄၀၀၊ ရော်ဘာတစ်တန်လျှင် ကျပ် ၄၈၀၀၀၊ ဖြင့်လည်းကောင်း မော်လမြိုင်မြို့မှ မန္တလေးမြို့သို့ (50)kg ပါတစ်ထုပ်လျှင် ကျပ် ၃၅၀၀၊ ရော်ဘာ တစ်တန်လျှင် ကျပ် ၇၀၀၀၀ ဖြင့် သယ်ယူပို့ဆောင်ပေးရကြောင်း ကုန်သည်များထံမှ သိရှိရသည်။

**အောင်မြင့်မြတ်(မွန်)**

# ပခုက္ကူကုန်စည်ဒိုင် ဈေးနှုန်းဈေးကွက်

**ပဲစင်းငုံနီ**

ပခုက္ကူခရိုင်တွင် ပဲစင်းငုံနီကို ပခုက္ကူမြို့နယ်အတွင်းရှိ ရွာများဖြစ်သော ချောက်ကန်အုပ်စု၊ မန်ကျည်းကိုးပင်၊ အင်ပင်၊ ကန်တော်၊ ကန်လှ၊ ဒဟက်ချောက်၊ ကန်တိန်၊ ကန်ရပ်၊ သမင်အုပ်ရွာများ၊ မြိုင်မြို့နယ်အတွင်းရှိ ရွာများတွင် သီးထပ်သီးညှပ်အဖြစ် စိုက်ပျိုးကြသည်။

ဇွန်လအတွင်း အရောင်းအဝယ်ဖြစ်ခဲ့သော ဈေးနှုန်းများမှာ ဇွန်လ ပထမပတ်တွင် ပဲစင်းငုံနီတစ်တင်းလျှင် ကျပ် ၁၄၁၆၀၀၊ ဒုတိယပတ်တွင် တစ်တင်းလျှင် ကျပ် ၁၄၇၀၀၀၊ တတိယပတ်တွင် တစ်တင်းလျှင် ကျပ် ၁၄၄၂၀၀၊ စတုတ္ထပတ်တွင် တစ်တင်းလျှင် ကျပ် ၁၄၂၀၀၀ ဖြစ်ပြီး ပျမ်းမျှ တစ်နေ့လျှင် အိတ်ရေ ၂၀၀မှ ၇၀၀ ထိ အရောင်းအဝယ်ဖြစ်နေသည်။ တင်ပို့မှုအနေဖြင့် ရန်ကုန် ဘုရင့်နောင်နှင့် မန္တလေးသို့ တင်ပို့ကြောင်း သိရှိရသည်။

**ပြောင်းဖူးစေ့**

ပခုက္ကူခရိုင် ပခုက္ကူကုန်စည်ဒိုင်တွင် ပဲစင်းငုံနီ၊ မတ်ပဲ၊ ကုလား ပဲ၊ ပြောင်းဖူးစေ့ CP တို့ နေ့စဉ် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ပြောင်းဖူးစေ့ CP ကို ပခုက္ကူကုန်စည်ဒိုင်တွင်သာမက ပွဲရုံများတွင်လည်း နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ကုန်သည်ပွဲစားများထံမှ သိရှိသည်။ ပြောင်းဖူးစေ့ CP ကို ပခုက္ကူ ခရိုင်အတွင်းရှိ မြို့နယ်များဖြစ်သော ရေစကြိုကျွန်းများ၊ ပခုက္ကူမြို့နယ်အတွင်းရှိ မြင်းဝင်း၊ ငကျော်၊ နန်းတော်ရပ်အုပ်စုအတွင်းရှိ ကျေးရွာများတွင် တစ်ကွင်း တစ်စပ် အဓိကစိုက်ပျိုးကြသည်။

ပခုက္ကူခရိုင်အတွင်းသို့ ရေစကြိုမြို့နယ်ရှိ ကျွန်းနယ်များ၊ ပခုက္ကူမြို့နယ်အတွင်းရှိ ကျေးရွာများအပြင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်အတွင်းရှိ ကျေးရွာများမှလည်း ဝင်ရောက် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ဇွန်လအတွင်း အရောင်းအဝယ်ဖြစ်ခဲ့သော ပြောင်းဖူးစေ့ CP ဈေးနှုန်းများမှာ ဇွန်လ ပထမပတ်တွင် ၁၈ ပိဿာပါ တစ်တင်းလျှင် ကျပ် ၂၃၀၀၀၊ စတုတ္ထပတ်တွင် ၁၈ပိဿာပါ တစ်တင်းလျှင် ကျပ် ၂၂၀၀၀ဖြစ်ပြီး အရောင်းအဝယ်ဖြစ်မှုမှာ တစ်နေ့လျှင် အိတ်ရေ ၂၀၀ မှ ၃၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

တင်ပို့မှုအနေဖြင့် မြန်မာပြည်အောက်ပိုင်းနှင့် မန္တလေးမြို့သို့ တင်ပို့ပြီး တိရစ္ဆာန်အစာများအဖြစ် အသုံးပြုကြောင်း သိရသည်။

**လှိုင်ဉမ္မာဦး(ပခုက္ကူ)**



# ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်တွင် နှမ်းများစတင်ရိတ်သိမ်း၍ ဈေးကောင်းရနေ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်အတွင်းရှိ ရွာခိုင်ကြီး၊ လွန်ကျော်၊ မဿဲ၊ စမြောင်၊ ပေတော၊ ဒါးဝယ်အင်း ကျေးရွာများရှိ တောင်သူများသည် စပါး၊ နှမ်း၊ ကြက်သွန်နှင့် ဝါ များကို အဓိကစိုက်ပျိုးကြပြီး ယခုအခါတွင် မတ်လကုန်ပိုင်းက စိုက်ပျိုးထားသည့် နွေနှမ်းများသည် ဇွန်လလယ်တွင် စတင်ရိတ်သိမ်းနေပြီဖြစ်၍ ဈေးကောင်းရနေကြောင်းသိရသည်။

စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ခုနစ်သိန်းခန့် ကုန်ကျပြီး အထွက်နှုန်းမှာ ရေ၊ မြေ အနေအထားနှင့် ကိုက်ညီမှုရှိပြီး မြေဆီဖြည့်ပေးမှုအပေါ်တွင် အထွက်နှုန်းကွာခြားကြောင်း၊ တစ်ဧကလျှင် ပျမ်းမျှ ၁၀ တင်းမှ ၁၂ တင်းခန့်ထွက်ရှိကြောင်း၊ ဈေး ကွက်အနေဖြင့် ကူမဲ၊ မြစ်သား၊ ကျောက်ဆည် ပွဲရုံများသို့ တင်ပို့ရောင်းချကြပြီး နှမ်းတစ်တင်းလျှင် ယခင်နှစ်က ကျပ် ၁၁၅၀၀၀ မှ ၁၂၀၀၀၀၊ ယခုနှစ်တွင် ကျပ် ၁၄၃၀၀၀ မှ ၁၅၀၀၀၀၊ ယခင်နှစ်ထက် ဈေးကောင်းပိုမိုရရှိ၍ အကျိုးအမြတ်များစွာ ရရှိကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

**မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

# ဈေးကောင်းရနေသည့် ရောရေထွက် ပုစွန်ဈေးကွက်

ဧရာဝတီတိုင်းဒေသကြီးအတွင်း ပင်လယ်ကမ်းခြေနှင့် နီးကပ်လျက်ရှိသော ငပုတောမြို့နယ်အတွင်းရှိ ဟိုင်းကြီးကျွန်းကျေးရွာ မော်တင်၊ ဇီးချိုင်၊ ကံချိုင်၊ စံပြကျေးရွာ သက္ကယ်သောင်၊ သမ္မာဒေဝ၊ တောင်ကလေးကျေးရွာများနှင့် အခြားကျေးရွာများ၊ချောင်းသာ၊ ငွေဆောင်ဝန်းကျင်ကျေးရွာများတွင် ရေချို၊ ရေငန် ပုစွန်များကို ပုသိမ်ဈေးကွက်သို့ လာရောက်ရောင်းချလျက်ရှိကြောင်း သိရသည်။

ပုသိမ်ဈေးကွက်တွင် ဒေသတွင်းစားသုံးရန်နှင့် ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချပြီး ဂရမ် ၂၅၀ အထက် ပုစွန်ဈေး မှာ တစ်ပိဿာ ကျပ် ၈၅၀၀၀၊ ဂရမ် ၂၀၀ အထက်ဈေးမှာ တစ်ပိဿာ ကျပ် ၆၅၀၀၀ ဈေးနှင့် ဂရမ် ၅၀ မှ၁၀၀ အတွင်း ကျပ် ၅၀၀၀၀-၆၀၀၀၀ ဈေးနှုန်းဝန်းကျင် ပုစွန်အရွယ်အစားအလိုက် ကျပ် ၂၀၀၀၀ -၄၀၀၀၀ အတွင်းရှိပုစွန်များကိုလည်း ဈေးကွက်အတွင်း ရောင်းချလျက်ရှိကြောင်း သိရသည်။

ပုသိမ်ဈေးကွက်မှ ပြည်ပဈေးကွက်သို့ တိုက်ရိုက်တင်ပို့ရောင်းချမှုမရှိဘဲ ရန်ကုန်မြို့ရှိ စံပြဈေး၊ ရွှေပိတောက်ပါးဈေးသို့ နေ့စဉ်တင်ပို့ပြီး ရန်ကုန်မြို့ရှိ ပြည်ပသို့ တင်ပို့ရောင်းချသည့် ကုမ္ပဏီများ၊ အဝယ်ဒိုင်များမှ ဂရမ်၂၀၀ နှင့် ၂၅၀ အထက် ပုစွန်များကို ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ဥရောပနိုင်ငံများသို့လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ပုသိမ်ဈေးကွက်မှ ရေထွက်ပစ္စည်းများ ရောင်းချရာတွင် ရန်ကုန်မြို့ရှိ အဝယ်ဒိုင်များမှ ဖွင့်လှစ်သော ဈေးနှုန်းဖြင့်သာ ရောင်းချပြီး ရန်ကုန်မြို့ရှိပြည်ပသို့ပို့သော ကုမ္ပဏီများမှလည်း အရည်အသွေး၊ ဝယ်လိုအား၊ ဈေးကွက်ပေါ် မူတည်၍ အရောင်းအဝယ်ပြုလုပ်ရကြောင်း ပုသိမ်မြို့ ရေထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင်ထံမှ သိရသည်။

**မင်းမင်းဦး (ပသ)**

MAEX
MYANMAR AGRO EXCHANGE PUBLIC CO., LTD.
မြန်မာ အက်ဂရိုအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီ လီမိတက်

# မြန်မာအက်ဂရိုအိတ်စ်ချိန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီ အမြတ်ဝေစု ခွဲဝေပေးမည်

တည်းကုန်းလက်ကားဈေးအား စီမံခန့်ခွဲလုပ်ကိုင်လျက်ရှိသည့် မြန်မာအက်ဂရိုအိတ်စ်ချိန်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီ (MAEX) မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် အစုရှယ်ယာတစ်စုလျှင် အမြတ်ဝေစုအား ၂၀၀ ကျပ် ခွဲဝေပေးရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ယင်းအမြတ်ဝေစုအား ဩဂုတ် ၂၇ ရက်တွင် ကျင်းပမည့် အဋ္ဌမအကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးတွင် ရှယ်ယာရှင်များအား ခွဲဝေပေးမည်ဖြစ်ပြီး စုစုပေါင်းအမြတ်ဝေစု ခွဲဝေပေးမည့် ပမာဏအဖြစ် ရှယ်ယာတစ်စု ၂၀၀ ကျပ်နှုန်းဖြင့် ကျပ် ၄ ဒသမ ၇ ဘီလီယံကျော် အသုံးပြုသွားရန် ရည်ရွယ်ထားကြောင်း သိရသည်။

မြန်မာအက်ဂရိုအိတ်စ်ချိန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီ (MAEX) အနေဖြင့် အဆိုပါ အမြတ်ဝေစု ခံစားခွင့်ရှိသည့် အစုရှယ်ယာရှင်များအား ၂၀၂၄ ခုနှစ် ဇူလိုင် ၂၂ ရက်အထိ အရောင်းအဝယ်ပြုလုပ်ထားပြီး ၂၀၂၄ ခုနှစ် ဇူလိုင် ၂၅ ရက်တွင် အမြတ်ဝေစု ခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်အဖြစ် အတည်ပြုမည့်ရက်တွင်ရှိသည့် အစုရှယ်ယာရှင်စာရင်းအရ သတ်မှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာအက်ဂရိုအိတ်စ်ချိန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီ (MAEX) သည် ရန်ကုန်စတော့အိတ်ချိန်း YSX စာရင်းဝင် ကုမ္ပဏီတစ်ခုဖြစ်ပြီး ၂၀၂၃ ခုနှစ် ဇူလိုင်လတွင် ရန်ကုန်စတော့အိတ်ချိန်းသို့ စတင်ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့် မေလအတွင်း MAEX အနေဖြင့် ရန်ကုန်စတော့အိတ်ချိန်း(YSX)တွင် ရှယ်ယာ ၂၈၄၁၀ စု၊ ကျပ်သန်း ၅၀ နီးပါးအထိ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

# ယခု ဘဏ္ဍာနှစ်အတွင်း တောင်သူများကို ငွေကျပ် ၃၀ ဘီလီယံကျော် ထုတ်ချေးရန် လျာထား

၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ်အတွင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်ယာသုံး စက်ကိရိယာ ဝယ်ယူလိုသည့် တောင်သူများအတွက် JICA Two - Step Loan ဖြင့် ငွေကျပ် ၃၀ ဘီလီယံကျော် ထုတ်ချေးပေးရန် လျာထားကြောင်း သိရသည်။

"ထုတ်ချေးတဲ့အခါ တောင်သူတွေကို ငွေပေးလိုက်မှာမျိုးမဟုတ်ဘဲ သူတို့ဝယ်ယူလိုတဲ့ လယ်ယာသုံး စက်ကိရိယာ ရောင်းချတဲ့ ကုမ္ပဏီကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ငွေပေးချေပေးမှာဖြစ်ပါတယ်"ဟု မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ချေးငွေကို တောင်သူတစ်ဦးလျှင် အများဆုံး ငွေကျပ် သိန်း ၇၀၀ အထိနှင့် တောင်သူလယ်သမား အစုအဖွဲ့တစ်ဖွဲ့လျှင် အများဆုံးငွေကျပ် သိန်း ၅၀၀၀ အထိ ထုတ်ချေးပေးရန် စီစဉ်ထားကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။ ချေးငွေအစီအစဉ်ဖြင့် လယ်ယာသုံးစက်ပစ္စည်း ဝယ်ယူလိုသည့် တောင်သူများအနေဖြင့် လယ်ယာမြေပုံစံ (၇) ကို အမည်ပေါက် ပိုင်ဆိုင်ရမည်ဖြစ်ပြီး မရွှေ့ပြောင်းနိုင်သော အိုးအိမ်ပစ္စည်းတို့ကိုလည်း အာမခံအနေဖြင့် တင်ပြနိုင်ရမည့် အပြင် လုပ်ငန်းရှင်နှစ်ဦးမှ အာမခံပေးရန် သတ်မှတ်ထားကြောင်း သိရသည်။

ယင်း စည်းကမ်းချက်များနှင့် ကိုက်ညီသည့် တောင်သူများအနေဖြင့် JICA Two-Step Loan ချေးငွေကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သက်ဆိုင်ရာ ခရိုင်ဘဏ်ခွဲများနှင့် မြို့နယ်ဘဏ်ခွဲများတွင် လျှောက်ထားနိုင်ကြောင်း သိရသည်။

အဆိုပါ ချေးငွေကို မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ဂျပန် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) တို့ပူးပေါင်း၍ ဆောင်ရွက်ခြင်းဖြစ်ပြီး စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးအတွက် လယ်ယာသုံးစက်ကိရိယာ ပစ္စည်းများ ဝယ်ယူလိုသည့် တောင်သူများအား ထုတ်ချေးပေးခြင်းဖြစ်ကြောင်း သိရသည်။

# နိုင်ငံတစ်ဝန်း အိမ်ခြံမြေ အကျိုးဆောင်လိုင်စင် မှတ်ပုံတင်မှု တစ်သောင်းကျော်ထိ ရှိလာ


မြန်မာနိုင်ငံတစ်ဝန်းတွင် အိမ်ခြံမြေအကျိုးဆောင်(ဝါ) ပွဲစားများအနေဖြင့် အကျိုးဆောင်လိုင်စင် မှတ်ပုံတင်ပြုလုပ်ထားသူဦးရေ တစ်သောင်းကျော်ထိ ရှိလာပြီဖြစ်ကြောင်း မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း(MRPDA) ၏ ရန်ကုန်တိုင်းဒေသကြီး ဥက္ကဋ္ဌ ဦးသိန်းလွင်ကပြောသည်။

"တစ်နိုင်ငံလုံးအတိုင်းအတာအရ မှတ်ပုံတင်ထားတာက တစ်သောင်းကျော် ရှိသွားပါပြီ။ အသင်းကနေပြီးတော့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မှတ်ပုံတင်ထားတာပေါ့။ အကျိုးဆောင်မှတ်ပုံတင်တာကတော့ အကျိုးဆောင်တွေအနေနဲ့ လုပ်ဆောင်သင့်ပါတယ်။ မှတ်ပုံမတင်ဘူးဆိုရင်တော့ ကိုယ်ရသင့်ရထိုက်တဲ့ အကျိုးဆောင်ခ တောင်းဆိုခွင့်မရှိတော့ဘူးပေ့ါ။ ဒီလိုမျိုးတွေဖြစ်လာတယ်။ အခုလက်ရှိမှာတော့ အကျိုးဆောင်က မှတ်ပုံတင်ထားတယ်။ အကျိုးဆောင်ခမရတဲ့ဖြစ်စဉ်မျိုး ရှိလာခဲ့လို့ရှိရင်တော့ သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကိုတင်ပြီး သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေနဲ့ ပေါင်းပြီးတော့မှ ဖြေရှင်းပေးနေတာပေ့ါ။ အဲဒီတော့ အကျိုးဆောင်တွေအားလုံးက အကျိုးဆောင်လိုင်စင်မှတ်ပုံတင်ရှိမှပဲ ဒီလိုအကျိုးကို ခံစားခွင့်ရရှိမှာဖြစ်ပါတယ်" ဦးသိန်းလွင်က ပြောသည်။

လက်ရှိရန်ကုန်တိုင်းဒေသကြီးအတွင်းတွင်မှု အိမ်ခြံမြေ အကျိုးဆောင်လိုင်စင် မှတ်ပုံတင်ပြုလုပ်ထားသူဦးရေ ၂၀၀၀ ခန့်ထိရှိနေပြီး ဆက်လက်၍ သက်ဆိုင်ရာ မြို့နယ်အလိုက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် အကျိုးဆောင် မှတ်ပုံတင်လိုင်စင် ပြုလုပ်မည့်ဦးရေ ၃၀၀၀ ခန့်ထိရှိနေကြောင်း အဆိုပါအသင်းထံမှ သိရသည်။



# Online Trading Platform မှတစ်ဆင့် ဗဟိုဘဏ်က နိုင်ငံခြားငွေ ဒေါ်လာ ၃၆ သန်းခန့် ရောင်းချပေးနိုင်ခဲ့



မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် Online Trading Platform မှတစ်ဆင့် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်မှ စတင်၍ ဇွန်လအထိ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်များအတွက် ဒေါ်လာ၊ တရုတ်ယွမ်နှင့် ထိုင်းဘတ်များ ရောင်းချပေးလျက်ရှိပြီး ဇွန်လအထိ နိုင်ငံခြားငွေပမာဏ ဒေါ်လာ ၃၆ သန်းခန့် ရောင်းချပေးနိုင်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် Online Trading Platform မှတစ်ဆင့် ငါးလတာကာအတွင်း ၁၄ ကြိမ် ရောင်းချပေးထားပြီး စုစုပေါင်း နိုင်ငံခြားငွေပမာဏ ဒေါ်လာ ၃၆ သန်းခန့် ရောင်းချပေးနိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ Online Trading Platform အပြင် အခြား နည်းလမ်းများဖြင့် နိုင်ငံခြားငွေများကို ရောင်းချပေးလျက်ရှိပြီး လက်ရှိအချိန်အထိ စုစုပေါင်း ဒေါ်လာ ၂၀၈ သန်းကျော်၊ ထိုင်းဘတ် ၁၅၄၉ သန်းကျော်နှင့် တရုတ်ယွမ် ၅၄ သန်းကျော် အထိ ရောင်းချပေးပြီးဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြား ငွေကြေးဈေးကွက်တွင် ပို့ကုန်/သွင်းကုန် လုပ်ငန်းရှင်များအား Online Trading Platform မှတစ်ဆင့် ဇွန် ၂၅ ရက်က ထိုင်းဘတ် သန်း ၄၀ ရောင်းချပေးခဲ့ပြီး နိုင်ငံခြားငွေကြေးဈေးနှုန်းများ တည်ငြိမ်စေရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုတိုး - စုစည်းသည်

# “ စီးတီးတက္ကစီယာဉ်တွေ စည်းကမ်းတကျ မောင်းနှင်နိုင်ရေး သက်ဆိုင်ရာ အဖွဲ့အစည်းတွေနဲ့ လက်တွဲဆောင်ရွက်နေပါတယ် ”

## ရန်ကုန် စီးတီးတက္ကစီအသင်း ဥက္ကဋ္ဌ ဦးငြိမ်းချမ်းနှင့် တွေ့ဆုံမေးမြန်းခြင်း

**ရန်ကုန်စီးတီးတက္ကစီအသင်းကို ၂၀၂၂ ခုနှစ်က စတင် ဖွဲ့စည်းခဲ့ပြီး ရန်ကုန်မြို့တွင်း ပြေးဆွဲလျက်ရှိသည့် တက္ကစီယာဉ်များ စည်းကမ်းတကျ ပြေးဆွဲနိုင်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေး၊ ယာဉ်မတော်မဆမှု ဖြစ်စဉ်များ လျော့နည်းပပျောက်စေရေး၊ ခရီးသွားပြည်သူများ လုံခြုံမှုရှိစေရေးတို့အတွက် ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ဆောင်ရွက်လျက်ရှိသည်။ သို့ဖြစ်ရာ ရန်ကုန်မြို့တွင်းရှိ စီးတီးတက္ကစီယာဉ်များ၏ အများပြည်သူများအပေါ် ဝန်ဆောင်မှုပေးအပ်နေမှု အခြေအနေနှင့် အသင်း၏ ဆက်လက်လုပ်ဆောင်သွားမည့် အကြောင်းအရာများနှင့်စပ်လျဉ်း၍ ရန်ကုန်စီးတီးတက္ကစီအသင်း ဥက္ကဋ္ဌ ဦးငြိမ်းချမ်းနှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ရပါသည်။**

**ရန်ကုန်စီးတီးတက္ကစီအသင်း ဖြစ်ပေါ်လာပုံလေး ရှင်းပြပေးပါဦး။**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲလျက်ရှိတဲ့ တက္ကစီယာဉ်အားလုံး ပြေးဆွဲရာမှာ စည်းကမ်းထိန်းသိမ်းနိုင်ဖို့ အတွက် စနစ်တကျ ခရီးသည်ပို့ဆောင်ရေး ယုံကြည်စိတ်ချစွာဖြင့် ဝန်ဆောင်မှုဆောင်ရွက်နိုင်ဖို့ အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို စနစ်တကျ စီမံပြုလုပ်နိုင်ရန် လိုအပ်မှုကြောင့် ၂၀၂၂ ခုနှစ်က ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီရဲ့ ကြီးကြပ်ကွပ်ကဲမှုနဲ့ ရန်ကုန်စီးတီးတက္ကစီအသင်း ယာယီအား ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ ရန်ကုန်စီးတီးတက္ကစီအသင်း ယာယီဟာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်နဲ့အညီ စီးတီးတက္ကစီယာဉ်များ စနစ်တကျရှိစေရေး၊ ယာဉ်၊ ယာဉ်မောင်း၊ မှတ်တမ်းအချက်အလက်များ ပြည့်စုံစွာ ထားရှိနိုင်ရေး၊ စီးတီးတက္ကစီယာဉ် ရပ်နားဂိတ်နေရာများ ထားရှိရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ စီးတီးတက္ကစီယာဉ်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေး သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ လက်တွဲဆောင်ရွက်နေပါတယ်။ ယာဉ်မတော်တဆမှု ဖြစ်စဉ်များ လျော့နည်းပပျောက်စေရေး ကြီးကြပ်ဆောင်ရွက်ဖို့နဲ့ ခရီးသွားများ လုံခြုံမှုရှိစေရေး၊ အဆင်ပြေသွားလာနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ စီးတီးတက္ကစီမော်တော်ယာဉ်များအား ယာဉ်စည်းကမ်းဆိုင်ရာ သင်တန်း၊ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်နိုင်ရေး၊ အလွယ်တကူ ချိတ်ဆက်ခေါ်ယူနိုင်တဲ့ Call Center နည်းပညာအသုံးပြုတဲ့ စနစ်ကိုလည်း ဆောင်ရွက်နိုင်ရေး၊ လုံခြုံမှုစနစ်နှင့် GPS ထိန်းချုပ်စင်တာများနဲ့ စောင့်ကြည့်ထိန်းချုပ်နိုင်ဖို့ စနစ်ကို ဆောင်ရွက်နိုင်ရေးအတွက် တတ်နိုင်တဲ့ အခန်းကဏ္ဍကနေ ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိပါတယ်။

**စီးတီးတက္ကစီနဲ့ပတ်သက်ပြီး အသင်းတည်ထောင်ခဲ့တဲ့ အချိန်ကနေ ယခုကာလအထိ ဘယ်လိုမျိုး ဆောင်ရွက်ခဲ့ပါသလဲ။**

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းကနေ အထောက်အကူပြုနိုင်ရေးအတွက်ကို ဆောင်ရွက်လျက်ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီရဲ့ ထုတ်ပြန်ချက်အရ စီးတီးတက္ကစီယာဉ်များ



မှတ်ပုံတင်ရန်နဲ့ စီးတီးတက္ကစီအသင်းသို့ ဝင်ရောက်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ဖို့ရန် အကြောင်းကြားလာမှုအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ တာဝန်ရှိသူများအား ထပ်ဆင့်စာဖြန့်ဝေမေတ္တာရပ်ခံခဲ့ခြင်း၊ စီးတီးတက္ကစီမှတ်ပုံတင်ရန် အခက်အခဲရှိသူများအား ကူညီဆောင်ရွက်ခဲ့ပါတယ်။ စီးတီးတက္ကစီယာဉ်များ အဝါရောင် အမှတ်အသား တစ်ပြေးညီဖြစ်စေဖို့ရန် လမ်းညွှန်ချက်အရ အဝါရောင်ကာလာ တစ်ပြေးညီဆောင်ရွက်ခဲ့ပြီး အသင်းဝင်ယာဉ်မောင်းတွေရဲ့ အကျိုးစီးပွား တိုးတက်စေရေး၊ ခရီးသွားပြည်သူများ သွားလာနိုင်စေရေး အတွက် မိုဘိုင်းအက်ပလီကေးရှင်း ကုမ္ပဏီအကူအညီနဲ့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ နောက်ပြီး အသင်းရဲ့ သက်တမ်းကလည်း နုပါသေးတယ်။ တစ်နှစ်သက်တမ်းအတွင်းမှာ စီးတီးတက္ကစီယာဉ်တွေ စည်းကမ်းတကျ မောင်းနှင်နိုင်ရေး သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ လက်တွဲဆောင်ရွက်နေပါတယ်။ ရှေ့ပြေးစီမံချက်အနေနဲ့ လေယာဉ်ကွင်းမှာ အရင်တုန်းကဆိုရင် လေယာဉ်ကွင်းမှာရှိတဲ့ ကားတွေပဲ သီးသန့်ဆွဲနေရာကနေ ဘယ်သူမဆို ဝင်ရောက်ပြီးတော့ ပြေးဆွဲနိုင်တဲ့စနစ် စတင်ခဲ့ပါတယ်။ အောင်မင်္ဂလာအဝေးပြေးမှာလည်း တက္ကစီမောင်းတဲ့သူတွေဆိုလို့ရှိရင် ဝင်ပြီးတော့ ဆွဲလို့ရတဲ့စနစ် အကောင်အထည်ဖော်ခဲ့ပါတယ်။ ထိုက်သင့်သလောက်လည်း အောင်မြင်မှုရှိခဲ့တယ်။ နောက်ပြီး တက္ကစီဘုတ်တွေကို YRTC ရဲ့ ညွှန်ကြားမှုနဲ့ တစ်ဆင့်ခံ ရောင်းချပေးရတယ်။ အဲဒီမှာလည်း ဈေးနှုန်းမှန်ကန်မှု

> **စီးတီးတက္ကစီယာဉ်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေး သက်ဆိုင်ရာ အဖွဲ့အစည်းတွေနဲ့ လက်တွဲဆောင်ရွက်နေပါတယ်။ ယာဉ်မတော်တဆမှု ဖြစ်စဉ်များ လျော့နည်းပပျောက်စေရေး ကြီးကြပ်ဆောင်ရွက်ဖို့နဲ့ ခရီးသွားများ လုံခြုံမှုရှိစေရေး၊ အဆင်ပြေသွားလာနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ စီးတီးတက္ကစီမော်တော်ယာဉ်များအား ယာဉ်စည်းကမ်းဆိုင်ရာ သင်တန်း၊ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်နိုင်ရေး၊ အလွယ်တကူ ချိတ်ဆက်ခေါ်ယူနိုင်တဲ့ Call Center နည်းပညာအသုံးပြုတဲ့စနစ်ကိုလည်း ဆောင်ရွက်နိုင်ရေး၊ လုံခြုံမှုစနစ်နှင့် GPS ထိန်းချုပ်စင်တာများနဲ့ စောင့်ကြည့်ထိန်းချုပ်နိုင်ဖို့ စနစ်ကို ဆောင်ရွက်နိုင်ရေးအတွက် တတ်နိုင်တဲ့ အခန်းကဏ္ဍကနေ ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိပါတယ်။**

**တိပ္ပ**

ဖြစ်အောင်လုပ်ဆောင်ခဲ့ပါတယ်။ ရန်ကုန်မှာပြေးဆွဲနေတဲ့ တက္ကစီတွေကိုယူနီဖောင်းပုံစံမျိုးနဲ့ တက္ကစီဘုတ်ကို တစ်ရောင်တည်းဖြစ်အောင် လုပ်ဆောင်ခဲ့ပါတယ်။ နောက်တစ်ချက်က ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC) ရဲ့ စီးလုံးငှားဌာနနဲ့ပူးပေါင်းပြီးတော့ ဘေးအဝါရောင်စတေကာလိုင်းကပ်တဲ့ ကိစ္စမှာလည်း အသင်းဝင်ကားတွေ အဆင်ပြေစွာကပ်နိုင်ရေး၊ နောက် အကူအညီလာတောင်းတဲ့ ကားတွေကို အဆင်ပြေစွာကပ်နိုင်ရေး အတွက် တစ်ထောင့်တစ်နေရာကနေ အခကြေးငွေ တစ်စုံတစ်ရာ ပေးစရာမလိုဘဲနဲ့ အခမဲ့ ကူညီဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ အစီးရေ ထောင်ဂဏန်းဝန်းကျင်လောက်ကို ကပ်ပေးနိုင်ခဲ့ပါတယ်။

**လက်ရှိ ရန်ကုန်စီးတီးတက္ကစီအသင်းမှာ အသင်းဝင်ဦးရေ ဘယ်လောက်ထိ ရှိနေပါပြီလဲ။**

လက်ရှိ ရန်ကုန်စီးတီးတက္ကစီအသင်းရဲ့ အသင်းဝင်ပြီးအသင်းသားဦးရေ ၈၀၀၀ ကျော်ရှိလာပြီဖြစ်ပါတယ်။ YRTC ၏ ကြီးကြပ်ကွပ်ကဲမှုနဲ့ စီးတီးတက္ကစီယာဉ်တွေရဲ့ တိုးတက်ရာ၊ တိုးတက်ကြောင်း အသင်းဝင် ယာဉ်မောင်းတွေရဲ့ အလုပ်အကိုင်၊ အခွင့်အလမ်းများ တိုးတက်ရရှိစေရေးတို့အတွက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**အသင်းရဲ့ ရှေ့ဆက်လုပ်ဆောင်မယ့် အစီအစဉ်တွေရှိရင် ပြောပြပေးပါဦး။**

အသင်းဝင်အသင်းသားတွေ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာနိုင်ရေး လုပ်ဆောင်နေပါတယ်။ အလုပ်အကိုင်အခွင့်အလမ်း တိုးတက်လာနိုင်ဖို့အတွက်ကို မိုဘိုင်းအက်ပလီကေးရှင်း ဖော်ဆောင်ရေး လုပ်ဆောင်နေပါတယ်။ မိုဘိုင်းအက်ပလီကေးရှင်းမှာလည်း အပိုင်းနှစ်ပိုင်းရှိပါတယ်။ ရန်ကုန်မှာရှိတဲ့ အစုအဖွဲ့လေးတွေနဲ့ လုပ်နေကြပါတယ်။ ခရီးသည်ကနေပြီးတော့ ဖုန်းနဲ့ ခေါ်လာတဲ့အခါကျရင် Call Center ထားပြီးတော့ On Call စနစ်နဲ့ခေါ်တဲ့ဟာက တစ်မျိုးပါ။ နောက်တစ်မျိုးကတော့ Booking နဲ့ သွားမှာပါ။ ခရီးသည်မှာလည်း YCTC အက်ပလီကေးရှင်းဆိုပြီးတော့ ထွက်လာလိမ့်မယ်။ ခရီးသည်မှာလည်း အက်ပလီကေးရှင်းရှိသလို ယာဉ်မောင်းမှာလည်း အက်ပလီကေးရှင်း ရှိပါမယ်။ ခရီးသည်ကနေပြီးတော့ ယာဉ်မောင်းကို လှမ်းခေါ်လို့ရှိရင် တိုက်ရိုက်ခေါ်တဲ့စနစ်ပေါ့။ အဲပုံစံနှစ်မျိုးနဲ့ သွားနိုင်ဖို့အတွက် ကြိုးစားနေပါတယ်။

**ဖြည့်စွက်ပြောချင်တာများ ရှိပါသလား။**

အသင်း အနေနဲ့ကတော့ ယာဉ်စည်းကမ်းတွေ ကောင်းမွန်အောင် သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ လက်တွဲပြီးတော့ ဆောင်ရွက်နေပါတယ်။ အခုလိုမျိုး စီးတီးတက္ကစီနဲ့ပတ်သက်တဲ့အသင်းရှိနေတဲ့အတွက် အခက်အခဲဖြစ်လာရင် အကူအညီတောင်းပါ။ ကျွန်တော်တို့ တတ်အားသရွေ့ ရပ်တည်ပြီးတော့ တက္ကစီယာဉ်တွေအတွက် လုပ်ဆောင်ပေးသွားပါမယ်။

# မြန်မာနိုင်ငံ မူပိုင်ခွင့်ဦးစီးဌာနနှင့် အင်ဒိုနီးရှားနိုင်ငံ မူပိုင်ခွင့်ရုံး (DGIP) ပူးပေါင်းဆောင်ရွက်

၂၀၁၉ ခုနှစ်တွင် ပြည်ထောင်စုလွှတ်တော်က ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ အပါအဝင် မူပိုင်ခွင့်ဥပဒေ လေးရပ်ကို ပြဋ္ဌာန်းခဲ့သည်။ မြန်မာနိုင်ငံတွင် မူပိုင်ခွင့်စနစ်တစ်ခုကို စတင်ကျင့်သုံးရန်အတွက် ပထမဦးဆုံးခြေလှမ်းသည် အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားခြင်းဖြစ်လာသည်။ အမှတ်တံဆိပ် အဟောင်းများအတွက် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁ ရက်မှစ၍ အီလက်ထရွန်နစ် မှတ်ပုံတင်စနစ် (WIPO File System)ဖြင့် အွန်လိုင်းမှတစ်ဆင့်ကနဦး စတင်လက်ခံခဲ့သည်။

မြန်မာနိုင်ငံတွင် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေသည် ၂၀၂၃ ခုနှစ်၊ ဧပြီ ၁ ရက်တွင် အာဏာသက်ဝင်ခဲ့ပြီး ၂၀၂၃ ခုနှစ် ဧပြီ ၂၆ ရက်မှစတင်ကာ မူပိုင်ခွင့်ဦးစီးဌာနတွင် အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားခြင်းများကို တရားဝင် လက်ခံဆောင်ရွက်ခဲ့သည်။ အွန်လိုင်းစနစ်ဖြင့်သာမက ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်ရှိ မူပိုင်ခွင့်ရုံးများတွင် လူကိုယ်တိုင် လာရောက်၍ အမှတ်တံဆိပ်အဟောင်းများနှင့် အမှတ်တံဆိပ် အသစ်များအတွက် အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားခြင်းများကို လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယခုအချိန်ထိ လျှောက်ထားချက် စုစုပေါင်း ၄၅၆၉၇ ခန့် လက်ခံရရှိထားပြီးဖြစ်သည်။ စစ်ဆေးရေးအရာရှိများသည်လည်း အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားခြင်းများကို ၂၀၂၃ ခုနှစ် ဧပြီ ၂၆ ရက်မှစ၍ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စစ်ဆေး ဆောင်ရွက်လျက်ရှိသည်။

မူပိုင်ခွင့်နှင့်စပ်လျဉ်း၍ ညွှန်းဆိုရလျှင် အာဆီယံ ၁၀ နိုင်ငံအတွင်း မိမိတို့နိုင်ငံတွင် မူပိုင်ခွင့်စနစ်ကို နောက်အကျဆုံး အကောင်အထည်ဖော်ကျင့်သုံးရသည့် နိုင်ငံဖြစ်နေသည်။ မူပိုင်ခွင့်ဦးစီးဌာနရှိ စစ်ဆေးရေးအရာရှိများဘက်ကလည်း အမှတ်တံဆိပ်စစ်ဆေးခြင်းဆိုင်ရာ ရှာဖွေမှုများ၊ အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သော အငြင်းပွားမှု၊ ပဋိပက္ခများကို ကြားနာအကဲဖြတ်ခြင်းနှင့် ဆုံးဖြတ်ဖြေရှင်းမှု ပြုလုပ်ပေးရမည်ဖြစ်သည်။ တရားမျှတမှုရှိ၍ အချိန်တိုအတွင်း အမှားအယွင်း အနည်းဆုံးဖြင့် ဆောင်ရွက်နိုင်ကြရာ ပိုမိုကောင်းမွန်လွယ်ကူလျင်မြန်စေမည့် နည်းစနစ်များကို သိရှိလိုကြသည်။ ထိုကဲ့သို့ နည်းစနစ်များကိုလည်း အလျင်အမြန် အကောင်အထည်ဖော်၍ နိုင်ငံတော်အကျိုးစီးပွား တိုးတက်ဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်လိုကြသည်။ သို့ဖြစ်ရာ ပြည်တွင်း၊ ပြည်ပ စီးပွားရေးလုပ်ငန်းများမှ အမှတ်တံဆိပ်ပိုင်ရှင်များ၏ အခွင့်အရေးများကို အကာအကွယ်ပေးနိုင်ရန် လိုအပ်လာသည်။

တစ်နေ့ထက်တစ်နေ့ တိုးပွားလာနေသော တောင်းဆိုချက်များ၊ ချိုးဖောက်မှုများ၊ စိန်ခေါ်မှုများ၊ အခက်အခဲ အတားအဆီးများကို အဓိက ကိုင်တွယ်ဖြေရှင်းရမည့်သူများသည် မူပိုင်ခွင့်ဦးစီးဌာနရှိ စစ်ဆေးရေးအရာရှိများဖြစ်နေသည်။ စစ်ဆေးရေးအရာရှိများ၏ ကျွမ်းကျင်မှုနှင့် အသိပညာများ ပိုမိုမြင့်မား တိုးတက်လာစေရေး ရည်ရွယ်၍ မြန်မာနိုင်ငံ၊ မူပိုင်ခွင့်ဦးစီးဌာနနှင့် အင်ဒိုနီးရှားနိုင်ငံ၏ မူပိုင်ခွင့်ရုံး (Directorate General of Intellectual Property - DGIP) တို့၏ ပထမဆုံးအကြိမ် ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်ခဲ့ကြသည်။

အင်ဒို-မြန်မာ နှစ်နိုင်ငံသဘောတူ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အပြန်အလှန် ဆွေးနွေးမှုများမှ အမှတ်တံဆိပ် မှတ်ပုံတင်စစ်ဆေးခြင်းဆိုင်ရာ အတွေ့အကြုံများစွာကို ရယူနိုင်ပေမည်။ အင်ဒို-မြန်မာ နှစ်နိုင်ငံရှိ မူပိုင်ခွင့်ရုံးများအကြား နားလည်မှုအပြည့်ဖြင့် ပူးပေါင်းဆောင်ရွက်သည့် ဆက်ဆံရေးကို မြှင့်တင်ပေးနိုင်ခဲ့သည်။ ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာ နယ်ပယ်တွင် အင်ဒို-မြန်မာ နှစ်နိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမည့် အတွေ့အကြုံများ၊ အသိပညာ၊ အတတ်ပညာများနှင့် ခေတ်ပေါ်နည်းပညာများစွာကို မျှဝေနိုင်ခဲ့ကြခြင်းလည်း ဖြစ်သည်။

အင်ဒို-မြန်မာ နှစ်နိုင်ငံရှိ အမှတ်တံဆိပ်များစစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ -

- မြန်မာနိုင်ငံတွင် အမှတ်တံဆိပ်မှတ်ပုံတင် လျှောက်ထားခြင်းများကို စစ်ဆေးရာတွင် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေနှင့် အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ကြရသည်။ ပထမအဆင့် Formality Examination ကိုစစ်ဆေးပြီးမှသာ ဒုတိယအဆင့် Absolute Ground Examination ကို စစ်ဆေးရခြင်းဖြစ်သည်။ အမှတ်တံဆိပ်တွင် ပါဝင်လာမည့် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှု အမျိုးအစားစာရင်းကို ခွဲခြားစစ်ဆေးသည့်နေရာတွင် International Classification of Goods & Services (Nice Classification) နှင့် Madrid Goods & Services Manager (MGS) တို့အသုံးပြုကာ စစ်ဆေးဆောင်ရွက်လျက်ရှိသည်။ ပြည်ပ စီးပွားရေးလုပ်ငန်းများမှ အမှတ်တံဆိပ်များကို WIPO ၏ Global Brand Database စနစ်တွင် ရှာဖွေကာ ရည်ညွှန်းကိုးကား၍ စစ်ဆေးပေးနေခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားခြင်းကို အွန်လိုင်းစနစ်ဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ လျှောက်ထားနိုင်သည်။ အွန်လိုင်းစနစ်ဖြင့် လျှောက်ထားမည်ဆိုပါက အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းဆိုင်ရာ ကိုယ်စားလှယ်သင်တန်း တက်ရောက်ပြီးသော ကိုယ်စားလှယ်များမှတစ်ဆင့်သာ လျှောက်ထားနိုင်သည်။ မူပိုင်ခွင့်ဦးစီးဌာနသည် အမှတ်တံဆိပ်အဟောင်း ပိုင်ရှင်များကို နစ်နာမှုမရှိစေလိုသော စေတနာဖြင့် ၎င်းတို့ရပိုင်ခွင့်ရှိသော အခွင့်အရေးများအတွက် အမှတ်တံဆိပ် မှတ်ပုံတင် လျှောက်ထားခြင်းများကို စတင်စစ်ဆေးဆောင်ရွက်ခြင်း ပြုလုပ်သည့်နေ့မတိုင်မီ နှစ်နှစ်ကျော်လောက်ကတည်းက ကြိုတင်လက်ခံပေးခဲ့ပြီး ၂၆-၄-၂၀၂၃ ရက်နေ့မှစ၍ အခကြေးငွေပေးသွင်းပြီးသော အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားခြင်းများကို စစ်ဆေးရေးအရာရှိများက IPAS စနစ် အသုံးပြု၍ စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

အမှတ်တံဆိပ် မှတ်ပုံတင် လျှောက်ထားခြင်းကို ကန့်ကွက်၊ ငြင်းပယ်သည်ဟုဆိုရာတွင် -

- အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်သော အင်ဒိုနီးရှားနိုင်ငံသည်လည်း မြန်မာနိုင်ငံနည်းတူ နိုင်ငံတော်၏ အယူဝါဒ၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့် အများပြည်သူ၏ ကိုယ်ကျင့်သိက္ခာကို ဖြစ်စေ၊ ယုံကြည်ကိုးကွယ်မှုကိုဖြစ်စေ ထိပါးစေနိုင်သည့် အမှတ်တံဆိပ် အမျိုးအစားများကို မှတ်ပုံတင် ခွင့်မပြုသည်ကို သိရှိခဲ့သည်။

ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများအပြင် အင်ဒိုနီးရှားနိုင်ငံတွင် မူပိုင်ခွင့် အကာအကွယ်ပေးထားပြီးဖြစ်သော အပင်မျိုးကွဲ အမည်များ၏ အမှတ်တံဆိပ်နှင့် ဒေသဆိုင်ရာ အညွှန်းတို့အကြောင်းနှင့် အများပြည်သူဆိုင်ရာ နေရာများတွင် အသုံးပြုလျက်ရှိသော လမ်းညွှန် သင်္ကေတများသည် အင်ဒိုနီးရှားနိုင်ငံတွင် မှတ်ပုံတင်ခွင့် မရှိသော အမှတ်တံဆိပ်ဖြစ်ကြောင်းတို့ကို သိရှိရသည်။ ထို့ပြင် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှု၏ အမျိုးအစား၊ အလေးချိန်၊ အရွယ်အစား၊ အရည်အသွေး စသည်ဖြင့် ဖော်ပြချက်များ ပါဝင်နေသည့် အမှတ်တံဆိပ်များသည်လည်း မှတ်ပုံတင်ခွင့်မရှိသော အမှတ်တံဆိပ်များဖြစ်ပြီး ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုနှင့် မကိုက်ညီသော ဖော်ပြချက်များဖြင့် ဖန်တီးထားသော အမှတ်တံဆိပ်များကိုလည်း မှတ်ပုံတင်ခွင့်မရှိသော အမှတ်တံဆိပ်များအဖြစ် အင်ဒိုနီးရှားနိုင်ငံတွင် သတ်မှတ်ထားကြောင်း သိရှိရသည်။

အကာအကွယ်ရနိုင်သည့် အမှတ်တံဆိပ်တွေဆိုတာ -

- အင်ဒိုနီးရှားနိုင်ငံတွင် အမှတ်တံဆိပ်ဟူသည်မှာ မျက်စိဖြင့် မြင်တွေ့နိုင်ရမည်၊ ပုံဖော်ထားပြီး သိသာထင်ရှားသောလက္ခဏာ တစ်ရပ်ရှိရမည့်အပြင် ဈေးကွက်အတွင်း အမှန်တကယ် အသုံးပြုနေရမည် စသည့် အင်္ဂါရပ်များနှင့် ပြည့်စုံရမည်ဖြစ်သည်။

သာမန်မြင်တွေ့နိုင်သော အမှတ်တံဆိပ်ဆိုသည်မှာ စကားလုံးများကို အသုံးပြုထားသော အမှတ်တံဆိပ်များ၊ ရုပ်ပုံများအသုံးပြု၍ ဖန်တီးထားသော အမှတ်တံဆိပ်များနှင့် စကားလုံးနှင့်ရုပ်ပုံကို ပေါင်းစပ်ဖန်တီးထားသော အမှတ်တံဆိပ်များသာဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံသည် ၂၀၁၆ ခုနှစ်က ပုံမှန်မဟုတ်သော အမှတ်တံဆိပ် များဟုခေါ်ဆိုနိုင်သည့် သုံးဘက်မြင်ပုံစံများ၊ သုံးဘက်မြင် ပုံရိပ်များနှင့် နားဆင်နိုင်သော အသံများကို အမှတ်တံဆိပ်အဖြစ် အကာအကွယ်ပေးနိုင်ရန် ရည်ရွယ်၍ ဥပဒေကို ပြင်ဆင်ရေးဆွဲခဲ့သည်။

ကျော်ကြားသော အမှတ်တံဆိပ်ပိုင်ရှင်များအနေဖြင့် ဆင်တူယိုးမှား အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားလာခြင်းများကို ကန့်ကွက်ခြင်းပြုလုပ်နိုင်သည်ကိုလည်း သိရှိရသည်။

အချုပ်အားဖြင့် ဆိုရသော် -

- မြန်မာနိုင်ငံ မူပိုင်ခွင့်ဦးစီးဌာနနှင့် အင်ဒိုနီးရှားနိုင်ငံ၏ မူပိုင်ခွင့် ရုံး (Directorate General of Intellectual Property - DGIP)တို့၏ ပထမဆုံးအကြိမ် ပူးပေါင်းဆောင်ရွက်မှုဖြစ်သည့် DGIP Training Course on Basic Trademark Examination for Myanmar IP Office Phase1 သည် မြန်မာနိုင်ငံ မူပိုင်ခွင့်ဦးစီးဌာနရှိ စစ်ဆေးရေးအရာရှိများအတွက် ပထမဆုံး နိုင်ငံတကာ အတွေ့အကြုံဖြစ်ကြောင်း ရေးသားလိုက်ရသည်။

**ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဌာနခွဲ**
**မူပိုင်ခွင့်ဦးစီးဌာန**

# ကကတစ်ငါးနှင့် မြိတ်မြို့ ဈေးကွက်ပေါက်ဈေး

မြန်မာနိုင်ငံသည် ရှည်လျားသော ကမ်းရိုးတန်းများရှိပြီး ၎င်းကမ်းရိုးတန်းတစ်လျှောက် စီးဝင်နေသော မြစ်ချောင်းများ အလွန်များပြားသည့်အလျောက် သက်ရှိသယံဇာတပစ္စည်းများလည်း အလွန်ပေါများသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ယင်းသယံဇာတပစ္စည်းများအနက် ငါး၊ ပုစွန်သည် အရေးပါသော ကဏ္ဍတွင် ပါဝင်လျက်ရှိပြီး ပြည်တွင်းစားသုံးရန်သာမက နိုင်ငံတကာဈေးကွက်များသို့ တင်ပို့ရောင်းချသည်အထိ ဆောင်ရွက်လျက်ရှိသည်။

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ကကတစ်ငါး မွေးမြူလုပ်ကိုင်မှု များပြားလျက်ရှိပြီး မွေးမြူရာတွင် အကြမ်းခံနိုင်ခြင်း၊ ကြီးထွားနှုန်းကောင်း၍ ရှစ်လမှ ကိုးလအတွင်း ဈေးကွက်ဝင်အရွယ်ရောက်ရှိနိုင်ခြင်း၊ ပြည်တွင်းဈေးကွက်တွင်လည်း ဈေးကောင်းရသကဲ့သို့ ပြည်ပတွင်လည်း ဈေးကွက်တည်မြဲခြင်း၊ နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရှာဖွေပေးနိုင်သော ငါးမျိုးဖြစ်ပြီး မွေးမြူသူအနေဖြင့်လည်း အကျိုးများသော လုပ်ငန်းဖြစ်သည်။

ကကတစ်ငါးသည်အရွယ်အစားပေါ် မူတည်ပြီး အစာကျွေးမွေးမှုမတူသလို ကျန်းမာမှုအပေါ်မူတည်ပြီး အရွယ်အစား ပြောင်းလဲနိုင်သည်။ ဈေးကွက်ဝင်ကကတစ်ငါးများသည် ပုံမှန်အားဖြင့် ခန္ဓာကိုယ်အလျား ၂၅ မှ ၁၀၀ စင်တီမီတာအတွင်းရှိပြီး အကြီးဆုံးမှာ စင်တီမီတာ ၂၀၀ အထိ ရှိကြသည်။ ကကတစ်ငါးများကို ၃ လက်မ သို့မဟုတ် ၄ လက်မအရွယ်မှ စတင်မွေးမြူပါက ခုနစ်လအကြာတွင် ပျမ်းမျှ ၇၅၀ ဂရမ်သို့ရောက်ရှိပြီး ဈေးကွက်ဝင် အရွယ်အစားများရရှိကာ ကျန်းမာသန်စွမ်းသော အချို့ငါးများသည် ခြောက်လအရွယ်တွင်ပင် ဈေးကွက်ဝင်အရွယ်သို့ ရောက်ရှိနိုင်သည်။ ကကတစ်ငါးများကို ရေချိုတွင်လည်းကောင်း၊ ရေချို ရေငန်စပ်တွင်လည်း ကောင်း၊ ရေငန်တွင်လည်းကောင်း စီးပွားဖြစ် မွေးမြူကြပြီး မြေကန်များနှင့် မြစ်ချောင်းများတွင် လှောင်အိမ်များဖြင့်လည်း မွေးမြူကြသည်။

မြိတ်မြို့၌ ဇွန်လ စတုတ္ထပတ်အတွင်း ကကတစ်ငါး တစ်ပိဿာလျှင် ကျပ် ၁၉၀၀၀ ဖြင့် ရောင်းချနေပြီး ရန်ကုန်မြို့နှင့် အခြားမြို့များသို့ သယ်ယူစရိတ်ပေါင်းကာ တစ်ပိဿာလျှင် ကျပ် ၂၂၀၀၀ ဖြင့် တင်ပို့ရောင်းချပေးနေကြောင်း သိရှိရသည်။ အဓိက ရန်ကုန်သို့ အများဆုံးတင်ပို့လျက်ရှိပြီး ဟိုတယ်များနှင့် ပြည်ပသို့တင်ပို့ရန် အအေးခန်းစက်ရုံများမှ မှာယူလျက်ရှိကြောင်း သိရသည်။

**ကျော်နိုင် (မြိတ်)**

# မကွေးတိုင်းဒေသကြီးမှ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ

နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်တွင်းစီးပွားရေးကို အားပေးဆောင်ရွက်ခြင်းသည် အဓိက မဏ္ဍိုင်တစ်ရပ်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများဖြစ်သည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေး(MSME) စက်မှုလုပ်ငန်းများကို အားပေးမြှင့်တင် ဆောင်ရွက်လျက်ရှိသည်။

ဒေသထုတ်ကုန်များမှသည် ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးမှုမှ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ မကွေးတိုင်းဒေသကြီးတွင် မြို့နယ်ပေါင်း ၂၅ မြို့နယ်ရှိပြီး အသေးစား၊ အငယ်စား၊ အလတ်စား (MSME) လုပ်ငန်းများအနေဖြင့် လုပ်ငန်းမှတ်ပုံတင်ထားရှိပြီး လုပ်ငန်းများနှင့် မှတ်ပုံမတင်ထားရသေးသော တစ်ပိုင်တစ်နိုင် လုပ်ငန်းများစွာရှိရာ (MSME) လုပ်ငန်းများအနေဖြင့် စားသောက်ကုန်လုပ်ငန်း၊ လက်မှုပညာလုပ်ငန်း၊ စက်မှုလုပ်ငန်း အစရှိသဖြင့် လုပ်ငန်းများစွာရှိသည်။ နိုင်ငံတော်၏ အားပေးမြှင့်တင်မှုနှင့်အတူ စက်မှုလက်မှုလုပ်ငန်းများလည်း များစွာ အောင်မြင်မှုရရှိလျက်ရှိသည်။

စားသောက်ကုန်လုပ်ငန်းများအနေဖြင့် ရာသီအလိုက် ဒေသထွက် ကုန်ကြမ်းများကို အသုံးပြုပြီး လတ်ဆတ်ခြင်း၊ တာရှည်ခံဆေးဝါးများ အသုံးမပြုခြင်း၊ ကျန်းမာရေး ထောက်ခံချက်များ ပါရှိခြင်းတို့ကြောင့် ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်သည်။ ထို့ပြင် ပြည်တွင်းထုတ်ကုန်များဖြစ်သဖြင့် ပြည်ပသွင်းကုန်အစားထိုးဖြစ်၍ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်သည်။ ဒေသထွက် စားသောက်ကုန်လုပ်ငန်းများမှာ ပဲယို၊ နှမ်းယို၊ ဆီးယို၊ သဘာဝမန်ကျည်းဖျော်ရည်၊ ဆီးဖျော်ရည်၊ ဆီးဖြူသီးဖျော်ရည်၊ အုန်းမန်ကူ၊ ပဲချောင်း၊ ပဲခွေ၊ အာလူးကြော်၊ ကြက်သွန်နီကြော်၊ ကြက်သွန်ဖြူကြော်၊ နှမ်းလှော်၊ မန်ကျည်းတော်ဖီ၊ ဆီးတော်ဖီ၊ မန်ကျည်းပလိပ်၊ ပါပလာ၊ နို့မလိုင်ခဲ၊ ကြက်ဥမရွေး၊ မြေပဲဆားလှော်၊ မြေပဲကြက်ဥ၊ ပဲကြီးကြော်၊ စားတော်ပဲကြော်၊ ကုလားပဲလုံးကြော်/လှော်၊ ပဲကြီး လှော်၊ ပြောင်းဖူးပွကြော်နှင့် ပဲ/ဆန်မှုန့်၊ အသီး အနှံများဖြင့်ပြုလုပ်သော ကိတ်မုန့်၊ ပေါင်မုန့်မျိုးစုံ လုပ်ငန်းများဖြစ်ကြသည်။

လက်မှုပညာလုပ်ငန်းများအနေဖြင့် ပြည်တွင်းမှထွက်ရှိသော ကုန်ကြမ်းများဖြင့် သစ်သား၊ ဝါး၊ ထန်းပင် အစရှိသည်တို့မှ အချောထည်ပြုလုပ်ခြင်းဖြစ်သည်။ သစ်သားမှပြုလုပ်သော အချောထည်များမှာ ဘုရားပုလ္လင်၊ ဆက်တီခုံများ၊ ဗီရို၊ တန်းလျား၊ ခုတင်၊ မှန်တင်ခုံ၊ ဆီဆုံနှင့် မီးဖိုချောင်အသုံး အဆောင်ပစ္စည်းအမျိုးမျိုး၊ သစ်သား ပန်းကန်ပြား၊ ရေခွက်၊ ဇွန်း၊ ငရုတ်ဆုံ၊ ငရုတ်ကျည်ပွေ့၊ စင်တီတုံး၊ ခေါင်ညှပ်/ကွင်းထိုးခုံဖိနပ် အရွယ်အစားမျိုးစုံ ဖြစ်ကြသည်။

ဝါးဖြင့်ပြုလုပ်သော အချောထည် အသုံးအဆောင်ပစ္စည်းများမှာ လူနေအိမ်နှင့် ပစ္စည်းသိုလှောင်ရုံထားရှိရာ အဆောက်အအုံများ၊ ဝါးထရံ၊ ဝါးနှီးသက်ငယ်မိုး၊ ဝါးခုတင်၊ ဖျာကြမ်း၊ သင်ဖျူးချောဖျာ၊ စားပွဲထိုင်ခုံ၊ တန်းလျား၊ ပက်လက်ကုလားထိုင်၊ လက်ဆွဲခြင်း၊ ကြက်အုပ်ဆောင်း၊ ထမင်းစားပွဲအုပ်ဆောင်း၊ ကြက်မဝပ်ခြင်း၊ တောင်သူသုံး ပစ္စည်းများ၊ ဆန်ကော၊ ဆန်ခါ၊ ပုတ်အရွယ် အစားအမျိုးမျိုး ဝါးတံမြက်စည်း၊ ဝန်းထရံကပ်၊ အသားကင်/ရေခဲချောင်း တုတ်ချောင်းနှင့် နှီးဖိနပ်များဖြစ်ကြသည်။ ထန်းပင်ထန်းလက်ဖြင့် ပြုလုပ်သော ပစ္စည်းများမှာ ထန်းလက် အမိုးအကာ၊ ထန်းရွက်ပုတီး၊ ထန်းခေါက်ဖာ၊ ထန်းခေါက်ခြင်း အရွယ်အစားမျိုးစုံ၊ ထန်းလက်ကုလားထိုင်၊



နေအိမ်အဆောက်အအုံအတွက် အလှဆင်ပစ္စည်းများ၊ ထန်းလျှော်ကြိုး၊ ထန်းရွက်ယပ်တောင်၊ ထန်းကြောဖျာ အရွယ်အစား အမျိုးမျိုး စသည်တို့ဖြစ်သည်။

ပြည်တွင်းဒေသထွက်ကုန် မြန်မာ့လက်မှုနည်းပညာ ပစ္စည်းများမှာ လှပခံ့ညား၍ ကြာရှည်အသုံးခံပြီး အမှတ်တရ လက်ဆောင်ပေးခြင်း၊ အိမ်အတွင်း၊ ရုံးခန်းအတွင်း အလှဆင်ခြင်း၊ နေ့စဉ်အသုံးပြုသော အသုံးအဆောင်များအဖြစ် သုံးစွဲကြခြင်း၊ ပြည်တွင်းသာမက ပြည်ပနိုင်ငံများကပါ စိတ်ဝင်စား ခံရခြင်း စသည့် ဂုဏ်ဒြပ်များနှင့် ပြည့်စုံလှပေသည်။

စက်မှုလုပ်ငန်းများအနေဖြင့် မိမိတို့ဒေသမှထွက်ရှိသော ကုန်ကြမ်းများမှ ကုန်ချောထုတ်လုပ်ခြင်း၊ ဆန်စက်၊ ဆီစက်၊ ပဲခွဲစက်၊ ဆီးခွဲစက်၊ ဆန်မှုန့်ကြိတ်စက် စသည့်စက်ရုံများမှသည် စားသောက်ကုန်များ ထုတ်လုပ်ကြသည်။ စက်ရက်ကန်း၊ လက်ရက်ကန်း စက်မှုလက်မှုလုပ်ငန်းများမှလည်း မြန်မာ့ရိုးရာချည်ထည်အမျိုးမျိုး၊ အသုံးအဆောင်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်ကြသည်။

ရိုးရာချည်ထည်များသည် ကျန်းမာရေးနှင့်ညီညွတ်ပြီး ရာသီအလိုက် သုံးစွဲနိုင်သည်။ နွေအခါအေးမြပြီး ဆောင်းအခါ နွေးထွေးသည့် ခံစားမှုမျိုးကို ပေးနိုင်သည်။ သဘာဝချည်ဆိုးဆေးများ အသုံးပြုပြီး ခိုင်ခန့်မှုရှိသဖြင့် ကာလအတန်ကြာ သုံးစွဲနိုင်သည်။ ထို့ကြောင့် ပြည်ပသွင်းကုန်အစားထိုး ကောင်းမွန်သည့် ပြည်တွင်းထုတ်ကုန်များ ထုတ်လုပ်နိုင်သည့်အတွက် အသေးစား၊ အငယ်စား၊ အလတ်စားလုပ်ငန်းများ ပေါများလှခြင်းဖြစ်သည်။

တခြားတစ်ဖက်တွင်လည်း ရာသီအလိုက်ထွက်ရှိသည့် နာမည်ကြီး ဒေသထွက်ကုန် များစွာရှိသည်။ ပခုက္ကူ ဆိပ်ဖြူ ယောနယ်ဒေသထွက် ကြက်သွန်နီ၊ ကြက်သွန်ဖြူ မကွေးနှင့် ပခုက္ကူနယ်အတွင်းမှ ထွက်ရှိသည့် ဆန်စပါး၊ ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာ၊ ဆေးရွက်ကြီး၊ ပဲမျိုးစုံနှင့် မြေပဲဆီသန့်၊ မြိုင်၊ ရေစကြိုမှထွက်သည့် ရှင်မတောင်သနပ်ခါး၊ အောင်သိဒ္ဓိ၊ ကံပွင့် အမွှေးတိုင် စသည်တို့သည် မိမိတို့တိုင်းဒေသကြီးအတွင်းတွင်သာမက အခြားပြည်နယ်များသို့ တင်ပို့လျက်ရှိပြီး ဒေသထွက်ကုန်များကို ဈေးရောင်းပွဲတော်များတွင် လာရောက်လေ့လာနိုင်ကြောင်းနှင့် မကွေးတိုင်းဒေသကြီး၏ ဒေသထွက်ကုန်များ၊ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများအကြောင်း ရေးသားလိုက်ရပါသည်။

**မြင့်မြင့်သန်း (ပခုက္ကူ)**

**ဤဆောင်းပါးတွင် အသုံးပြုထားသော ဓာတ်ပုံများအတွက် မူရင်းပိုင်ရှင်များအား လေးစားစွာ ခရက်ဒစ် ပေးပါသည်။)**

## ကြံထွက်ရာသီချိန်ကုန်၍ ပွက်သားဈေးနှင့် သကြားဈေးများ တက်လျက်ရှိ

ကြံထွက်ရှိရာ ဒေသအသီးသီးတို့မှ ကြံထွက်ရာသီချိန်ကုန်၍ ပွက်သားလက်ကျန် နည်းပါးမှုများ ရှိလာကြောင်း တွေ့ရှိရသည်။ ကြံထွက်ရှိရာ ဒေသများဖြစ်သော ကသာ၊ ထီးချိုင့်၊ ပြင်ဦးလွင်၊ နောင်ချို၊ ရှမ်းမြောက်တို့မှ ကြံရာသီချိန်တွင် ကျိုချက်ထားသော ပွက်သားများကို မန္တလေးမြို့သို့ တင်ပို့ရောင်းချပြီး သကြားစက်များမှ ထွက်ရှိသည့် ပြည်တွင်းသကြားများကို မုန့်မျိုးစုံလုပ်ငန်း၊ အချိုရည်လုပ်ငန်း၊ အဖျော်ယမကာလုပ်ငန်း၊ နို့ချက်လုပ်ငန်းများတွင် အများဆုံး အသုံးပြုကြသည်။

ပွက်သားဈေးမှာ ၂၀၂၄၊ ဇွန်လ စတုတ္ထပတ်တွင် တစ်ပိဿာလျှင် ကျပ် ၂၇၀၀ မှ ၂၈၀၀၊ သကြားဈေးမှာ တစ်ပိဿာလျှင် ကျပ် ၄၇၀၀ မှ ၄၉၀၀ ထိ ဈေးမြင့်တက်လျက်ရှိကြောင်း သိရှိရသည်။

၂၀၂၃ခုနှစ် ဇွန်လ စတုတ္ထပတ်တွင် ပွက်သားတစ်ပိဿာလျှင် ဈေးနှုန်းမှာ ကျပ် ၂၃၀၀-၂၄၀၀-၂၅၀၀၊ သကြားဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၃၁၈၀-၃၂၀၀ ဖြစ်သဖြင့် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ပွက်သားတစ်ပိဿာလျှင် ကျပ် ၃၀၀ ကွာခြားပြီး သကြားဈေးမှာ တစ်ပိဿာလျှင် ကျပ် ၁၇၀၀ ဈေးမြင့်တက်လျက်ရှိပြီး သယ်ယူစရိတ်နှင့် လုပ်အားခဈေးနှုန်းများ ပိုမိုလာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

**Source- သကြားနှင့် သကာရည် အသင်း(မန္တလေး)**

**ခင်မေဝင်း**

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန | ဖုန်း-၀၁ ၃၈၅၃၂၃ | အီးမေးလ်-mitcmyantrade@gmail.com |
| အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ဖုန်း-၀၁ ၉၆၆၉၉၅၉ | အီးမေးလ်-mhcyangon@gmail.com |

ယှဉ်ပြိုင်မှုဥပဒေပါတားမြစ်ချက်များကို ဖောက်ဖျက်မှုအတွက် အောက်ပါလိပ်စာသို့ ဆက်သွယ်စုံစမ်းတိုင်ကြားနိုင်ပါသည်-

မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ကော်မရှင်ရုံး
ရုံးအမှတ် (၃)၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်။
ဖုန်း - ၀၆၇(၃)၄၀၈၅၀၅
အီးမေးလ် - mmcc.office@commerce.gov.mm

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနန်ခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

# အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် မူပိုင်ခွင့်




နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးနှင့် လူနေမှုအဆင့်အတန်း မြင့်မားမှုသည်လည်း ကဏ္ဍအလိုက် ဆန်းသစ်တီထွင် ဖန်တီးနိုင်မှု၊ နိုင်ငံတွင်းရှိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှု၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်စည်စီးဆင်းမှု များပြားလာမှုစသည့် အချက်များအပေါ်တွင် မူတည်လျက်ရှိသည်။ မူပိုင်ခွင့် (Intellectual Property) သည် အဆိုပါကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကစီးပွားရေးကိရိယာတစ်ခု ဖြစ်လာသည်။

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများတွင် လုပ်ငန်းရှင်များ အသုံးပြုလျက်ရှိသော အမှတ်တံဆိပ်များ၊ ထုတ်လုပ်သော ဖန်တီးမှုဒီဇိုင်းများ၊ တီထွင်ဖန်တီးမှုများနှင့် စာပေနှင့် အနုပညာ လက်ရာများသည် မူပိုင်ခွင့် အကာအကွယ်ပေးသည့် စနစ်ဖြင့် အကာအကွယ်ရယူနိုင်မည်ဖြစ်သည်။ တက္ကသိုလ်၊ သုတေသနဌာနများမှ တီထွင်ဖန်တီးမှုများကို ဈေးကွက်တွင် ဖြန့်ဖြူးနိုင်စေရန် အတွက် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းသည်လည်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်သည့် ကမ္ဘာ့နိုင်ငံအသီးသီး၏ ကျင့်သုံးနေမှုစနစ်တစ်ရပ် ဖြစ်သည်ကို တွေ့ရှိရသည်။ မူပိုင်ခွင့်စနစ်ဖြင့် နည်းပညာများ လွှဲပြောင်းရယူနိုင်မည် ဖြစ်ပြီး ကုန်ထုတ်လုပ်မှုကဏ္ဍ မြင့်မားတိုးတက်လာစေနိုင်မည် ဖြစ်သည်။

## tDvufk&Gcpfpepf EShavlmufkm;ekf

မြန်မာနိုင်ငံအနေဖြင့် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေကို ၂၀၂၃ ခုနှစ် ဧပြီ ၁ ရက်တွင်လည်းကောင်း၊ စက်မှုဒီဇိုင်း မူပိုင်ခွင့် ဥပဒေနှင့် စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေကို ၂၀၂၃ ခုနှစ် အောက်တိုဘာ ၃၁ ရက်တွင်လည်းကောင်း အာဏာသက်ဝင်ခဲ့ပြီး ဖြစ်သည်။ မူပိုင်ခွင့်လျှောက်ထားချက်များကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနမှ သတ်မှတ်ထားသော အီလက်ထရောနစ် စနစ်(https://www.ipd.gov.mm/e-filing)မှ တစ်ဆင့်လည်းကောင်း၊ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့ရှိ လျှောက်လွှာလက်ခံ ဌာနများမှတစ်ဆင့် လည်းကောင်း လျှောက်ထားရမည်ဖြစ်သည်။ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့် မှတ်ပုံတင်ခြင်းနှင့် စက်မှုဒီဇိုင်းမူပိုင်ခွင့် မှတ်ပုံတင်ခြင်းကို အီလက်ထရွန်နစ် စနစ် (WIPOfile)မှတစ်ဆင့်လည်းကောင်း၊ စာပေနှင့် အနုပညာမူပိုင်ခွင့် မှတ်ပုံတင်လိုပါက အီလက်ထရောနစ် စနစ် (CRfile)မှတစ်ဆင့် လည်းကောင်း လျှောက်ထားနိုင်သည်။

မူပိုင်ခွင့်လျှောက်ထားခြင်းများကို မိမိကိုယ်တိုင်ဖြစ်စေ၊ ဦးစီးဌာနမှ ဖွင့်လှစ်သော ကိုယ်စားလှယ်သင်တန်းအောင်လက်မှတ် ရရှိထားသူများမှတစ်ဆင့်ဖြစ်စေ လျှောက်ထားနိုင်သည်။ မူပိုင်ခွင့် လျှောက်ထားခြင်းအတွက် မူပိုင်ခွင့်အမျိုးအစားအလိုက် လျှောက်ထားရမည့် လျှောက်လွှာပုံစံများ၊ အခကြေးငွေများကို မူပိုင်ခွင့် ဦးစီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ https://www.ipd.gov.mm/တွင် ကြည့်ရှုနိုင်မည်ဖြစ်ပြီး လျှောက်လွှာပုံစံ ဖြည့်စွက်ရမည့် နမူနာများ၊ ကိုယ်စားလှယ်များမှတစ်ဆင့် လျှောက်ထားလိုသူများအတွက် ဦးစီးဌာနမှ ဖွင့်လှစ်သော ကိုယ်စားလှယ်သင်တန်းအောင်လက်မှတ်ရရှိပြီးသူများစာရင်း စသည်တို့ကို အများပြည်သူ ဝင်ရောက် ရယူနိုင်မည်ဖြစ်သည်။

## trSwtom (Trademark) EShtumtuGf,ekfnbouwrf

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများတွင် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ စီးပွားရေးလုပ်ငန်းတွင် အသုံး ပြုလျက်ရှိသော အမှတ်တံဆိပ်များကို ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေပါ မူပိုင်ခွင့် အခွင့်အရေးများ ခံစားရယူလိုပါက ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေနှင့်အညီ မှတ်ပုံတင်ရန် လိုအပ်မည်ဖြစ်သည်။ ထို့အပြင် အမှတ်တံဆိပ်မူပိုင်ခွင့် ချိုးဖောက်ခြင်းနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကိုလည်း ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေဖြင့်သာ ဖြေရှင်းဆောင်ရွက်ရမည်ဖြစ်သဖြင့် မူပိုင်ခွင့်ဦးစီးဌာနတွင် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်မှတ်ပုံတင်ခြင်းအား ဆောင်ရွက်မှသာလျှင် မိမိတို့လုပ်ငန်းများတွင် အသုံးပြုနေသည့် အမှတ်တံဆိပ်များအတွက် ဥပဒေကြောင်းအရ ခိုင်မာသော ပိုင်ဆိုင်မှုတစ်ရပ်ကို ရရှိနိုင်မည်ဖြစ်သည်။

ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေအရ ကုန်အမှတ်တံဆိပ်၊ ဝန်ဆောင်မှု အမှတ်တံဆိပ်၊ စုပေါင်းပိုင်အမှတ်တံဆိပ်နှင့် အသိအမှတ်ပြု အမှတ်တံဆိပ်တို့ကို အကာအကွယ် ရယူနိုင်မည်ဖြစ်ပြီး မှတ်ပုံတင်ထားသော အမှတ်တံဆိပ်၏ မှတ်ပုံတင် သက်တမ်းသည် အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားချက်တင်သွင်းသည့်နေ့မှစ၍ ၁၀ နှစ်ဖြစ်သည်။ အမှတ်တံဆိပ်မူပိုင်ခွင့် မှတ်ပုံတင် သက်တမ်းတိုးခြင်းကို ၁၀ နှစ်လျှင် တစ်ကြိမ်စီဖြင့် အကြိမ်အရေအတွက် အကန့်အသတ်မရှိ သက်တမ်းတိုး ဆောင်ရွက်နိုင်မည်ဖြစ်သကဲ့သို့ အမှတ်တံဆိပ်မူပိုင်ခွင့် ထိပါးချိုးဖောက်ခြင်းများကိုလည်း ပြစ်မှုကြောင်းနှင့် တရားမကြောင်းတို့အရ အရေးယူဆောင်ရွက်နိုင်မည်ဖြစ်သည်။

## a'oqkdkif&m t nGef (Geographical Indications-GIs)

မှတ်ပုံတင်ခြင်းကိုလည်း ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေအရ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံရှိ ဒေသအလိုက် ထွက်ရှိသော ထုတ်ကုန်များ (ဥပမာ- ရွှေဘိုပေါ်ဆန်း၊ ပုဂံယွန်းထည်၊ ပုသိမ်ထီး) စသည်တို့ကို သက်ဆိုင်ရာ ထုတ်ကုန်များ စိုက်ပျိုးထုတ်လုပ်ရောင်းချသည့် အဖွဲ့အစည်းများမှ လျှောက်ထားနိုင်မည်ဖြစ်ရာ ဒေသဆိုင်ရာအညွှန်း (Geographical Indications-GIs) မှတ်ပုံတင်ခြင်းကို မကြာမီကာလတွင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

## pufIZDeryJ kifcGifh tumtuGf,ekfnbouwrf

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများရှိ ဖန်တီးထားသော ဒီဇိုင်းလက်ရာများကို စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေနှင့်အညီ အခွင့်အရေးများ ခံစားနိုင်စေရန် မှတ်ပုံတင်လျှောက်ထားရမည်ဖြစ်ပြီး မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်း၏ မှတ်ပုံတင်သက်တမ်းသည် လျှောက်ထားချက် တင်သွင်းသည့်နေ့မှစ၍ ငါးနှစ်ဖြစ်သည်။ သက်တမ်းကို တစ်ကြိမ်လျှင် ငါးနှစ်စီဖြင့် နှစ်ကြိမ်အထိ သက်တမ်းတိုးနိုင်ပြီး စုစုပေါင်း ၁၅ နှစ် သက်တမ်း အကာအကွယ်ရရှိမည်ဖြစ်သည်။ စက်မှုဒီဇိုင်း တစ်ရပ်ရပ်သည် အသစ်ဖြစ်သည့်အပြင် တုပမှုကင်းစွာ ဖန်တီးထားခြင်း ဖြစ်ရပါမည်။ စက်မှုဒီဇိုင်း မူပိုင်ခွင့် ချိုးဖောက်မှုများအား တရားမကြောင်းဖြင့် တရားစွဲဆိုနိုင်မည်ဖြစ်သည်။

## pmayEShtEkynmrlydkifcGif (Copyright) EShtumtuGf,ekfnbouwrf

စာပေနှင့် အနုပညာလက်ရာများသည် မူပိုင်ခွင့်ဦးစီးဌာနတွင် မှတ်ပုံတင်သည်ဖြစ်စေ၊ မတင်သည်ဖြစ်စေ အကာအကွယ် ရရှိနိုင်သော မူပိုင်ခွင့် အမျိုးအစားတစ်ခုဖြစ်သည်။ စာပေနှင့် အနုပညာ မူပိုင်ခွင့် ဥပဒေအရ စာပေ သို့မဟုတ် အနုပညာလက်ရာများအား စီးပွားရေးဆိုင်ရာ အခွင့်အရေးအတွက် အကာအကွယ်ပေးမှု သက်တမ်းမှာ ယေဘုယျအားဖြင့် မူလလက်ရာရှင် သက်ရှိထင်ရှားရှိစဉ်

**မူပိုင်ခွင့်ဦးစီးဌာန**

ကာလအပြင် ကွယ်လွန်ပြီးသည့် နှစ်မှ နှစ် ၅၀ အထိဖြစ်သည်။ ပူးတွဲလက်ရာဖြစ်ပါက နောက်ဆုံး မူလလက်ရာရှင် သက်ရှိထင်ရှားရှိစဉ် ကာလအပြင် ကွယ်လွန်ပြီးသည့်နှစ်မှ နှစ် ၅၀၊ အရုပ် အသံ လက်ရာ သို့မဟုတ် ရုပ်ရှင်ဖန်တီးမှုလက်ရာ ဖြစ်ပါက အများပြည်သူ ရရှိခံစားနိုင်ရန် ဆောင်ရွက်ပြီးသည့်နှစ်မှ နှစ် ၅၀၊ အသုံးချ အနုပညာလက်ရာ ဖြစ်ပါက လက်ရာပြုလုပ်ပြီးသည့်နှစ်မှ ၂၅ နှစ်၊ ဖျော်ဖြေတင်ဆက်မှုဖြစ်ပါက အရုပ် အသံပေါင်းစပ် ထည့်သွင်းခြင်းပြုသည့် နှစ်မှ နှစ် ၅၀၊ ဖိုနိုဂရမ်ဖြစ်ပါက ဖိုနိုဂရမ် ထုတ်ဝေသည့် နှစ်မှ နှစ် ၅၀၊ ထုတ်လွှင့်ချက်ဖြစ်ပါက စတင်ထုတ်လွှင့်ချိန်မှစ၍ နှစ် ၂၀ အထိ ရရှိမည်ဖြစ်သည်။ စာပေနှင့် အနုပညာ မူပိုင်ခွင့် နှင့်စပ်လျဉ်းသည့် ထိပါးချိုးဖောက်ခြင်းများကိုလည်း ပြစ်မှုကြောင်းနှင့် တရားမကြောင်းတို့ အရ အရေးယူ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

## WDxGrlydkifcGif (Patent) EShtumtuGf,ekfnbouwrf

အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ဆန်းသစ် တီထွင်ဖန်တီးမှုများကို ဥပဒေနှင့်အညီ အကာအကွယ်ရရှိလိုပါက မူပိုင်ခွင့်ဦးစီးဌာနမှာ မဖြစ်မနေ မှတ်ပုံတင်လျှောက်ထားရန် လိုအပ်မည်ဖြစ်သည်။ ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးပြီးနိုင်ငံများကို လေ့လာမည်ဆိုပါက တီထွင်မှု မူပိုင်ခွင့်အကာအကွယ် ရယူထားသည့် အရေအတွက်သည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု တိုက်ရိုက်အချိုးကျနေသည်ကို တွေ့ရှိရသည်။ တီထွင်မှု မူပိုင်ခွင့် အကာအကွယ်ရယူပြီး အကျိုးခံစားခွင့်များကို ထိုက်တန်စွာ ခံစားခွင့်ရရှိစေခြင်းသည် တီထွင်ဖန်တီးလိုစိတ်များကို မြှင့်တင်ပေးနိုင်ပြီး နည်းပညာ ဖြန့်ဖြူးရေးကိုလည်း တွန်းအားပေးစေနိုင်မည်ဖြစ်သည်။ တီထွင်မှု မူပိုင်ခွင့် သက်တမ်းသည် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက် တင်သွင်းသည့်နေ့မှ နှစ် ၂၀ ဖြစ်သည်။ တီထွင်မှုမူပိုင်ခွင့် ဥပဒေတွင် အသေးစား တီထွင် မှု မူပိုင်ခွင့်သည် ထုတ်ကုန်တစ်ခု၏ ပုံပန်းသဏ္ဌာန် သို့မဟုတ် အစိတ်အပိုင်းများ၏ ဖွဲ့စည်းတည်ဆောက်ပုံကိုလည်း အကာအကွယ်ပေးသော ဥပဒေတစ်ခုဖြစ်သည်။ ထုတ်ကုန်ဆိုင်ရာ တီထွင်မှုတစ်ခုသည် အသစ်ဖြစ်ခြင်းနှင့် စက်မှုလက်မှုလုပ်ငန်း တစ်ရပ်ရပ်တွင် အသုံးချနိုင်ခြင်းရှိပါက အသေးစား တီထွင်မှုမူပိုင်ခွင့်ကို လျှောက်ထားနိုင်မည်ဖြစ်သည်။ အသေးစား တီထွင်မှု မူပိုင်ခွင့်သက်တမ်းသည် လျှောက်ထား သည့်နေ့ရက်မှ ၁၀နှစ် ဖြစ်သည်။ တီထွင်မှုမူပိုင်ခွင့် ချိုးဖောက်မှုများအား တရားမကြောင်းဖြင့် တရားစွဲဆိုနိုင်မည်ဖြစ်သည်။ တီထွင်မှုမူပိုင် ခွင့်မှတ်ပုံတင်ခြင်းကိုလည်း မူပိုင်ခွင့်ဦးစီးဌာနတွင် မကြာမီ လက်ခံဆောင်ရွက်သွားမည် ဖြစ်သည်။

## tusdK;aus;Zl

အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်တွင် ကျင့်သုံးဆောင်ရွက်နေသော မူပိုင်ခွင့် အကာအကွယ်ပေးသည့် စနစ်တွင် လိုက်ပါကျင့်သုံးနိုင်ခြင်းဖြင့် မိမိတို့၏ စီးပွားရေးလုပ်ငန်းများရှိ အသုံးပြုနေသော အမှတ်တံဆိပ်များ၊ ဒီဇိုင်းလက်ရာများ၊ တီထွင်ဖန်တီးမှုများ၊ စာပေနှင့် အနုပညာ လက်ရာများ အတွက် မူပိုင်ခွင့်အခွင့်အရေးများ ပြည့်ဝစွာ ခံစားနိုင်စေခြင်း၊ မူပိုင်ခွင့်ချိုးဖောက်မှုများကိုလည်း ဥပဒေနှင့်အညီ တားဆီးနိုင်စေခြင်း၊ သုံးစွဲသူ ပြည်သူများအကြား ယုံကြည်မှု ပိုမိုရရှိစေခြင်းဖြင့် အောင်မြင်သော စီးပွားရေးလုပ်ငန်း တစ်ရပ်အဖြစ် ရပ်တည်နိုင်စေခြင်း၊ နိုင်ငံတကာသို့ တင်ပို့ရောင်းချရာတွင်လည်း မိမိနိုင်ငံတွင် မူပိုင်ခွင့် အကာအကွယ် ရယူထားခြင်းဖြင့် တင်ပို့မည့်နိုင်ငံတွင် မူပိုင်ခွင့် အကာအကွယ် ရယူလိုခြင်းအတွက် အထောက်အကူတစ်ရပ် ဖြစ်စေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိလာနိုင်စေမည်ဖြစ်သည်။

## quf oG,fr;jref;&ef

မူပိုင်ခွင့်လျှောက်ထားခြင်းများအတွက် လိုအပ်သော သတင်းအချက်အလက်များကို မူပိုင်ခွင့်ဦးစီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.ipd.gov.mm မှတစ်ဆင့် ဝင် ရောက်ကြည့်ရှုနိုင်ပြီး Help Desk ဖုန်းနံပါတ်များတွင် (နေပြည်တော် +၉၅ ၆၇ ၄၃၀၅၉၄၊ ရန်ကုန် ၀၁ ၈၃၈၀ ၂၈၃၊ မန္တလေး ၀၉၈၉၀၆၁၅၁၅၂) ဆက်သွယ် မေးမြန်းနိုင်ပါသည်။

# ဖိလစ်ပိုင်အစိုးရက ဆန်တင်သွင်းမှု အကောက်ခွန်နှုန်းထားများ လျှော့ချပေး

အစိုးရမှ ဆန်တင်သွင်းမှုအပေါ် ကောက်ခံသည့် အကောက်ခွန်နှုန်းထားအား ၃၅ရာခိုင်နှုန်း မှ ၁၅ရာခိုင်နှုန်းထိ လျှော့ချပေးလိုက်ခြင်းကြောင့် ၂၀၂၄ ခုနှစ်အတွင်း အစိုးရ၏ဝင်ငွေ ပီဆို ၂၀ ဘီလီယံမှ ၂၂ ဘီလီယံခန့်ထိ လျော့ကျနိုင်သော်လည်း တစ်ဖက်တွင် ငွေကြေးဖောင်းပွမှုနှုန်းအား လျှော့ချနိုင်မည်ဖြစ်ပြီး ဘဏ်အတိုးနှုန်းများလည်း လျှော့ချနိုင်ခြေအား ဦးတည်လျက်ရှိသဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှုန်း ပိုမိုမြင့်မားလာနိုင်ကြောင်း ဖိလစ်ပိုင်ဘဏ္ဍာရေးဝန်ကြီးမှ သတင်းထောက်များနှင့်တွေ့ဆုံစဉ် ထုတ်ဖော်ပြောကြားခဲ့သည်။

အကောက်ခွန်နှုန်း လျှော့ချပေးခြင်းသည် အစိုးရ၏ ကာလတိုအစီအစဉ်တစ်ခုသာဖြစ်ပြီး အဓိက ရည်မှန်းချက်မှာ သီးနှံအထွက်နှုန်းတိုးမြင့်စေရေးအတွက် လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရန်ဖြစ်ကြောင်း၊ အထူးသဖြင့် စိုက်ပျိုးရေးကဏ္ဍအတွက် အရေးကြီးသည့် ရေပေးဝေရေးစနစ်၊ စက်ပစ္စည်းများ၊ ရိတ်သိမ်းပြီးလုပ်ငန်းစဉ်များအတွက် လိုအပ်ချက်များအား ရင်းနှီးမြှုပ်နှံစေရန်မှာ လိုအပ်နေပါကြောင်း၊ ထို့မှသာ စပါးအထွက်နှုန်း တိုးမြင့်လာမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

အကောက်ခွန်နှုန်း လျှော့ချပေးခြင်းဆိုင်ရာ အစည်းအဝေးတွင် ဘဏ္ဍာရေးဝန်ကြီးနှင့် တောင်သူလယ်သမားများအုပ်စုတို့ တွေ့ဆုံစဉ် ဝန်ကြီးက စပါးအထွက်နှုန်း တိုးမြင့်အောင် ဆောင်ရွက်ရန်နှင့် အစိုးရအနေဖြင့်လည်း လိုအပ်သည့် ဘဏ္ဍာငွေကြေး၊ နည်းပညာ ထောက်ပံ့ပေးမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စိုက်ပျိုးရေးဝန်ကြီးဌာန၏ ဘတ်ဂျက်အသုံးစရိတ်အား နှစ်စဉ် တိုးမြှင့် သုံးစွဲလျက်ရှိပြီး ၂၀၂၄ ခုနှစ်တွင်း ပီဆို ဘီလီယံ ၂၀၀ ခန့်ထိ ကျခံသုံးစွဲသွားရန် ဘတ်ဂျက် ခွဲဝေပေးထားကြောင်း ပြောကြားခဲ့သည်။

ဆန်တင်သွင်းမှုအပေါ် မှရရှိသည့် အခွန်ဝင်ငွေများထဲမှ ပီဆို ၁၅ ဘီလီယံအား Rice Competitiveness Enhancement Fund သို့ ထည့်ဝင်ပေးသွားမည့်ကိစ္စနှင့် Rice Tarrification Law (RTL)ပြင်ဆင် မည့်အပေါ် စပါးတောင်သူများအုပ်စုအနေဖြင့် အကြံပြု တင်ပြရန်များရှိပါက ပြောကြားနိုင်ကြောင်း၊ ရန်ပုံငွေ စတင်ထူထောင်စဉ်က ပီဆို ၂၀ ဘီလီယံ ထည့်ဝင်ထားခဲ့ပြီး မနှစ်က ပီဆို ၃၀ ဘီလီယံဝန်းကျင်ခန့်နှင့် ယခုနှစ်အတွက် နောက်ထပ် ပီဆို ၁၅ ဘီလီယံအား ထည့်ဝင်ပေးသွားရန် ဆွေးနွေးလျက်ရှိပြီး ဖိလစ်ပိုင် အောက်လွှတ်တော်မှ ၂၀၂၄ ခုနှစ်၊ မေလက RTLပြင်ဆင်ရန်အပေါ် အတည်ပြုခဲ့ပြီး လက်ရှိတွင် RCEF သို့ ပီဆို ၁၀ ဘီလီယံမှ ၁၅ ဘီလီယံ ထိ တိုးမြှင့်ထည့်ဝင်ရန် ကိစ္စအပေါ် သဘောတူညီထားပြီးဖြစ်ကြောင်း ဖော်ပြပါရှိသည်။

လက်ရှိတွင် အစိုးရအနေဖြင့် ပြည်တွင်း တောင်သူများထံသို့ ထောက်ပံ့ပေးနိုင်ရေးအတွက် ဆန်တင်သွင်းမှုအပေါ် အခွန်ကောက်ခံမှုမှ ပီဆို ၁၆ ဘီလီယံထိ ရရှိထားပြီးဖြစ်ကြောင်း ဖော်ပြထားသည်။

**ကေသွယ်ခိုင် (စီးပွားရေးသံမှူး၊ မနီလာမြို့)**

**Source; https://mb.com.ph/2024/6/9/recto-rice-tariff-cuts-to-cost-up-to-p20-billion-in-revenues**

# ပိုးမွှားကင်းစင်သည့် သရက်သီး ခုနစ်တန်ကို ဩစတြေးလျသို့ ဗီယက်နမ် တင်ပို့မည်

ပိုးမွှားကင်းစင်ရေးဝန်ဆောင်မှုပေးသည့် Toan Phat Irradiation Co. (TPI) မှ သရက်သီးများကို ပိုးမွှားကင်းစင်အောင် ဆောင်ရွက်ပြီးနောက် လတ်ဆတ်သော သရက်သီး ခုနစ်တန်ကို ဩစတြေးလျသို့ တင်ပို့မည်ဖြစ်ကြောင်း The Saigon Times အွန်လိုင်းသတင်း ဖော်ပြချက်အရ သိရသည်။

TPI သည် အဆိုပါ ပိုးမွှားသန့်စင်မှုပေးသည့် ဝန်ဆောင်မှုအတွက် ဩစတြေးလျ အေဂျင်စီ BICON (Australian Biosecurity Import Conditions ) မှ အသိအမှတ်ပြုလက်မှတ်ရရှိထားပြီးဖြစ်ကြောင်း၊ ပိုးမွှားကင်းစင်ရေးလုပ်ငန်းနှင့်ပတ်သက်၍ ဗီယက်နမ်နိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန လက်အောက်ရှိ အပင်ကာကွယ်ရေးဦးစီးဌာနနှင့် TPI တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်းနှင့် DT-PRO ကုမ္ပဏီမှ ဩစတြေးလျသို့ သရက်သီးများကို တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

TPI ၏ အဆိုအရ သရက်သီးများအားလုံးသည် ဩစတြေးလျအာဏာပိုင်များ စိုးရိမ်ပူပန်သည့် အင်းဆက်ပိုးမွှားများ၊ ရောဂါများနှင့် အခြားသော ဇီဝလုံခြုံရေးဆိုင်ရာများ ကင်းစင်ကြောင်း သိရသည်။

ဩစတြေးလျနိုင်ငံရှိ ဗီယက်နမ်ကုန်သွယ်မှုရုံးမှ ပို့ကုန်လိုအပ်ချက်များနှင့် ကိုက်ညီစေရန်နှင့် သရက်သီးသည် ဗီယက်နမ်နိုင်ငံမှ အရင်းအမြစ်ဖြစ်ရန် လိုအပ်ပြီး အရွက်၊ အကိုင်းအခက်များ၊ မြေဆီလွှာ၊ ပေါင်းပင်မျိုးစေ့များ၊ အပျက်အစီးများနှင့် အခြား အပင်ပစ္စည်းများ၊ အင်းဆက် ပိုးမွှားများ၊ ရောဂါပိုးများ ကင်းစင်ရမည်ဟု အလေးပေး ပြောကြားခဲ့သည်။

လက်ရှိတွင် ဗီယက်နမ်မှ ဩစတြေးလျသို့ လတ်ဆတ်သော သစ်သီးလေးမျိုးအား တင်ပို့ရန် ခွင့်ပြုထားကြောင်းနှင့် သရက်သီး၊ နှင်းသီး၊ လိုင်ချီးစ်သီးနှင့် နဂါးမောက်သီးတို့ ဖြစ်ကြောင်း သိရသည်။

ဗီယက်နမ် အကောက်ခွန်ဦးစီးဌာန၏ထုတ်ပြန်ချက်အရ ဗီယက်နမ်နိုင်ငံ၏ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် တင်ပို့မှုသည် ယခုနှစ် ပထမသုံးလပတ်တွင် အမေရိကန်ဒေါ်လာ ၁ဒသမ ၂၈ ဘီလီယံကျော်ရှိပြီး တစ်နှစ်ထက်တစ်နှစ် ၃၀ဒသမ၈ ရာခိုင်နှုန်း တိုးမြင့်လာခဲ့ကြောင်း သိရသည်။

ဩစတြေးလျနိုင်ငံသို့ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ တင်ပို့မှုသည် ဇန်နဝါရီမှ မတ်လအတွင်း အမေရိကန်ဒေါ်လာ ၂၆ သန်းနီးပါးရှိခဲ့ကြောင်းနှင့် ပြီးခဲ့သည့်နှစ်နှင့် နှိုင်းယှဉ်ပါက ၃၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်းဖော်ပြထားသည်။

**Source: The Saigon Times**

**(စီးပွားရေးသံမှူး၊ဗီယက်နမ်)**

# မလေးရှားနိုင်ငံက ထိုင်းနိုင်ငံကို ကျော်တက်ကာ အရှေ့တောင်အာရှ၏ ဒုတိယအကြီးဆုံး ကားဈေးကွက်ဖြစ်လာ

အရှေ့တောင်အာရှ၏ မော်တော်ကားဈေးကွက်တွင် တတိယနေရာ၌ ကြာရှည်စွာ ရပ်တည်နေသော မလေးရှားနိုင်ငံသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှစ၍ ဖေဖော်ဝါရီလအထိ သုံးလဆက်တိုက်မော်တော်ကား ထုတ်လုပ်မှုတွင် ထိုင်းနိုင်ငံအား ကျော်တက်ကာ အရှေ့တောင်အာရှ၏ ဒုတိယအကြီးဆုံး မော်တော်ကားဈေးကွက် ဖြစ်လာခဲ့သည်။

မလေးရှား Automotive Association အဆိုအရ ယခုနှစ် ပထမသုံးလပတ်တွင် ကားအစီးရေ ၂၀၂၂၄၅ စီးရောင်းချနိုင်ခဲ့ပြီး ယမန်နှစ်အလားတူ ကာလကထက် ၅ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။

မလေးရှားအစိုးရ၏ စီးပွားရေးလှုံ့ဆော်မှုအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သော ပြည်တွင်း၌ထုတ်လုပ်သော မော်တော်ကားများအတွက် အခွန်ကင်းလွတ်ခွင့်များပေးခြင်းသည် ဈေးကွက်ဝေစု၏ ၆၀ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားသည့် ကားအမှတ်တံဆိပ်များဖြစ်သော Perodua နှင့် Proton တို့အား ထုတ်လုပ်ရောင်းချမှုများ မြင့်တက်လာအောင် လုပ်ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ထိုသို့ အခွန်ကင်းလွတ်ခွင့်များသည် ၂၀၂၀ ပြည့်နှစ်ကပ်ရောဂါများ စတင်ဖြစ်ပွားသည့်ကာလ မှစတင်ခဲ့သည်။၎င်းသည် ၂၀၂၂ ခုနှစ် နှစ်လယ်ပိုင်းတွင် ကုန်ဆုံးခဲ့သော်လည်း အခွန်လွတ်ကင်းခွင့်ဘွတ်ကင်များ၏ ပြည့်စုံမှုသည် ၂၀၂၃ ခုနှစ်တွင် အရောင်းကိန်းဂဏန်းများကို ဆက်လက်မြှင့်တင်ပေးနိုင်ခဲ့ကြောင်း သိရသည်။ အပြိုင် အဆိုင်ဈေးနှုန်းများရှိသော လျှပ်စစ်ကားများအပါအဝင် ကားမော်ဒယ်အသစ်များအား မိတ်ဆက်ပေးခြင်းသည် ရောင်းအားကို တိုးလာစေရန် လှုံ့ဆော်ပေးသည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဆန့်ကျင်ဘက်အနေဖြင့် ထိုင်းနိုင်ငံတွင် မော်တော်ကားများ ရောင်းအားကျဆင်းလာခဲ့သည်။ အာရှမော်တော်ကားဈေးကွက်၏ ဒုတိယနေရာအား နှစ်ရှည်လများ သိမ်းပိုက်ထားသည့် ထိုင်းနိုင်ငံသည် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ယခုနှစ်၏ ပထမသုံးလပတ်တွင်ရောင်းအား ၂၅ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ ထိုင်းနိုင်ငံ၏ လစဉ်မော်တော်ယာဉ်ရောင်းချမှုသည် ၂၀၂၃ ခုနှစ် ဇွန်လမှစတင်၍ ကျဆင်းလာခဲ့ပြီး မော်တော်ယာဉ်ချေးငွေနှင့် သုံးစွဲမှုရပ်တန့်နေခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရှိ ရသည်။

# ဒူးရင်းသီးအကြောင်း သိကောင်းဖွယ်ရာများ

အသီးမှာ ဘုရင်ဟု ဆိုစမှတ်ရှိသော ဒူးရင်းသီး၏ အင်္ဂလိပ်အမည်မှာ DURAIN၊ ရုက္ခဗေဒအမည်မှာ Durio Zibethenus၊ မျိုးရင်းအမည်မှာ Bombaceae ဖြစ်ပြီး မူရင်းဒေသမှာ အီကွေတာမိုးသစ်တောဒေသများနှင့် အရှေ့တောင်အာရှနိုင်ငံများဖြစ်တဲ့ မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်းနှင့် မြန်မာတို့တွင် အဓိက ပေါက်ရောက်လေ့ရှိသည်။ မြန်မာပြည်တွင် မြန်မာပြည် တောင်ဘက်ပိုင်း မွန်၊ ကရင်၊ တနင်္သာရီဒေသများတွင် အကောင်းဆုံးစိုက်ပျိုး ဖြစ်ထွန်းသည့် အသီးတစ်မျိုးဖြစ်သည်။ ရန်ကုန်၊ ပဲခူး အရှေ့ခြမ်း၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင်လည်း ယခုအခါ စီးပွားဖြစ် စိုက်ပျိုးလာကြသည်။

ဒူးရင်းသီးမှာ မပြည့်ဝဆီများ ကြွယ်ဝသည့်အတွက် ကိုလက်စထရောလျှော့ချပေးနိုင်ပြီး နှလုံးရောဂါ၊ လေဖြတ်ခြင်းများကို လျှော့ချပေးနိုင်ခြင်း၊ Tryptophan ဆိုသည့် အမိုင်နိုအက်စစ်ဓာတ်တစ်မျိုး ပါဝင်သည့်အတွက် စိတ်ပင်ပန်းမှု လျော့ကျစေခြင်း၊ ဗီတာမင်စီ၊ ပိုတက်စီယမ်၊ အမျှင်ဓာတ်များနှင့် ဗီတာမင် B1 B3 တို့ပါဝင်သည့်အတွက် ကိုယ်ခံအားစနစ်ကို အထောက်အပံ့ဖြစ်စေခြင်း၊ ဆားနှင့်ရေဓာတ်များကို ထိန်းညှိပေးမှုအား အကူအညီပေးခြင်း၊ အစာခြေမှုကို အထောက်အပံ့ဖြစ်စေသည့် အပြင် ခန္ဓာကိုယ်အတွက်လိုအပ်သော အာဟာရဓာတ်များစွာ ရရှိစေသည်။ ဒူးရင်းသီးမှာ ခန္ဓာကိုယ်အတွက် ကောင်းကျိုးများ ပေးစွမ်းနိုင်သော်လည်း ၎င်းမှရရှိသော ဆိုးကျိုးများလည်းရှိသည်။ ကယ်လိုရီ ပါဝင်မှုမြင့်မားခြင်း၊ သကြားဓာတ်ပါဝင်မှု မြင့်မားခြင်းကြောင့် ဆီးချို၊ သွေးချို အခံရှိသူများ အများအပြားစားမိလျှင် သွေးတွင်းသကြားဓာတ်မြင့်တက်မှုများ ဖြစ်ပေါ်စေနိုင်ခြင်း၊ ဒူးရင်းသီးမှာ အပူစာသီး အုပ်စုများ၌ ပါဝင်ပြီး အများအပြားစားမိပါက လည်ချောင်းနာ၊ ခံတွင်းနာခြင်းနှင့် ဝမ်းချုပ်ခြင်းနှင့် သလိပ်ထခြင်းများကို ဖြစ်ပေါ်စေနိုင်သည်။

ဒူးရင်းသီးသည် ခန္ဓာကိုယ်အတွက် အသုံးဝင်ပြီး လိုအပ်သော အာဟာရများပါရှိပြီး ဆိုးကျိုးများမှာလည်း ဒွန်တွဲပါဝင်လျက်ရှိသဖြင့် ထိုက်သင့်မျှတသော စားသုံးမှုမှသာလျှင် ခန္ဓာကိုယ်အတွက် လိုအပ်သော အာဟာရဓာတ်များကို ကောင်းစွာရရှိနိုင်မည်ဖြစ်သည်။

မတ်၊ ဧပြီ၊ မေ၊ ဇွန်၊ ဇူလိုင်လတို့မှာ ဒူးရင်းသီးများထွက်ရှိသော အချိန်ဖြစ်ပြီး လှိုင်လှိုင်ပေါများစွာထွက်ရှိသည်။

ဇွန်လ နောက်ဆုံးပတ်တွင် ထားဝယ် ဒူးရင်းသီးဈေးကွက်မှာ ဒေသထွက် အလုံးကြီး တစ်လုံးလျှင် ၅၀၀၀-၆၀၀၀-၇၀၀၀၊ အလတ် ကျပ် ၃၀၀၀-၃၅၀၀ နှင့် အသေး ကျပ် ၁၅၀၀-၂၀၀၀-၂၅၀၀ ခန့် အသီးသီးရှိကြောင်း သိရသည်။

**မောင်ထက်ဝင်း (ထားဝယ်)**

# ၂၀၂၄ ခုနှစ်တွင် ဆန်တန်ချိန် ၁ ဒသမ ၃ သန်းခန့် ဘရာဇီး တင်သွင်းရနိုင်

အနောက်ကမ္ဘာခြမ်း၌ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု အကြီးမားဆုံးဖြစ်သည့် ဘရာဇီးနိုင်ငံအနေဖြင့် ဆယ်စုနှစ် နှစ်ခုကာလအတွင်း အမြင့်မားဆုံးပမာဏအဖြစ် ၂၀၂၄ ခုနှစ်တွင် ဆန်တန်ချိန် ၁ ဒသမ ၃ သန်းအထိ တင်သွင်းရဖွယ်ရှိနေကြောင်း သိရသည်။

ဆန်စပါး အဓိကစိုက်ပျိုးထုတ်လုပ်ရာ Rio Grande do Sul နယ်မြေ ဒေသ၌ ရာသီဥတုဆိုးရွားမှုနှင့် ဒေသတစ်ခုလုံး ရေလွှမ်းနစ်မြုပ်ကြောင့် ၂၀၂၃-၂၀၂၄ သီးနှံရာသီတွင် ဘရာဇီးနိုင်ငံ၏ ဆန်ထွက်ရှိမှုမှာ တန်ချိန် ခုနစ်သန်းခန့်သာ ရှိနိုင်မည်ဟု အမေရိကန် စိုက်ပျိုးရေးဦးစီးဌာနမှ ဇွန်လအတွက် ထုတ်ဝေသသည့် Grain: World Markets and Trade' report အစီရင်ခံစာ၌ ဖော်ပြခဲ့ပြီးနောက် ယခုကဲ့သို့ အခြေအနေ ပေါ်ပေါက်လာခြင်းဖြစ်သည်။

ပြည်တွင်း၌ ဆန်ပြတ်လပ်မှုနှင့် ကြုံတွေ့လာရနိုင်ခြေအပေါ် တုံ့ပြန်မှုအဖြစ် ဘရာဇီးအစိုးရသည် အချို့သော ဆန်အမျိုးအစားများ တင်သွင်းရာတွင် စည်းကြပ်သော အကောက်ခွန်နှုန်းထားများကို ၂၀၂၄ ခုနှစ် မေ ၂၁ ရက်မှ နှစ်ကုန်ဆုံးချိန်အထိ ဆိုင်းငံ့ထားရှိခဲ့သည်။ ထို့အပြင် ယခုနှစ်အတွင်း ဆန်တန်ချိန် တစ်သန်းကို တင်သွင်းခွင့်ပြုမည်ဟု အစိုးရက ကြေညာချက် ထုတ်ပြန်ထားသည်။ အဆိုပါ အစီအစဉ်အရ ဇွန် ၆ ရက်တွင် ပထမအကြိမ်အဖြစ် ဆန်တန်ချိန် သုံးသိန်းကို တင်ဒါခေါ်ယူခဲ့ရာတွင် ဆန်တန်ချိန် ၂၆၀၀၀၀ အတွက် တင်ဒါအောင်မြင်မှုရှိခဲ့သည်။ အဆိုပါ ဆန်များအား မည်သည့်ပင်ရင်းဒေသမှ တင်သွင်းမည်မှာ သေချာမှု မရှိသေးသော်လည်း နိုင်ငံပိုင် ဝယ်ယူရေးကုမ္ပဏီဖြစ်သော CONAB သည် စက်တင်ဘာ ၈ ရက် အရောက် တင်သွင်းရန် ညွှန်ကြားထားပြီး ဘရာဇီးငွေကြေးအားဖြင့် ရောင်းဈေး ၁ ကီလိုဂရမ်လျှင် ၄ ရီရယ် (သုည ဒသမ ၇၆ ဒေါ်လာခန့်) နှုန်းဖြင့် ၅ ကီလိုဂရမ်ဝင် ဆန်အိတ်များဖြင့် ဖြန့်ဖြူးမည်ဖြစ်သည်။

အစိုးရအနေဖြင့် ဆန်ရောင်းလိုအားကို တည်ငြိမ်စေရန်နှင့် ပြည်တွင်းဈေးနှုန်းများအား ထိန်းသိမ်းနိုင်ရန်အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သော်လည်း လတ်တလော စပါးရိတ်သိမ်းပြီးချိန်၌ အသစ်ထပ်မံ ဝင်ရောက်လာမည့်ဆန်များကြောင့် ရောင်းလိုအားပိုလျှံမှုရှိမည့် အရေးကို စိုးရိမ်မကင်းဖြစ်လျက်ရှိသော ပြည်တွင်းရှိ ဆန်စပါး စိုက်ပျိုးထုတ်လုပ်သူများက ကန့်ကွက်လျက်ရှိကြသည်။ ဘရာဇီးနိုင်ငံသည် သမားရိုးကျအားဖြင့် မာကိုဆာ သဘောတူညီချက် အဖွဲ့ဝင်နိုင်ငံများကိုသာ အခွန်ကင်းလွတ်ခွင့်ဖြင့် ဆန်တင်သွင်းခွင့်ပြုထားပြီး ပါရာဂွေးနှင့် ဥရုဂွေးနိုင်ငံများထံမှ အဓိကတင်သွင်းခြင်းဖြစ်သည်။ အာဂျင်တီးနားနိုင်ငံထံမှ ဆန်ဝယ်ယူတင်သွင်းမှုမှာ အနည်းငယ်မျှသာရှိသည်။ လက်ရှိ ချမှတ်ထားသည့် မူဝါဒအရ မာကိုဆာ အဖွဲ့ဝင်မဟုတ်သော နိုင်ငံများသည်လည်း အကောက်ခွန် ကင်းလွတ်လျက် ဆန်တင်သွင်းနိုင်ခွင့်ရှိသည်။ ၂၀၂၀ ပြည့်နှစ် အလားတူ ခွင့်ပြုခဲ့ချိန်တွင် အမေရိကန်နိုင်ငံထံမှ ဆန်တန်ချိန် ၈၂၀၀၀ ကျော် တင်သွင်းခဲ့မှုက သွင်းကုန်ပမာဏ မြင့်တက်မှုကို ဖြစ်ပေါ်စေခဲ့သည်။

ဘရာဇီး၏ သွင်းကုန်မူဝါဒ ပြောင်းလဲဖော်ဆောင်မှုသည် နိုင်ငံ၏ ဆန်တင်ပို့မှုအပေါ်တွင်လည်း သက်ရောက်နိုင်ဖွယ်ရှိသည်။ ၂၀၂၂ ခုနှစ်တွင် ဘရာဇီးနိုင်ငံသည် လက်တင်အမေရိကဒေသသို့ ဆန်တင်ပို့လျက် ဈေးကွက်ရယူနိုင်သည့်အပြင် အိန္ဒိယ၏ ဆန်တင်ပို့မှု ပိတ်ပင်ချိန်၌ အာဖရိကဈေးကွက်သို့လည်း တိုးချဲ့တင်ပို့နိုင်ခဲ့သည်။ သို့သော် ၂၀၂၃-၂၀၂၄ သီးနှံရာသီတွင် ဆန်စပါး လုပ်ငန်းနယ်ပယ်၌ ထိခိုက်မှုများက ဘရာဇီး၏ ဆန်ပို့ကုန်ဈေးနှုန်းများကို မြင့်တက်မှုဖြစ်ပေါ်စေပြီး ၎င်း၏ ဝယ်လက်နိုင်ငံများသည် ဈေးနှုန်းအရ ပိုမိုယှဉ်ပြိုင်နိုင်စွမ်းရှိသော အမေရိကန်နိုင်ငံသို့ ပြောင်းလဲဝယ်ယူဖွယ်ရှိနေကြောင်း သိရသည်။

**Source: Miller Magazine, 14 Jun 2024**

**UNAL, DOCA**

# မေလအတွင်း အိန္ဒိယပို့ကုန်ဈေးကွက် တိုးမြင့်လာ

ယခုနှစ် အစောပိုင်းမှစ၍ မေလအထိ အိန္ဒိယ ပို့ကုန်ဈေးကွက်အဆိုအရ အိန္ဒိယ ပို့ကုန်ဈေးကွက် ၉ ဒသမ ၁ ရာခိုင်နှုန်းထိ တိုးတက်မှုရှိပြီး ပို့ကုန်များအနေဖြင့် ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ ဖုန်းနှင့် ဖုန်းအပိုပစ္စည်းများ ဖြစ်ကြောင်း အိန္ဒိယအစိုးရ၏ သတင်းအချက်အလက် ဒေတာများအရ သိရှိရသည်။

မေလအတွင်းတွင်ပင် သွင်းကုန်အနေဖြင့်လည်း ၇ ဒသမ၇ ရာခိုင်နှုန်း တိုးမြင့်လာပြီး ၆၁ ဒသမ ၉၁ ဘီလီယံ ကျပ်ခန့် သွင်းကုန်များ တင်သွင်းခဲ့ကြောင်း ကုန်သွယ်ရေးလိုငွေအနေဖြင့် ၂၃ ဒသမ ၇၈ ဘီလီယံရှိခဲ့ပြီး အိန္ဒိယ စီးပွားရေးပညာရှင်များက ၁၉ ဒသမ၅ဘီလီယံထိ ကုန်သွယ်ရေးလိုငွေပြမှု တိုးမြင့်နိုင်ကြောင်း REUTERS ၏ စစ်တမ်းအရ သိရှိရသည်။

ယခင်ဘဏ္ဍာရေးနှစ်တွင် ၃ ဒသမ ၁ ရာခိုင်နှုန်းမှ ၄၃၇ ဘီလီယံသို့ ကျဆင်းသွားသည့် ကုန်ပစ္စည်းတင်ပို့မှုသည် ကမ္ဘာ့ကုန်သွယ်မှုတွင် ခန့်မှန်းထားသော ပြန်လည်ဦးမော့လာမှု၊ ကုန်ထုတ်လုပ်မှုနှင့် ပြည်တွင်းငွေကြေး ဖောင်းပွမှုအတွက် အစိုးရ၏ မက်လုံးများဖြင့် အထောက်အကူဖြစ်နိုင်သည်ဟု လေ့လာသုံးသပ်သူများက ဆိုသည်။

ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ငွေကြေးဖောင်းပွမှု လျော့ပါးသွားကာ ပိုမိုကောင်းမွန်သော ဝယ်လိုအားနှင့် အိန္ဒိယမှသွင်းကုန်များ မြင့်တက်လာနိုင်သည်ဟု ကုန်သွယ်ရေးအတွင်းဝန် Sunil Bharthwal က ကိန်းဂဏန်းများကို ထုတ်ပြန်စဉ်တွင် ပြောကြားခဲ့သည်။

မေလတွင် ဝန်ဆောင်မှုများ တင်ပို့မှုမှာ ခန့်မှန်းခြေ ဒေါ်လာ ၃၀ ဒသမ ၁၆ ဘီလီယံရှိပြီး သွင်းကုန်မှာ ကန်ဒေါ်လာ ၁၇ ဒသမ ၂၈ ဘီလီယံ၊ ဧပြီလတွင် ကန်ဒေါ်လာ ၃၀ ဒသမ ၃၃ ဘီလီယံနှင့် ဒေါ်လာ ၁၆ ဒသမ ၆၃ ဘီလီယံ အသီးသီးရှိသည်။

အာရှ၏တတိယအကြီးဆုံးစီးပွားရေးသည် ဇန်နဝါရီမှ မတ်လသုံးလပတ်တွင် မျှော်လင့်ထားသည်ထက် ၇ဒသမ၈ရာခိုင်နှုန်း အရှိန်အဟုန်ဖြင့် တိုးတက်ခဲ့ပြီး ကုန်ထုတ်လုပ်မှုကဏ္ဍတွင် အားကောင်းသည့်စွမ်းဆောင်ရည်ဖြင့် ကူညီပေးခဲ့သည်။ ဘောဂဗေဒပညာရှင်များက ယခုနှစ်တွင် အရှိန်အဟုန်ဖြင့် ဆက်လက်တည်ရှိမည်ဟု မျှော်လင့်ထားကြောင်း သိရသည်။

**SOURCES-NEW DELHI (Reuters)**

**အေးငြိမ်းစံ**

**MDYDOCA**

# ထိုင်းနိုင်ငံတွင် လျှပ်စစ်ကားထုတ်လုပ်မှုများကို တရုတ် တိုးမြှင့်သွားမည်

ယခုနှစ်တွင် တရုတ်နိုင်ငံမှ လျှပ်စစ်ကား ထုတ်လုပ်သူများသည် ထိုင်းနိုင်ငံ၌ ၎င်းတို့၏ထုတ်လုပ်မှုများကို တိုးမြှင့်သွားမည်ဟုသိရသည်။ ထိုင်းနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့၏ပြောကြားချက်အရ တရုတ်နိုင်ငံမှ ကားထုတ်လုပ်သူများသည် ယခုနှစ် တတိယသုံးလပတ်တာ ကာလမှစတင်၍ ထိုင်းနိုင်ငံ၌ ထုတ်လုပ်မှုများကို စတင်သွားမည်ဖြစ်ပြီး ထိုင်းနိုင်ငံက လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

BYD နှင့် GAC Aion တို့သည် ယခုနှစ်၏ တတိယ သုံးလပတ်နှင့် စတုတ္ထသုံးလပတ်တို့တွင် လျှပ်စစ်ကား ထုတ်လုပ်သွားမည်ဖြစ်ပြီး Changan မှာ ၂၀၂၅ အစောပိုင်းကာလတွင် ပြည်တွင်း၌ ထုတ်လုပ်တပ်ဆင်မှုများစတင်သွားမည်ဟု ထိုင်းနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့၏ အတွင်းရေးမှူးချုပ် Narit Therdsteerasukdi က ပြောကြားခဲ့သည်။ BYD သည် နှစ်စဉ်လျှပ်စစ်ကား အစီးရေ ၁၅၀၀၀၀ ထုတ်လုပ်ရန် စီစဉ်ထားပြီး GAC Aion မှာ နှစ်ဝက်တာ ကာလတွင် လျှပ်စစ်ကား အစီးရေ ၅၀၀၀၀ ထုတ်လုပ်ရန် ရည်ရွယ်ထားကြောင်း သတင်းမီဒီယာများ၏အဆိုအရသိရသည်။ Changan မှာ တစ်နှစ်လျှင် လျှပ်စစ်ကားအစီးရေ ၁၀၀၀၀၀ ထုတ်လုပ်မည်ဟု ကြေညာထားပြီး ဘက်ထရီစွမ်းအင်သုံးယာဉ် အစီးရေ ၃၀၀၀၀ မှ ၅၀၀၀၀ ကိုစတင်ထုတ်လုပ်သွားမည်ဟု သိရသည်။ Great Wall Motor(GWM) Neta၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံ ဖက်စပ်ထုတ်လုပ်သည့် SAIC Motor-CP တို့သည် ၎င်းတို့၏ လျှပ်စစ်ကားများကို ထိုင်းနိုင်ငံရှိစက်ရုံများတွင် စတင်ထုတ်လုပ်နေပြီဟု Mr-Narit က ပြောကြားခဲ့သည်။

ဆက်လက်၍ Mr Narit က ပြည်တွင်းဈေးကွက်ရှိ လျှပ်စစ်ကားများအတွက် အစိတ်အပိုင်းများ ထောက်ပံ့မှု ကွင်းဆက် ဖွံ့ဖြိုးတိုးတက်လာသည့်အတွက် လျှပ်စစ်ကားထုတ်လုပ်မှုများ မြင့်တက်လာရန်မျှော်လင့်ကြောင်း၊ ထို့အတွက် ထိုင်းနိုင်ငံသည် ဒေသတွင်း၌




လျှပ်စစ်ကားထုတ်လုပ်သည့် အချက်အချာ ဒေသဖြစ်လာမည်ဖြစ်ကြောင်း၊ လွန်ခဲ့သည့်သုံးနှစ်အတွင်း ဘုတ်အဖွဲ့သည် လျှပ်စစ်ကား နယ်ပယ်အတွက် ဘတ် ၈၀ ဘီလီယံတန်ဖိုး ပမာဏရှိသည့် ရင်းနှီးမြှုပ်နှံမှုများကို ပံ့ပိုးပေးခဲ့ကာ လျှပ်စစ်ကား အစီးရေ ၄၀၀၀၀၀ ထုတ်လုပ်နိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။ အဆိုပါ ပြောကြားမှုကို ၂၀၂၄ ခုနှစ် မေ ၁၅ ရက်မှ မေ ၁၇ ရက်က ကျင်းပပြုလုပ်ခဲ့သော တရုတ်နိုင်ငံမှ အဓိက လျှပ်စစ်ကား ထုတ်လုပ်သူများ တက်ရောက်သည့် လျှပ်စစ်ကား ထောက်ပံ့မှု ကွင်းဆက်ကဏ္ဍ ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့ စာတမ်းဖတ်ပွဲတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။


ရင်းနှီးမြှုပ်နှံမှု ဘုတ်အဖွဲ့သည် ဘက်ထရီ ထုတ်လုပ်ခြင်းနှင့် လျှပ်စစ်ကား အားသွင်းရုံများ တည်ဆောက်ခြင်းတို့တွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခဲ့ပြီး ထိုင်းနိုင်ငံ လျှပ်စစ်ကားလောက တိုးတက်ရန် မြှင့်တင်မှုများ ပြုလုပ်ခဲ့သည်။ ဘုတ်အဖွဲ့ အဆိုအရ တရုတ်လျှပ်စစ်ကား ထုတ်လုပ်သူများသည် လျှပ်စစ်ကားအတွက် လိုအပ်သည့် အစိတ်အပိုင်းများကို ထိုင်းနိုင်ငံထံမှ ဝယ်ယူရန် ဆုံးဖြတ်ထားပြီး ထိုင်းနိုင်ငံကလည်း လျှပ်စစ်ကား အစိတ်အပိုင်း စုစုပေါင်း၏ ၉၀ ရာခိုင်နှုန်းကျော်ကို ဖြည့်ဆည်းပေးနိုင်ကြောင်း သိရသည်။


**Source; Bangkok Post**

**မြသူ (DOCA-YGN)**


Aye Nyein Thar Co., Ltd
Speedy Move To Future With Us
Fuel Station
Aye Nyein Thar Company Limited
No.51(C), University Avenue Road, Shwe Taung Kyar (1)ward, Bahan Township, Yangon.
Tel: +95-9-5108291, +95-9-765485405, +95-9-750228889 Web : www.ayenyeinthar.com , E-Mail : admin.hr@ayenyeinthar.com
Htet Ekari Fuel Station
1. No(2) Main Road, Shan Tae Gyi Upper Village, Hlegu Township. Tel: +95-9-762100989
2. Yangon-Mandalay Highway Road, Taung Gyi Kwe Village, Intagaw City. Tel: +95-9-782067900
3. Lower Mingalardon Road, Tar Sone, Shwe Pyi Thar Township.
Tharaphu Fuel Station
1. Danyin Gone Railway Road, Insein Township. Tel: +95-9-457195400
2. Yangon-Mandalay Highway Road, Oktwin Township, Taungoo. Tel: +95-54-25316


MMM
Car Sales Center
Email:mmmcarsalecenter@gmail.com
www.facebook.com/MMM car sales centre
VANGUARD
min min maung Services Co.,Ltd
MMM Car Sale Center
Ph:09 7979 85859, 09 863 8585


GL
GREAT LINE CO.,LTD.
EXPORTER & IMPORTER
Mr.Mahender
(Managing Director)
Add : No.115, 46 Street, 4th Floor, Botataung Township, Yangon, Myanmar.
Ph : 09 421019905, 09 254127211
Email : kmahendar83@gmail.com


WHY TO CHOOSE US?
Premium Quality Products
Reasonable Price
On Time Delivery
CITY WINNER CO.,LTD
Export, Import & Manufacture of Agro Products
EXPORT
IMPORT
Export Items
Tamarind, Dried Sweet Plum, Fresh Ginger, Dried Ginger, Ginger Powder, Dried Gooseberry, Round Soup Nuts (Reetha), Long Soup Nuts (Shikakai), Rice, Turmeric (Hinthada Quality, Kyaukse Quality, Hopong Quality, Shan Quality, Pinlaung Quality), Garlic, Onion, Betel Nuts, Coriander Seeds, Broomstick, Velvet Beans, Black Cumin Seeds, Niger Seeds, Lajwanti Seeds, Yellow Corn, All kinds of Beans, All kinds of Agro Products, Frozen Fish & Dried Fish, etc..
Import Items
Black Pepper, Raisin, Ajwain Seeds, Black/Red Salt, Licorice Roots, Aluminium Pitcher, etc..
Manufacture Items
Anchovy Balachong, Shrimp Balachong, Fried Anchovy, Dried Shol Fish, Fried Shallots, Fried Garlic, Roasted Soya Chunks, Salted Soya Beans, Chilli Powder, Turmeric Powder, Roasted Vermicelli, Dry Marian, Pickled Bamboo Shoots(White), Bamboo Shoots (Yellow), Mango Pickle, Mayanthi Pickle, Pickled Broken Bones Fruit, Pickled Crataeva Netural Leaf, Pickled Splinter Caparid, Pickled Young Tamarind Leaves, Red/White Lime Stone, Palm Sugar, etc..
A Member of
CITY FOOD
Rakhine Traditional Food, Indian Food, Chinese Food, Thai Food
Pick Up, Takeaway, Delivery 09 974 1111 01
ENJOY HEALTHY LIFE WITH CITY WINNER
For more information:
www.city-winner.com
Come to visit us!
No.(186-188), 7th Floor(A), Pansodan Road (middle block), Kyauktada Township,Yangon, Myanmar.
+959 440645757, +959 979444111, +959 49641370
info@city-winner.com



OHIO Myanmar International Company Limited

"ဂျပန်ပညာရေးလောကမှာ ၁၀ စုနှစ် ၂ခုနီးပါး ရပ်တည်လာခဲ့ပြီး ထူးချွန်သူ လူငယ်များစွာ မွေးထုတ်ခဲ့တာ OHIO ပါ"

- ဂျပန်မှာ တက္ကသိုလ်၊ ကောလိပ်တွေ တက်မလား၊ စကောလားရှစ်တွေလျှောက်မလား ?
- ရိုးရိုး Language School ပဲ လျှောက်မလား?
- ဂျပန်နိုင်ငံတစ်ဝှမ်းရှိ ကျောင်းအသီးသီးကို ပို့ဆောင်ပေးနေတဲ့ ကျောင်း Agent အဖြစ်ကော၊ ပြည်တွင်း၊ ပြည်ပ အလုပ်ကိုင်ရှာဖွေရေး Agency အဖြစ်ကော ရပ်တည်လာခဲ့တာ ကြာပြီမို့ ယုံကြည်စွာ အပ်နှံနိုင်ပါတယ်။

လိပ်စာ - အမှတ်(၇၄)၊ ပထမထပ်၊ သံတံတားလမ်း၊ စမ်းချောင်း
ဖုန်း - 09 253054178, 09 781886055



DISCOVER THE FUTURE OF KONJAC

Add : No.2905, Industrial Zone Road, 63 Ward, Industrial Zone(2), South Dagon Township Yangon Regian.
Ph : +959 881 888 445
Mail : ei.phyo@southernville.com.mm

TUN MYAT THU International Co.,Ltd

Bean, Pulses, Yellow Maize, Palm Oil
Export & Import



Add : No.139, 1st Floor, Anawrahta Road, Lanmadaw Township, Yangon.
Ph : 09 5110681, 01 2300880, 01 2300890
Fax : 01-2300770
Ware House : 09 752830330
Email : tunmyatthu1961@gmail.com

SEIN MYINT MOH
STEEL TRADING
U THEIN LWIN FAMILY

Address : No(517),Mandalay Street, Industrial Zone (1), South Dagon Township, Yangon.
Phone : 09772120108, 09772120109, 09777003172 095125565, 095008406, 095502775.
Email : myolwin@aonesupersteels.com.mm

# IPO အခြေခံ သဘောတရားများ




လွဲမှားနေသည့် အယူအဆတစ်ခုမှာ IPO သည် ချမ်းသာမှုအတွက် လုံးဝအာမခံသည်ဆိုသည့် အချက်ဖြစ်သည်။ IPO များမှတစ်ဆင့် အလွန့်အလွန်ချမ်းသာကြွယ်ဝသွားသည့် Google၊ Starbucks၊ Alibaba စသည့် ကုမ္ပဏီများရှိသော်လည်း IPO မှာ အခြားသောရင်းနှီးမြှုပ်နှံမှုများကဲ့သို့ပင် ဆုံးရှုံးနိုင်ခြေ (Risk) ရှိစမြဲဖြစ်သည်။ IPO နည်းဗျူဟာကို စဉ်းစားခြင်းမပြုမီ ရင်းနှီးမြှုပ်နှံသူတို့အနေဖြင့် IPO ဆိုသည်မှာ ဘာလဲ၊ ဘယ်လို အလုပ်လုပ်လဲဆိုသည်ကို နားလည်အောင် လေ့လာဖို့အရေးကြီးပါသည်။

ဤဆောင်းပါးကို ဖတ်ရှုသူတိုင်းသည် IPO ဆိုသည်မှာ အများပြည်သူသို့ ရှယ်ယာများ ကနဦး ကမ်းလှမ်းရောင်းချခြင်း (Initial Public Offering) ဆိုသည်ကို သိရှိကြပြီးဖြစ်ပါမည်။ ဤသည်မှာ ကုမ္ပဏီတစ်ခု အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီ (Private Company) မှ အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီ (Public Company) အဆင့်သို့ မြှင့်တင်လိုက်ကာ ကိုယ်ပိုင်အမှတ်တံဆိပ်တစ်ခုဖြင့် လုပ်ငန်းများဆောင်ရွက်ခြင်းကိုဆိုလိုသည်။ သို့ရာတွင် သာမန်ရင်းနှီးမြှုပ်နှံသူများ မသိရှိနိုင်သည့် ပိုမိုဆန်းပြားသည့် နည်းစနစ်များရှိနိုင်သည်။ ဥပမာ- IPO effective ဖြစ်သည်ဆိုသည်မှာ ဘာကိုဆိုလိုသလဲ၊ Registration Statement ဆိုသည်မှာဘာလဲ၊ Red herring ဆိုတာ ဘာကိုပြောတာလဲ၊Underwriter က ဘာတွေဆောင်ရွက်ပေးသလဲ၊ဤနည်းစနစ်များကို အလျဉ်းသင့်သလို တင်ပြသွားပါမည်။ ထို့အတူ IPO သွားရန် လှုံ့ဆော်မှုများ၊ ချွတ်ယွင်းအားနည်းချက်များကိုလည်း တင်ပြသွားမည်ဖြစ်ပသည်။

### ကုမ္ပဏီများအဘယ်ကြောင့် အများပိုင်အဖြစ် ပြောင်းလဲကြသနည်း

အဆိုပါမေးခွန်းအတွက် အဖြေတစ်ခုမက ရှိနိုင်ပါသည်။ အများပိုင်ပြောင်းလဲခြင်းသည် ကုမ္ပဏီ၏ လက္ခဏာကို လုံးဝပြောင်းလဲစေသည့် အဓိကဆုံးဖြတ်ချက်တစ်ခု ချမှတ်ခြင်းဖြစ်ပြီး ကုမ္ပဏီအုပ်ချုပ်ရေး အဖွဲ့အတွက်လည်း အိပ်မပျော်သည့် ညပေါင်းများစွာကို ဖြတ်သန်းရသည့်အချိန်ဖြစ်ပါသည်။ နောက်ထပ်ဘာတွေ ရှိပါသေးလဲ၊ IPO ခရီးစဉ်မှာ လွန်စွာစရိတ်ကြီးပါသည်။ ကုမ္ပဏီအနေနှင့် ရှေ့နေများ၊ စာရင်းကိုင်များကို ငှားရမ်းရခြင်း၊ ပုံနှိပ်သူများနှင့် အခြားသော ဘဏ္ဍာရေးအကြံပေး စသည်များကိုပါ ငှားရမ်းရပါသည်။ ပထမဦးစွာ အဘယ့်ကြောင့် ကုမ္ပဏီများ အများပိုင်ဘဝသို့ ပြောင်းဖို့ဆုံးဖြတ်သည်ကို လေ့လာကြည့်ရအောင်။

### ဂုဏ်ဒြပ်မြင့်မားစေခြင်း

IPO သည် ကုမ္ပဏီတစ်ခုအတွက် အဓိက အောင်မြင်မှုတစ်ရပ်ဖြစ်သည်။ ယင်းကုမ္ပဏီ၏ ခြေလှမ်းကို စတော့ဈေးကွက်ပလေယာများအားလုံးက မျက်စိဒေါက်ထောက် ကြည့်ရှုနေကြသည်။ သုတေသီများကလည်း ချက်ချင်းဆိုသလို အဆိုပါကုမ္ပဏီကို ဆန်းစစ်သုတေသနပြုမှုများဆောင်ရွက်ကြပြီး မီဒီယာများကလည်း အာရုံစိုက်လာကြသည်။ ထို့အတူ ယင်းကုမ္ပဏီတွင် လုပ်ကိုင်လိုသည့် ဝန်ထမ်းများ များပြားစွာချဉ်းကပ်လာကြသည်။

### ထွန်းသက်ထွန်း

အဘယ်ကြောင့်ဆိုသော် အများပိုင်ကုမ္ပဏီသည် သာမန်ကုမ္ပဏီတစ်ခုထက် ပိုမိုခိုင်မာသည်ဟု မှတ်ယူထားကြခြင်းကြောင့် ဖြစ်သည်။ စင်စစ် အများပိုင်ကုမ္ပဏီတစ်ခုသည် ပြင်းထန်သည့်စစ်ဆေးမှုများ၊ စည်းကမ်းထိန်းကျောင်းမှုများကို ခံကြရသလို မိမိကုမ္ပဏီ၏ စာရင်းဇယားအချက်အလက်များ အားလုံးကိုလည်း ပုံမှန်ထုတ်ပြန် တင်ပြကြရသည်။ ယင်းက ရင်းနှီးမြှုပ်နှံသူများ၊ ဖောက်သည်များ၊ ကုန်ပေးသွင်းသူများအတွက် ယုံကြည်မှုကို ဖြစ်ပေါ်စေသည်။ အထူးသဖြင့် ကြီးမားသည့် ဖောက်သည်များကို အခြေပြုသည့် ကုမ္ပဏီအတွက် ယှဉ်ပြိုင်မှုစွမ်းရည် ပိုမိုမြင့်တက်စေပါသည်။ သာမန် Private ကုမ္ပဏီများအနေနှင့်မူ အများပိုင်ကုမ္ပဏီကြီးများနှင့် စာချုပ်ချုပ်ဆို အလုပ်လုပ်ကိုင်ရန် မလွယ်ကူပါ။

### ချမ်းသာစေခြင်း

IPO ကို စင်တင်ခြင်းသည် ကုမ္ပဏီတည်ထောင်သူများအတွက် ချမ်းသာစေသည့် အကောင်းဆုံး နည်းလမ်းတစ်ခုဖြစ်သည်။ ဥပမာ - ဆီလီကွန်ဗယ်လီရှိ အင်တာနက်ကုမ္ပဏီတစ်ခုကို တည်ထောင်ခဲ့သူ Mark Pincus သည် Twitter၊ Facebook အစရှိသည့်ကုမ္ပဏီတို့၏ ကနဦး တည်ထောင်သူ ရှယ်ယာရှင်တစ်ဦးဖြစ်ခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် Mark သည် အော်န်လိုင်းဂိမ်းကုမ္ပဏီတစ်ခုတည်ထောင်ရန် စိတ်ကူးစိတ်သန်း ပေါ်ပေါက်ခဲ့သည်။ ထိုအချိန်က ၎င်းသည် အခြားသော ဂိမ်းသမားများ၏ အနိုင်ယူခြင်းကိုခံခဲ့ရပြီး ယင်းတို့ကို ပြန်လည်အနိုင်ယူရန် Extra Help ရယူပြီး ယင်းအတွက် အပိုဆောင်းငွေများပေးလိုသည့် ဆန္ဒများပေါ်ပေါက်ခဲ့သည်။ အခြားသူများလည်း ဤသို့ ခံစားရမည်ဟု Mark က ထင်ခဲ့သည်။ သို့အတွက် Mark သည် Zynga ကို တည်ထောင်ခဲ့ပြီး Firm Ville၊ City Ville နှင့် Zynga Porker စသည့် ကစားနည်းများကို ဖန်တီးခဲ့ရာ အောင်မြင်မှုရရှိခဲ့သည်။ Mark သည် ယင်း၏ပရောဒတ်များကို လျင်မြန်သော အဟုန်ဖြင့် အောင်မြင်နေသည့် Facebook ပလက်ဖောင်းကို အသုံးချ၍ တိုးတက်အောင် လုပ်ဆောင်သွားရန်လည်း မမေ့လျော့ခဲ့ပါ။

၂၀၁၁ ခုနှစ်တွင် ကုမ္ပဏီသည် ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံ ဝင်ငွေရရှိခဲ့ပြီး ၁၇၅ နိုင်ငံမှ အသုံးပြုသူစုစုပေါင်းမှာ လစဉ်ပျမ်းမျှ သန်း ၂၄၀ ရှိခဲ့သည်။ ယင်းနှစ် ဒီဇင်ဘာလတွင် Zynga ကို အများပိုင်ကုမ္ပဏီအဖြစ် ပြောင်းလဲခဲ့ပြီး တစ်ဘီလီယံဒေါ်လာတန်ဖိုးရှိ ရှယ်ယာများကိုရောင်းချခဲ့သည်။ ယင်းမတိုင်ခင် ကဥပင် သူသည် ဒေါ်လာ ၁၀၉ သန်းဖိုး ရှယ်ယာများ ထုတ်ရောင်းခဲ့သေးသည်။ ဤသို့ ဆောင်ရွက်မှုကြောင့် ကုမ္ပဏီသည်ကြီးမားသည့်လုပ်ငန်းတစ်ခုအဖြစ် ရောက်ရှိလာခဲ့ပြီး ရှယ်ယာရောင်းဝယ်ဖောက်ကားသည့် ပလက်ဖောင်းအသစ် “SharesPost” ပေါ်ပေါက်လာမှုနှင့်အတူ အောင်မြင်မှုရရှိခဲ့သည်။ သို့သော်လည်း တည်ထောင်သူတစ်ဦးတည်း ချမ်းသာသွားခြင်း မဟုတ်ပါ။ ကုမ္ပဏီဝန်ထမ်းများပါ ချမ်းသာသွားခြင်းဖြစ်သည်။ Facebook ၏ အများပြည်သူသို့ ရှယ်ယာရောင်းချမှု (IPO) တွင် သန်းကြွယ်သူဌေး အယောက် ၁၀၀၀ ကျော် ပေါ်ပေါက်ခဲ့သည်။

### ငွေသားဖြည့်တင်းမှု

အစဉ်အလာအရ IPO ပြုလုပ်ခြင်းမှ ငွေကြေးအမြောက်အမြား ရရှိစေနိုင်သည်။ အဆိုပါငွေကြေးသည် ရှယ်ယာထည့်ဝင်သူများသို့ ပြန်လည်ပေးအပ်ရန်မလိုတော့ပါ။ ယင်းငွေကြေးဖြင့် လုပ်ငန်းအသစ်များ တည်ထောင်ခြင်း၊ သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် လုပ်ငန်းသစ်များကို ဝယ်ယူခြင်းတို့ကို ဆောင်ရွက်နိုင်သည်။ သို့ရာတွင် အချို့သောကိစ္စရပ်များ၌ IPO ပြုလုပ်ခြင်းမှ ရရှိသည့်ငွေအားလုံး (သို့) အချို့မှာ ကုမ္ပဏီသို့ ရောက်ရှိမည်မဟုတ်ဘဲ ယင်းငွေမှာ လက်ရှိ ကုမ္ပဏီတည်ထောင်သူများနှင့် ရင်းနှီးမြှုပ်နှံသူတို့၏ ရှယ်ယာများကို ဝယ်ယူရာတွင် အသုံးပြုခြင်းဖြစ်သည်။

IPO ကိစ္စအတော်များများတွင် ကုမ္ပဏီတို့သည် ရင်းနှီးငွေ ဒေါ်လာ သန်း ၁၀၀ မှ ၂၀၀ အကြားတွင် မြှင့်တင်ကြသော်လည်း အချို့ကုမ္ပဏီများမှာ ဒေါ်လာဘီလီလံချီ၍ ရင်းနှီးငွေ ရှာဖွေကြသည်ကို အံ့သြဖွယ်တွေ့မြင်ရသည်။ သမိုင်းတွင် အကြီးမားဆုံး IPO ဆောင်ရွက်မှုများကို အောက်ပါဇယားတွင် မြင်တွေ့နိုင်ပါသည်။

| ကုမ္ပဏီအမည် | IPO ပြုလုပ်သည့်ရက် | ပမာဏ (billion $) |
|---|---|---|
| Visa | 18 Mar 2018 | $ 17.8 |
| ENEL SpA | 01 Nov 1999 | $ 16.4 |
| Facebook | 18 May 2012 | $ 16.0 |
| General Motor | 17 Nov 2010 | $ 15.7 |
| Deutsche Telekom | 17 Nov 1996 | $ 13.0 |
| AT&T Wireless Group | 26 Apr 2000 | $ 10.6 |
| Kraft Foods | 12 June 2001 | $ 8.6 |
| France Telecom | 17 Oct 1997 | $ 7.2 |
| Telstra | 17 Nov 1997 | $ 5.6 |
| Swisscom | 4 Oct 1998 | $ 5.5 |
| United Parcel Service | 9 Nov 1999 | $ 5.4 |

### ရင်းနှီးငွေစရိတ် သက်သာစေခြင်း

အများအားဖြင့် အများပြည်သူသို့ ရှယ်ယာများကမ်းလှမ်းသည့်ဈေးကွက်တွင် ရှယ်ယာကို သက်သာစွာနှင့် ဝယ်ယူနိုင်ရန် ရှယ်ယာတစ်စု၏ ဈေးနှုန်းကို ပမာဏသေးငယ်စွာသတ်မှတ်ပြီး အရေအတွက်များများ ထုတ်ရောင်းလေ့ရှိသည် (ဥပမာ- 1 share 5$ × 10 mil shares)။ သို့အတွက် မြောက်များလှစွာသော ရှယ်ယာရှင်များသည် ၎င်းတို့ ဝယ်ယူလိုသည့်ပမာဏကို လွယ်ကူစွာ ဝယ်ယူရင်းနှီးမြှုပ်နှံနိုင်ကာ ကုမ္ပဏီသည်လည်း လိုအပ်သည့် ရင်းနှီးငွေကို အလွယ်တကူ ရရှိနိုင်သည်။ အထူးသဖြင့် ရှယ်ယာဈေးများ ဆက်တိုက်မြင့်တက်နေသည့် Bull market ကာလတွင် ရင်းနှီးငွေစရိတ်သည် လွန်စွာနည်းပါးပါသည်။ Dot.com များစန်းပွင့်သည့် ၁၉၉၀ ကာလများကို ကြည့်ပါ။ ယင်းကာလများတွင် ကုမ္ပဏီတို့သည် ရင်းနှီးငွေ ဒေါ်လာ သန်း ရာပေါင်းများစွာကို မြှင့်တင်ခဲ့ကြပြီး ရှယ်ယာဈေးနှုန်း သက်သက်သာသာဖြင့် အရေအတွက်မြောက်များစွာကို ထုတ်ရောင်းခဲ့ကြသည်။

### ရင်းနှီးငွေကို လွယ်ကူစွာ ဖြည့်တင်းနိုင်ခြင်း

ကုမ္ပဏီတစ်ခု အများပိုင်ဖြစ်ပြီးသည့် နောက်တွင် ထပ်မံလိုအပ်သည့် ရင်းနှီးငွေများကို စတော့များ ထုတ်ရောင်း၍ လည်းကောင်း၊ ငွေချေးစာချုပ် (Bond)များ ထုတ်ရောင်း၍ လည်းကောင်း လွယ်ကူစွာဖြည့် တင်းနိုင်သည်။ ကုမ္ပဏီ၏ စတော့များ ဈေးကွက်ထဲတွင် အရောင်းအဝယ် သွက်လက်လေလေ ထပ်မံထုတ်မည့် ရှယ်ယာများ အခြေအနေကောင်းလေဖြစ်သည်။ ရင်းနှီးမြှုပ်နှံသူများအနေနှင့်လည်း အဆိုပါစတော့များ ဝယ်ယူရန်ဆုံးဖြတ်ချက် မြန်မြန်ချနိုင်မည်ဖြစ်သည်။ အချို့ကုမ္ပဏီများသည်လည်း လုပ်ငန်းအလားအလာညွှန်းတမ်း (Prospectus) တင်စရာမလိုပဲ ငွေချေးသက်သေခံလက်မှတ်ကြီးကြပ်ရေးကော်မရှင် (SEC) ၏ ခွင့်ပြုချက်ဖြင့် ထုတ်ဝေခွင့်ရှိသည့် ရှယ်ယာများကို ထုတ်ဝေရောင်းချကြသည်။ သို့အတွက် စတော့ဈေးနှုန်းများ မြင့်တက်နေသည့်အချိန်တွင် ကုမ္ပဏီသည် ရှယ်ယာများကို စရိတ်သက်သာစွာဖြင့် ထုတ်ဝေရောင်းချနိုင်ကြသည်။

**Ref: Investment Guidebook**



Suntac
Geomatic Services
Sale Products
Advance Technologies, Uncompromising
Construction Products
Sales & Services
Geo
Engineering Services
Geomatic Services
- Aerial Survey & Mapping
- Airbone Laser Scanning (ALS or Lidar)
- Satellite Image Sales & Services
- Remote Sensing & GIS
- Land Survey
Construction Products
- Admixture System
- Flooring System
- Grouting & Repair System
- Waterproofing System
- Underground System
- Injection System & Specialities
Geo - Engineering Services
- Soil Investigation & Laboratory Tests
- Soil Testing Instruments
- Mineral Exploration and Core Drilling
- Geophysical Investigation
- Geotechnical Instrumentation & Monitoring
- Plate Load Test
- Consultancy Services for Foundations
- Buildings Pits Earth Structure -Tunnels
- Drilling Machines & Services
- Core & Percussive Drill Tools
Suntac Sales Product
Advance Technologies, Uncompromising
Trimble
SPECTRA
Total Station
GNSS System
SX-10 Scanning
Waterproofing
Flooring
Underground
Karoppi Bridge Railway Project
Yangon-Mandalay Railway Project
SUNTAC TECHNOLOGIES
Room (5), Building (5) Myanmar ICT Park,
Universities' Hlaing Campus,
Hlaing Township, Yangon, Myanmar.
Tel : 09 510 6774 ,09 505 2194




AROY-D
၁၀၀% အုန်းနို့စစ်စစ် အာရှိုင်–ဒီ ဿာနံပါတ်(၁)
AROY-D
COCONUT MILK 100%
ORIGINAL
NET CONTENTS 33.8 fl oz (1,000 ml)
NET CONTENTS 16.9 fl oz (500 ml)
Distributed By
IMPACT
Hot Line : 09 400 600 880

# SUPER MYANMAR TRADING COMPANY LTD.

Add : No.2, Aye Yeit Mon 5th Street, Hlaing Township, Yangon, Myanmar.
Ph : 01 530037, 01 530295, 09 2042153, 09 5015457, 09 5002315



# COMMERCE INTERNATIONAL


## တရုတ်ခရီးသွားများအတွက် ဗီဇာကင်းလွတ်ခွင့်မူဝါဒကို လာအိုနိုင်ငံ ချမှတ်မည်




လာအိုနိုင်ငံ အစိုးရသည် ယခု ၂၀၂၄ ခုနှစ် ဒုတိယနှစ်ဝက်တွင် နိုင်ငံ့ခရီးသွားလုပ်ငန်းများ မြှင့်တင်ရန်အတွက် ရည်ရွယ်သည့်အနေဖြင့် တရုတ်ခရီးသွားများကို ဗီဇာကင်းလွတ်ခွင့် မူဝါဒ တစ်ရပ်ကိုချမှတ်ရန် စီစဉ်လျက်ရှိကြောင်း ဆင်ဟွာသတင်းတစ်ရပ်၏ ဇွန် ၂၈ ရက်က ရေးသားဖော်ပြထားချက်အရ သိရသည်။

လာအိုနိုင်ငံက စီစဉ်နေသည့် ဗီဇာကင်းလွတ်ခွင့် မူဝါဒသည် ခရီးသွား အေဂျင်စီများနှင့် အတူ လိုက်ပါလာသည့် တရုတ်ခရီးသွားများကို အဓိကထား ရည်ရွယ်ခြင်းဖြစ်သည်ဟု လာအိုနိုင်ငံမှ ပြန်ကြားရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Daranyက ပြောကြားခဲ့ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြထားသည်။

လာအိုနိုင်ငံ အစိုးရသည် နိုင်ငံတကာ ခရီးသွားဧည့်သည်များအား လာအိုနိုင်ငံအတွင်း နေထိုင်ခွင့်ကို ယခင်က ရက်ပေါင်း ၃၀ သတ်မှတ်ထားရာမှ ရက်ပေါင်း ၆၀ အထိ တိုးမြှင့်ပေးရန်လည်း စီစဉ်နေကြောင်း သိရသည်။ အဆိုပါကိစ္စကို လာအိုအစိုးရက အလျင်အမြန် အကောင်အထည်ဖော်သွားရန် ကြိုးပမ်းနေကြောင်းနှင့် နိုင်ငံခြားသားအတွက် ခရီးသွားလာရန် ကောင်းမွန်သည့် နေရာများကို တိုးချဲ့သွားရန်လည်း စီစဉ်နေကြောင်း သိရသည်။

ထို့အပြင် ပြည်ပ ခရီးသွားဧည့်သည်များအတွက် ခရီးသွားလာမှု ပိုမိုအဆင်ပြေ ချောမွေ့စေရန်အတွက် လာအိုအစိုးရက ဖြတ်သန်းသွားလာနိုင်သော နေရာများတွင် လမ်းနှင့် အခြေခံအဆောက်အအုံများကို အဆင့်မြှင့်တင်ကာ နိုင်ငံ၏ လူသိများ ထင်ရှားသော နေရာများသို့ အလွယ်တကူ ဝင်ရောက်နိုင်သည့်လမ်းများ ပိုမိုကောင်းမွန်လာစေရန် အဆင့်မြှင့်ဆောင်ရွက်မှုများ လုပ်ဆောင်နေကြောင်း သိရသည်။

ယခုအချိန်တွင် တရုတ်နိုင်ငံနှင့် လာအိုနိုင်ငံတို့ကို ဆက်သွယ်ထားသည့် မီးရထားလမ်းတစ်လျှောက် နိုင်ငံတကာ ခရီးသွားလုပ်ငန်းဆိုင်ရာ စံနှုန်းများနှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရန် ရထားဖြတ်သန်းရာ လမ်းကြောင်းတစ်လျှောက် လူသိများ ထင်ရှားသည့် နေရာများတွင် လမ်းညွှန်ဆိုင်းဘုတ်များ တပ်ဆင်ရန်နှင့် အခြေခံအဆောက်အအုံများ ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**Source; Xinhua**



## လျှပ်စစ်ကားများ ငါးမိနစ်အတွင်း အားအပြည့်နီးပါး သွင်းနိုင်မည့် ဘက်ထရီကို ဗြိတိန် စမ်းသပ်

လျှပ်စစ်ကား(EV)များကို အချိန် ငါးမိနစ်အတွင်း အားအပြည့်နီးပါးသွင်းနိုင်မည့် နည်းပညာသစ် ဘက်ထရီကို ဗြိတိန်က လက်တွေ့စမ်းသပ်နေပြီဖြစ်ကြောင်း Yahoo News သတင်းတစ်ရပ်က ဇွန် ၂၈ ရက်တွင် ရေးသားဖော်ပြထားသည်။

Nyobolt ကုမ္ပဏီသည် လျှပ်စစ်ကား (EV) ဘက်ထရီများနှင့်ပတ်သက်ပြီး သုတေသနပြုကာ ထုတ်လုပ်နေသည့် ကုမ္ပဏီတစ်ခုဖြစ်သည်။ Nyobolt ကုမ္ပဏီမှ လက်ရှိ စမ်းသပ်နေသည့် ဘက်ထရီ နည်းပညာသည် ဘက်ထရီအား ၁၀ ရာခိုင်နှုန်းသာ ကျန်နေတော့သည့် အခြေအနေမှ ကြာချိန် ၄ မိနစ်နှင့် ၃၇ စက္ကန့်အတွင်း၌ ၈၀ ရာခိုင်နှုန်းထိကို အားပြန်ဖြည့်နိုင်မည်ဖြစ်ကြောင်း သိရသည်။

လတ်တလောကာလတွင် အဆိုပါ နည်းပညာကို အထူးပုံစံထုတ်ကာ တည်ဆောက်ထားသည့် concept နမူနာ မော်ဒယ်ကားများဖြင့် စမ်းသပ်နေကြောင်း၊ ဘရန့်ဖို့ဒ်မြို့ရှိ ကားစမ်းသပ်မောင်းနှင်သည့် ကွင်းထဲ၌ Nyobolt ကုမ္ပဏီ၏ မြန်နှုန်းမြင့် အားသွင်းဘက်ထရီကို စမ်းသပ်နေကြောင်းနှင့် အဆိုပါစမ်းသပ်မှု၏ ရလဒ်များကလည်း တိုးတက်ကောင်းမွန်နေကြောင်း သိရသည်။

လျှပ်စစ်ကား(EV) များထဲတွင် နာမည်အကြီးဆုံးဖြစ်သည့် Telsa၏ လက်ရှိ အသုံးပြုနေသော supercharger နည်းပညာသည် ၈၀ ရာခိုင်နှုန်းခန့် အားပြန်ဖြည့်နိုင်ရန်အတွက် ကြာချိန် ၁၅ မိနစ်နှင့် မိနစ် ၂၀ နီးပါးရှိကြောင်း သိရသည်။ သို့သော် လက်ရှိစမ်းသပ်နေသည့် Nyobolt ၏ နည်းပညာမြင့် ဘက်ထရီမှာ သုည ရာခိုင်နှုန်းမှ ၁၀၀ ရာခိုင်နှုန်း အားအပြည့်သွင်းနိုင်ရန်မှာ ကြာချိန် ၆ မိနစ်ကျော်ခန့်သာ ရှိမည်ဖြစ်ကြောင်း သိရသည်။

**Source; Yahoo News**

## ကမ္ဘာ့ဈေးကွက်တွင် Nike ရှယ်ယာနှင့် ရောင်းအားများ ထိုးကျ

ကမ္ဘာကျော် နာမည်ကြီး အားကစားပစ္စည်းများ ထုတ်လုပ်သည့် Nike ၏ အစုရှယ်ယာများ သိသိသာသာ ကျဆင်းသွားခဲ့ကြောင်း ဘီဘီစီသတင်းတစ်ရပ်က ဇွန် ၂၈ ရက်တွင် ရေးသားဖော်ပြထားသည်။ လက်ရှိအချိန်တွင် ကမ္ဘာကျော် အားကစားကုမ္ပဏီ Nike အတွက် ပြိုင်ဆိုင်မှုပြင်းထန်နေသည့် အခြေအနေ အချိန်အခါသို့ ရောက်ရှိနေကြောင်းနှင့် Nike ၏ အဓိကပြိုင်ဘက်များမှာ On နှင့် Hoka ကဲ့သို့သော ပြိုင်ဘက်အသစ်များဖြစ်ကြောင်း သတင်းတွင် ဆက်လက် ဖော်ပြထားသည်။

ထို့ပြင် ဈေးကွက်အတွင်း ကြီးထွားလာသော ပြိုင်ဆိုင်မှုများနှင့် ရင်ဆိုင်နေရခြင်းကြောင့် သုံးလပတ်ဝင်ငွေတွင် အံ့အားသင့်ဖွယ် ၁၀ ရာခိုင်နှုန်းအထိပင် ကျဆင်းသွားကြောင်း Nike မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်ဟု သတင်းတွင် ဖော်ပြထားသည်။ Nike ရှယ်ယာများ သိသိသာသာ ကျဆင်းသွားချိန်နှင့် တစ်ပြိုင်တည်းတွင် ဇွန် ၂၈ ရက်က ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့မှုမှာ ဈေးကွက်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံအထိပင် ရှိနိုင်သည်ဟုဆိုသည်။

Nike က ထုတ်လုပ်သည့် အားကစားဝတ်စုံများသည်လည်း တရုတ်နိုင်ငံ အပါအဝင် နိုင်ငံတကာဈေးကွက်များတွင် ဝယ်လိုအားများ ကျဆင်းလာသည်ဟု ရင်းနှီးမြှုပ်နှံသူများက ပြောဆိုလာကြသည်။ သို့သော် ပါရီမြို့ရှိ အိုလံပစ်အားကစားပြိုင်ပွဲတွင် ထုတ်ကုန်အသစ်များနှင့် ဈေးကွက်ရှာဖွေရေး ကမ်ပိန်းတစ်ခုသည် ကုမ္ပဏီအား စားသုံးသူများနှင့် အရှိန်ပြန်ရစေရန် ကူညီပေးလိမ့်မည်ဟု Nike ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ John Donahoe က အကောင်းမြင်ထားသည်။ Nike သည် လက်ရှိအချိန်တွင် ဂျာမနီနိုင်ငံ၌ ကျင်းပနေသည့် ၂၀၂၄ ဥရောပဖလားဘောလုံးပြိုင်ပွဲတွင် ဂျာစီများကို ထိပ်တန်းစပွန်ဆာအဖြစ် ပေးဆောင်လျက်ရှိနေပြီး ယင်းမှာ Adidas နှင့် Puma ကဲ့သို့သော ထိပ်တန်းအမှတ်တံဆိပ်များကို ကျော်ဖြတ်နိုင်ခဲ့သည်။

**Source; BBC**



စိုင်းဗညား - စုစည်းသည်